



SAMPLE BOOK
mgyoe.com
mgyoe.com

mgyoe.com SAMPLE BOOK

ဖြိုးကျော်

# ကိုယ်ကိုစတေးချ

# THE DEVOTION OF SUSPECT X

KEIGO HIGASHINO

ISBN 978-99986-52-02-6
K0490
9 789998 652026 >

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**


ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်
တန်ဖိုး - ၁၂၀၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK

# ဖြိုးကျော်

# ကိုယ်ကို စတေး၍



mgyoe.com

mgyoe.com SAMPLE BOOK

အဓိက ဇာတ်ကောင်များ၏ အမည်များ

- တိုဂါရှိ ရှင်ဂျိ – အသတ်ခံရသူ

- ဟာနာအိုကာ ယာစုကို – တိုဂါရှိ၏ ဇနီးဟောင်း
- ဟာနာအိုကာ မိစာတို – ယာစုကို၏ သမီး

- အိရှိဂါမိ တေကျူယာ – ယာစုကို၏ အိမ်နီးနားချင်း၊ သင်္ချာဆရာ
- ယုကာဝါ မနာဘု – အိရှိဂါမိ၏ ငယ်သူငယ်ချင်း၊ ရူပဗေဒပါမောက္ခ

- ကုစာနာဂိ – မှုခင်းစစ်ရဲ၊ ယုကာဝါ၏ သူငယ်ချင်း
- ကိရှိတာနိ – ကုစာနာဂိ၏ လက်ထောက်

- ကူဒို ကုနိအာကိ – ယာစုကို၏ မိတ်ဆွေ
- စာယိုကို – ယာစုကို၏ အလုပ်ရှင်

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၁ )

နံနက် ၇ နာရီ ၃၅ မိနစ် အချိန်တွင် အိရှိဂါမိသည် ယခင်နေ့များကအတိုင်း နေအိမ်တိုက်ခန်းအတွင်းမှ ထွက်လာသည်။ မတ်လထဲသို့ ထိုးဖောက် ဝင်ရောက်လာပြီဆိုသော်ငြားလည်း လေမှာ အအေးဓာတ် မပြယ်ချင်သေး။ သူသည် မာဖလာကို မေးစေ့အထိရောက်အောင် ပတ်ထားသည်။ လမ်းမဆီသို့ မလျှောက်လှမ်းမီ သူသည် စက်ဘီးထားသော နေရာသို့ တစ်ချက် ဝေ့ကြည့်လိုက်သည်။ ထိုနေရာတွင် စက်ဘီးများစွာ ရပ်ထားကြသည်။ သို့သော် ထိုအထဲတွင် သူ အထူးတလည် စိတ်ဝင်စားသော အစိမ်းရောင် စက်ဘီးတော့ မပါ။

တောင်ဘက်သို့ မီတာ ၂၀ ခန့် လျှောက်လိုက်သည်နှင့် ကားလမ်းမကြီးကို မြင်နိုင်သည်။ ၎င်းမှာ ရှင်-အိုဟာရှိလမ်း ဖြစ်သည်။ ၎င်းလမ်းဆုံမှ အရှေ့ဘက်သို့ သွားလျှင် အီဒိုဂါဝါမြို့နယ်သို့ ရောက်ပြီး အနောက်ဘက်သို့ သွားလျှင် နီဟွန်ဘာရှိမြို့နယ်သို့ ရောက်သည်။ နီဟွန်ဘာရှိမြို့နယ် အတွင်းသို့ မဝင်ရောက်ခင် ဆုမိဒမြစ်ကို ဖြတ်ကျော်ရပြီး ထိုမြစ်ပေါ်တွင် ထိုးထားသော တံတားမှာ ရှင်-အိုဟာရှိတံတား ဖြစ်သည်။

အိရှိဂါမိ၏ အလုပ်သို့ သွားမည်ဆိုလျှင် တောင်စူးစူးသို့ သွားပါက အနီးဆုံး ဖြစ်သည်။ မီတာ ၄၀၀ ခန့် လမ်းလျှောက်လိုက်လျှင် ဆယ်ချိုဥယျာဉ်ပန်းခြံသို့ ရောက်မည်။ ထိုပန်းခြံ၏ မျက်နှာချင်းဆိုင်တွင် ဖွင့်လှစ်ထားသော

mgyoe.com

mgyoe.com


ပုဂ္ဂလိက အထက်တန်းကျောင်းတွင် အိရိုဂါမိက အလုပ်လုပ်နေသည်။ သူသည် သင်္ချာဘာသာရပ်ကို သင်ကြားသော ကျောင်းဆရာတစ်ယောက် ဖြစ်သည်။

မီးပွိုင့်မှ မီးနီကို လှမ်းမြင်လိုက်သည်နှင့် အိရိုဂါမိသည် ညာချိုး၍ ရှင်-အိုဟာရှိ တံတား ရှိရာဘက်သို့ လျှောက်လာခဲ့သည်။ လေသည် သူ၏ မျက်နှာပေါ်သို့တိုက်ခတ်လာပြီး အပေါ်ဝတ် ကုတ်အင်္ကျီမှာလည်း တဖျပ်ဖျပ် လှုပ်ခါနေသည်။ သူ့လက်များကို အိတ်ကပ်ထဲသို့ ထိုးထည့်ပြီး ခါးကို အနည်းငယ် ကိုင်းကာ ခပ်သွက်သွက် လှမ်းလာခဲ့သည်။

ထူထပ်သော တိမ်တောင်များက ကောင်းကင်ပြင်တွင် မင်းမူနေသော ကြောင့် ၎င်းတို့၏ ညိုမှောင်နေသော အရိပ်များက ဆုမိဒမြစ်ကို ယခင်ကထက် ပို၍ ညှို့မှိုင်းအောင် ဖန်တီးနေသည့်နှယ်။ လှေငယ်တစ်စင်းသည် မြစ်ကို ဆန်တက်ရန် ကြိုးစားနေသည်။ အိရိုဂါမိသည် တံတားပေါ်မှ ဖြတ်လျှောက်နေစဉ် တအိအိ ရွေ့လျားနေသော ထိုလှေငယ်ကို သတိထား ကြည့်နေမိသည်။

မြစ်ကို လွန်သောအခါ သူသည် လှေကားအတိုင်း တံတားအောက်သို့ ဆင်းပြီး မြစ်ရိုးအတိုင်း လမ်းလျှောက်သွားသည်။ မြစ်ကမ်းတစ်ဖက်ဆီတွင် ကွန်ကရစ် ခင်းထားသော လူသွားလမ်းများ ရှိသည်။ မိသားစုနှင့် စုံတွဲ အများစု သည် အရှေ့နားတွင် ရှိသော ကိယိုစုတံတားတွင် လမ်းလျှောက်တတ်ကြသည်။ ထို့ကြောင့် ရုံးပိတ်ရက် ဖြစ်နေပါစေ၊ ရှင်-အိုဟာရှိတံတား၌မူ လမ်းလျှောက်သူ အလွန်နည်းသည်။ အဓိက အကြောင်းအရင်းမှာ ၎င်းမြစ်ကမ်း တစ်လျှောက်သည် အိုးမဲ့အိမ်မဲ့တို့၏ နေထိုင်ရာအရပ် ဖြစ်သောကြောင့်တည်း။ ကမ်းနားလမ်း တစ်လျှောက်တွင် အပြာရောင် မိုးကာစများ ပတ်ကာထားသည့် တဲတန်းလျား များကိုသာ တွေ့ရသည်။ အထက်တွင်လည်း တံတားကြီးက မိုးပေးထားသော ကြောင့် သူတို့ကို မိုးဒဏ် လေဒဏ်တို့မှ ကာကွယ်ပေးထားသည့်နှယ်။

အိရိုဂါမိသည် အပြာရောင်တဲအိမ်များကို အမှုမထားဘဲ ဖြတ်လျှောက် လာခဲ့သည်။ ၎င်းတဲအိမ်များ၏ အမြင့်မှာ အလွန်ဆုံး ရှိလှ ပခုံးသာသာ မြင့်ကြ သည်။ တချို့ဆိုလျှင် ခါးလောက်ပင် မမြင့်ချင်။ တဲအိမ်ဟု ခေါ်မည့်အစား သေတ္တာ ဟု ခေါ်လျှင် ပိုပြီး သင့်လျော်ပေမည်။ သို့သော် အိပ်စက်ရန်အတွက်သာ အသုံးပြု မည်ဆိုလျှင် ထိုမျှဖြင့် လုံလောက်နိုင်သည်။ တဲအိမ်၊ သို့မဟုတ် သေတ္တာ၏ အနီး အနားတွင် အဝတ်များ လှန်းနိုင်သည့် နေရာလွတ် ရှိသည်။ ၎င်းနေရာသည် လူ အများ စုဝေးရာ ဘုံဆိုင်နေရာတစ်ခု ဖြစ်ကောင်း ဖြစ်ပေမည်။

mgyoe.com

အမျိုးသားတစ်ဦးသည် လမ်းဘေး သံလက်ရန်းပေါ်တွင် ခွထိုင်ပြီး သွားတိုက်နေသည်။ သူ၏ အသက်မှာ ၆၀ ကျော် ရှိပြီး ဖြူဖွေးသော ဆံပင်များကို စု၍ နောက်စေ့တွင် စည်းထားသည်။ ကြည့်ရသည်မှာ ယနေ့ အလုပ်လုပ်ရန် သူ့တွင် အစီအစဉ် ရှိပုံမရ။ အကယ်၍ ကျပန်းအလုပ် ဝင်လုပ်ရန် စိတ်ကူးရှိလျှင် ယခုအချိန်ထိ အီလေးဆွဲနေမည် မဟုတ်။ သူသည် အလုပ်အကိုင် ရှာဖွေရေးဌာန သို့လည်း သွားလိမ့်မည် မထင်။ အကယ်၍ သူနှင့် သင့်လျော်သော အလုပ်အကိုင် တစ်ခုခုကို တွေ့နိုင်သည်ပဲ ထားဦး။ ဆံပင်ရှည်နှင့် ဖရိုဖရဲ ဖြစ်နေသော သူ့အတွက် လူတွေ့ စစ်ဆေးသည့် အဆင့်သို့ ရောက်ရန်ပင် ခဲယဉ်းလှပေမည်။ သူ၏ အသက် အရွယ်ကြောင့် သူ့ကို အလုပ်ပေးလိုသော အလုပ်ရှင်မှာ မရှိသလောက်ပင် ရှား ပေလိမ့်မည်။

တခြားလူတစ်ယောက်သည် သူ၏ အိမ်ခန်းဆောင် သေတ္တာဘေးတွင် ရပ်လျက် ဘူးခွံအလွတ်များကို ခြေဖြင့်နင်းနေသည်။ အိရှိဂါမိသည် ထိုမြင်ကွင်း ကို အကြိမ်ပေါင်းများစွာ မြင်ဖူးပြီး ဖြစ်သည်။ သူသည် ထိုလူကို 'ကိုဘူးခွံ' ဟု နာမည်ပြောင် ပေးထားသည်။ 'ကိုဘူးခွံ' ၏ အသက်မှာ ၅၀ ပတ်ဝန်းကျင်သာ ရှိဦးမည်။ သူ့တွင် အိမ်သုံးပစ္စည်းများ အတော် စုံစုံလင်လင် ရှိပြီး ကိုယ်ပိုင်စက်ဘီး တစ်စီးပင် ရှိသေးသည်။ ဘူးခွံ၊ ပုလင်းခွံများကို လှည့်ပတ် သိမ်းဆည်းရသော ကြောင့် သူသည် အခြားသူများထက် ပိုမို တက်ကြွပြီး အလုပ်ကြိုးစားသည်ဟု အိရှိဂါမိက ယူဆသည်။ သူသည် ထိုအစုအဖွဲ့၏ အစွန်ဆုံးနေရာတွင် နေသည်။ 'ကိုဘူးခွံ' သည် ၎င်းတို့အဖွဲ့တွင် ရွာလူကြီး ဖြစ်ဟန်တူသည်။ ၎င်းတို့ လူစုတွင် အစောဆုံး ပြောင်းရွှေ့နေထိုင်သူလည်း ဖြစ်ပုံရသည်။ အိရှိဂါမိကတော့ ထိုသို့ ယူဆသည်။

အပြာရောင် မိုးကာတဲအိမ်များကို လွန်လာသည်။ ရှေ့ဆက် လျှောက် လာသောအခါ ခုံတန်းရှည်ပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကို အိရှိဂါမိ တွေ့ရသည်။ မူလက နို့နှစ်ရောင် ဖြစ်ပုံရသော အနွေးထည်သည် ယခုအခါ ကြေး အလိမ်းလိမ်း ကပ်ကာ မီးခိုးရောင် ဖြစ်နေချေပြီ။ အနွေးထည်၏ အောက်တွင် ဂျာကင်အင်္ကျီ ရှိပြီး ၎င်း၏အောက်တွင်မူ အဖြူရောင် ရှပ်အင်္ကျီတစ်ထည် ရှိသည်။ အိရှိဂါမိသည် သူ့ကို 'စက်ဆရာ' ဟု အမည်ပေးထားသည်။ လွန်ခဲ့သော ရက်အနည်း ငယ်က 'စက်ဆရာ' သည် မဏ္ဍင်းနစ်ဂျာနယ်တစ်စောင် ဖတ်နေသည်ကို သူ မြင်

mgyoe.com

ခဲ့သည်။ 'စက်ဆရာ' သည် ဆံပင်ကို ခပ်တိုတို ညှပ်ထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကိုလည်း ရိတ်ထားသည်။ အလုပ်သစ် အကိုင်သစ် ရှာဖွေရန် ဆုံးဖြတ်ထားသည့် ပုံ။ ခဏနေလျှင် အလုပ်အကိုင် ရှာဖွေရေးဌာနသို့ သွားတော့မည်လား မဆိုနိုင်။ သို့သော် အလုပ်တစ်ခုကို သူ ရချင်မှ ရပေမည်။ အလုပ်တစ်ခု လျှောက်လိုလျှင် မိမိ၏ မာန်မာနကို အဆုံးစွန်ထိ နှိမ့်ချထားရန် လိုအပ်သည်။ အိရိုဂါမိသည် 'စက်ဆရာ' ကို လွန်ခဲ့သော ဆယ်ရက်က စတင် မြင်ဖူးခဲ့ခြင်း ဖြစ်သည်။ ထိုသူသည် ရေမျောကမ်းတင်နေသည့် လက်ရှိဘဝမျိုးနှင့် နေသားကျသေးပုံမရ။ အပြာရောင် မိုးကာစများနှင့် သူ့အကြားတွင် အလွှာတစ်ခု ခြားထားချင်ဟန်တူသည်။ သို့သော် မည်သို့ပြုလုပ်ရမည်ကိုလည်း သူ မသိ။ သို့ဖြင့် သူ တွေဝေ ငေးမှိုင်နေသည်။

အိရိုဂါမိသည် မြစ်ရိုးတစ်လျှောက် ဆက်လျှောက်လာခဲ့သည်။ ကိယိုစုတံတား အနီးတွင် အဘွားအိုတစ်ယောက်သည် ခွေးသုံးကောင်ကို ဆွဲ၍ လမ်းလျှောက်နေသည်။ အနီးသို့ ရောက်သောအခါ အဘွားအိုသည် အိရိုဂါမိကို သတိပြုမိသွားပြီး ပြုံးလျက် နှုတ်ဆက်သည်။ အိရိုဂါမိကလည်း ပြန်လည် ဦးညွှတ်လိုက်သည်။

"မင်္ဂလာ နံနက်ခင်းပါ"

အိရိုဂါမိက ဦးအောင် နှုတ်ခွန်းဆက်လိုက်သည်။

"မင်္ဂလာပါ၊ ရာသီဥတုက အတော် အေးတာပဲ"

"ဟုတ်တယ် ခင်ဗျ"

အဘွားအိုသည် ဘေးနားသို့ ရောက်လာသောအခါ "ဖြည်းဖြည်း... လမ်းမှာ ဂရုစိုက်ပါ" ဟု ပြောလာသောကြောင့် အိရိုဂါမိက ခေါင်းညိတ်ပြလိုက်သည်။

ကိယိုစုတံတားအခြေသို့ ရောက်သောအခါ သူသည် လှေကားမှတစ်ဆင့် တံတားပေါ်သို့ ပြန်တက်ခဲ့သည်။ ကျောင်းသို့ သွားလိုလျှင် ၎င်းနေရာမှ လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားရမည်။ သို့သော် အိရိုဂါမိသည် ကျောင်းကို ကျောပေးကာ ဆက်လျှောက်သွားသည်။

လမ်းမဘက်သို့ မျက်နှာမူလျက် 'ဘန်တန်တိုင်' ဟူသော ဆိုင်းဘုတ်တစ်ခု ရှိနေသည်။ ၎င်းဆိုင်းဘုတ်၏ အောက်တွင် ထမင်း ဟင်းလျာများကို ပါဆယ် ရောင်းပေးသော ထမင်းဆိုင် သေးသေးတစ်ဆိုင်ကို တွေ့ရသည်။ အိရိုဂါမိသည် မှန်တံခါးကို ဆွဲဖွင့်ကာ အထဲသို့ ဝင်သွားသည်။

mgyoe.com

mgyoe.com


"ကြိုဆိုပါတယ်ရှင်၊ မင်္ဂလာ နံနက်ခင်းပါ"

အိရှိဂါမိအတွက် ကြားနေကျဖြစ်သော်လည်း အမြဲလတ်ဆတ်နေသော အသံတစ်သံသည် ကောင်တာ၏ အနောက်မှ ထွက်ပေါ်လာသည်။ ဦးထုပ်အဖြူ ဆောင်းထားသော ဟာနာအိုကာ ယာစုကို၏ မျက်နှာက ပြုံးချိုလျက်။

ဆိုင်အတွင်းတွင် တခြား ဈေးဝယ်များ မရှိပေ။ သူမ၏ အပြုံးက အိရှိဂါမိ၏ ရင်ကို နွေးထွေးစေသည်။

"ဟုတ်ကဲ့ ... စပယ်ရှယ်ဟင်းနဲ့ တစ်ပွဲပေးပါ"

"ဟုတ်၊စပယ်ရှယ်တစ်ပွဲ ပါဆယ်။အမြဲလာရောက်အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

သူမက သွက်လက်ချက်ချာစွာ ပြောလိုက်သည်။ သူမ၏ မျက်နှာပေါ်တွင် မည်သို့သော အမူအရာမျိုး ရှိနေမည်ကို အိရှိဂါမိ မသိ။ သူမကို တည့်တည့် ပင် မကြည့်ဝံ့။ တစ်ချိန်လုံး ခေါင်းငုံ့လျက်သာ သူ့လက်ထဲမှ ပိုက်ဆံကို စိုက်ကြည့် နေမိသည်။ သူမသည် သူနှင့် အိမ်ချင်းကပ်လျက်တွင် နေသောကြောင့် အိရှိဂါမိ အနေဖြင့် သူမကို နေ့လယ်စာ ထမင်းဟင်းအော်ဒါအပြင် တခြားစကား တစ်ခုခု ပြောသင့်သည်ဟု ယူဆသည်။ သို့သော် သူ ဘာပြောရမှန်း မသိ။

ပိုက်ဆံရှင်းသည့် အခါတွင် သူ၏ နှုတ်ခမ်းမှ "ဒီနေ့ အတော်အေးတာပဲ" ဟူသော အသံ ထွက်ပေါ်လာသည်။ သို့သော် သူ၏ အသံမှာ ဗလုံးဗထွေး ဖြစ်နေ၍ တခြားလူတစ်ယောက်ကို ပြောနေသည်နှင့် မတူ။ သူ့စကားသံ ဆုံးသွားသည့် အချိန်တွင် နောက်ထပ် ဈေးဝယ်တစ်ယောက် ဝင်ရောက်လာသဖြင့် သူ့အသံ သည် တံခါးဆွဲသံနှင့် ရောနှော ပျောက်ကွယ်သွားသည်။ ယာစုကို၏ အာရုံစိုက်မှု သည်လည်း တခြားဘက်သို့ ရွေ့လျားသွားလေသည်။

အိရှိဂါမိသည် ထမင်းဘူးကို ဆွဲ၍ ဆိုင်ထဲမှ ထွက်လာပြီး ကိယိုစု တံတား ဘက်သို့ လျှောက်သွားသည်။ သူ ထိုသို့ တကူးတကန့် ဝေ့ပိုက် သွားနေခြင်းမှာ ဘန်တန်တိုင်သို့ လာလိုသောကြောင့် ဖြစ်သည်။

*****

နံနက် ရုံးတက်ချိန် လွန်သွားသောအခါမှ ဘန်တန်တိုင်တွင် လူဝင် လူထွက် ကျဲသွား သည်။ ညနေပိုင်းချိန် ဖြစ်သော်လည်း ဆိုင်အတွင်းတွင်မူ နေ့လယ်စာအတွက် ကြိုတင်

mgyoe.com

mgyoe.com  SAMPLE BOOK 

ပြင်ဆင်မှုများ ပြုလုပ်နေရသည်။ ဆိုင်နှင့် လချုပ် ချုပ်ထားသော ကုမ္ပဏီတချို့ ရှိနေသောကြောင့် မွန်းတည့် ၁၂ နာရီ မတိုင်ခင် ၎င်းအော်ဒါများကို သွားပို့ပေးရမည်။ ဈေးဝယ် ရှင်းသောအခါများတွင် ယာစုကိုလည်း မီးဖိုချောင်ထဲသို့ ဝင်၍ ကူညီပေးရသည်။

ယာစုကို အပါအဝင် ဘန်တန်တိုင်တွင် ဝန်ထမ်း လေးယောက်ရှိသည်။ စားဖိုချောင်ကို တာဝန်ယူကြသူများမှာ ဆိုင်ပိုင်ရှင် ယိုနာဇာဝါနှင့် သူ့ဇနီး စာယိုကိုတို့ ဖြစ်သည်။ ကာနဲကိုက အပြင်သို့ ကုန်ပို့ထွက်ရပြီး ယာစုကိုက ဈေးဝယ်များနှင့် ထိတွေ့ ဆက်ဆံရသည်။

သူမ၏ လက်ရှိအလုပ် မတိုင်ခင်က ယာစုကိုသည် ကင်ရှိချို အရပ်ရှိ ညကလပ်တစ်ခုတွင် အလုပ်လုပ်ခဲ့သည်။ ယိုနာဇာဝါသည် ထိုကလပ်၏ ဖောက်သည် တစ်ဦး ဖြစ်ပြီး စာယိုကိုသည် ထိုကလပ်မှ အပျိုခေါင်းတစ်ယောက် ဖြစ်သည်။ သူတို့နှစ်ဦးမှာ အကြင်လင်မယားများ ဖြစ်ကြသည် ဆိုသည့် အချက်ကို စာယိုကို အလုပ်ထွက်သွားပြီး နောက်ပိုင်းမှ ယာစုကိုက သိခဲ့ရသည်။

"အရက်မယ်တစ်ယောက်ကနေ ထမင်းဆိုင်ပိုင်ရှင်ရဲ့ ကတော်တစ်ယောက်တောင် ဖြစ်သွားသေးတာနော်။ ကံထမ်းလာတာ မမြင်ရဘူး ဆိုတာ တကယ် ဟုတ်တာပဲ"

ညည့်သည်တချို့က ထိုသို့ မှတ်ချက်ပြုကြသည်။ သို့သော် စာယိုကို၏ ပြောပြချက်အရ သိရသည်မှာ သူတို့ လင်မယားနှစ်ယောက်သည် ထမင်းဆိုင် တစ်ဆိုင် ဖွင့်ရန် ယခင်ကတည်းက ကြံစည် စိတ်ကူးခဲ့ကြသည်။ ထိုစိတ်ကူးကို မြန်မြန် အကောင်အထည် ဖော်နိုင်ရန်အတွက် ညကလပ်တွင် အလုပ်ဝင်လုပ်ခဲ့ခြင်း ဖြစ်သည်။

ဘန်တန်တိုင် ဖွင့်ပြီးနောက် ယာစုကိုသည် ထမင်းဆိုင်သို့ မကြာမကြာ အလည်သွားရောက်ခဲ့သည်။ သူတို့၏ လုပ်ငန်းမှာလည်း အရာရာ အဆင်ပြေနေခဲ့သည်။ ဆိုင်ဖွင့်ပြီး တစ်နှစ်လောက် အကြာတွင် သူတို့လင်မယားသည် ယာစုကိုကို သူတို့ဆိုင်တွင် လာရောက်ကူညီပေးရန် ဆန္ဒ ရှိ၊ မရှိ မေးမြန်းခဲ့သည်။ သူတို့ လင်မယား နှစ်ဦးတည်း၏ လုပ်အားဖြင့် ဆိုင်မှာ မနိုင်မနင်း ဖြစ်လာသည်။

"နင်လဲ တစ်သက်လုံး ကလပ်မှာ အရက်မယ် လုပ်နေလို့ ဘယ်ဖြစ်မလဲ။ မီစာတိုလဲ အခုဆို ရှက်တတ်တဲ့ အရွယ်ရောက်နေပြီလေ။ သူ့အမေရဲ့ အလုပ်အကိုင်နဲ့ ပတ်သက်ပြီး သူလဲ မျက်နှာငယ်နေရှာမှာပဲ"

mgyoe.com

mgyoe.com

SAMPLE BOOK


စာယိုကိုက နောက်တစ်ခွန်း ထပ်ဖြည့်လိုက်သည်။

"ငါ လျှာရှည်မိပြန်ပြီ"

မီစာတိုသည် ယာစုကို၏ သမီးဖြစ်သည်။ ယာစုကိုနှင့် သူ့အမျိုးသားသည် လွန်ခဲ့သော ငါးနှစ်က ကွာရှင်းခဲ့ကြသည်။ စာယိုကို မပြောခင်ကတည်းကပင် ယာစုကိုလည်း ထိုအကြောင်းကို စဉ်းစားနေခဲ့မိသည်။ ညကလပ်တွင် ရေရှည်လုပ်၍ မဖြစ်နိုင်မှန်း သူလည်း သိသည်။ မီစာတို၏ ခံစားချက်ကို ဘေးဖယ်ထားလိုက်ဦးတော့ သူ၏ အသက်အရွယ်ကို ထည့်တွက်ရပေဦးမည်။ ညကလပ်က သူ့ကို ဘယ်အသက်အရွယ်အထိ လက်ခံထားပါမည်နည်း။ ၎င်းမှာလည်း စဉ်းစားစရာ အချက်တစ်ချက် ဖြစ်သည်။

ထို့ကြောင့် သူသည် တစ်ရက်တည်းနှင့် ဆုံးဖြတ်ချက် ချလိုက်သည်။ ညကလပ်ကလည်း သူ့ကို ဆွဲထားလိုသော ဆန္ဒ ရှိပုံမရ။ "အင်း" ဟု တစ်ခွန်းတည်းသာ သူ့ကို တုံ့ပြန်ခဲ့သည်။ ထိုအခါကျမှ သူလည်း သဘောပေါက်မိသည်။ အရွယ်ဟိုင်းလာသော သူ့လို အရက်မယ်တစ်ယောက်ကို မည်သို့မည်ပုံ ဖြေရှင်းရအံ့နည်းဟု ကလပ်ဆိုင် ပိုင်ရှင်ကလည်း စိတ်ပူနေခဲ့ပေမည်။

ပြီးခဲ့သော နွေဦးရာသီတွင် မီစာတိုသည် အလယ်တန်းကျောင်းသို့ စတက်ခဲ့ရသည်။ သူတို့ သားအမိ လက်ရှိနေနေကြသော တိုက်ခန်းသို့ ပြောင်းရွှေ့မလာခင် ရှေးယခင်နေခဲ့သော ရပ်ကွက်သည် ဘန်တန်တိုင်နှင့် အလွန် ကွာဝေးလှသည်။ ယခုအခါ ယာစုကိုသည် နံနက် မိုးလင်းသည်နှင့် အလုပ်သို့ သွားရသည်။ သူသည် နံနက် ၆ နာရီထိုးသည်နှင့် အိပ်ရာမှ ထပြီး ၆ နာရီခွဲတွင် အစိမ်းရောင် စက်ဘီးကို နင်း၍ အလုပ်သို့ သွားသည်။

"ဟိုအထက်တန်း ကျောင်းဆရာ ဒီမနက် လာသေးလား"

အနားယူကြသောအခါတွင် စာယိုကိုက မေးသည်။

"အင်း... သူ နေ့တိုင်း လာတယ်"

ယာစုကိုက ထိုသို့ ဖြေသောအခါ စာယိုကိုနှင့် ယိုနာဇာဝါတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး အဓိပ္ပာယ်ပါပါ ပြုံးနေကြသည်။

"ဘာဖြစ်လို့လဲ၊ မျက်နှာတွေက မချိုမချဉ်နဲ့"

"ဘာမှ မဟုတ်ပါဘူးအေ၊ ငါတို့ မနေ့ကတောင် ပြောနေကြသေးတယ်၊ အဲဒီဆရာက နင့်ကို ကြိုက်နေတာလား မသိဘူး"

mgyoe.com

mgyoe.com


"ရှင်"

ယာစုကိုသည် လက်ထဲတွင် ရေနွေးကြမ်း ပန်းကန်လုံးကို ကိုင်လျက် အထိတ်တလန့် ခေါင်းမော့ကြည့်သည်။

"မနေ့က နင် ခွင့်ယူတော့ အဲဒီဆရာလဲ ပေါ်မလာဘူး၊ သူက နေ့တိုင်း လာတယ် ဆိုပေမယ့် နင် မရှိတဲ့နေ့ဆိုရင် သူ မလာတော့ဘူး၊ အဲဒါ ထူးဆန်းမနေဘူးလား"

"တိုက်ဆိုင်လို့ပါ"

"တိုက်ဆိုင်တာ ဟုတ်ပါ့မလား"

စာယိုကိုသည် သူ့ယောက်ျားကိုစစ်ကူတောင်းသည့်အနေဖြင့် လှမ်းကြည့်သည်။

ယိုနာဇာဝါက ပြုံးလျက် ခေါင်းညိတ်နေသည်။

"စာယိုကို ပြောတာတော့ အမြဲတမ်း အဲဒီလိုပဲတဲ့၊ နင် ခွင့်ယူတဲ့ရက်ဆိုရင် သူလဲ ပေါ်မလာတော့ဘူး။ အဲဒါကို အရင်ကတည်းက သူ သတိထားမိနေတာ။ မနေ့ကမှ သေချာသွားလို့ အဲဒီအကြောင်း သူ ငါ့ကို လာပြောတာပဲ"

"အစိုးရ ရုံးပိတ်ရက်တွေက လွဲလို့ ကျွန်မရဲ့ အလုပ်နားရက်တွေက အတည်တကျမှ မရှိတာ၊ ရက်သတ္တပတ် တစ်ပတ်မှာ ဘယ်နေ့ကို နားမယ်လို့ သတ်မှတ်ထားတာမှ မဟုတ်ဘဲ"

"ဒါကြောင့် ပိုထူးဆန်းနေတာပေါ့၊ အဲဒီဆရာက နင့်အိမ်ဘေးမှာ နေတာ မဟုတ်လား။ နင် အိမ်ပြင် ထွက်၊ မထွက်ကို ကြည့်ပြီး နင် ခွင့်ယူလား၊ မယူလား ဆိုတာကို ဆုံးဖြတ်တာ နေမှာပေါ့"

"ဒါပေမဲ့ အပြင်မှာ ကျွန်မ သူနဲ့ တစ်ခါမှ မဆုံဖူးဘူး"

"တစ်နေရာကနေ ချောင်းကြည့်နေတာ ဖြစ်မှာပေါ့အေ၊ ပြတင်းပေါက်တို့ ဘာတို့ပေါ့"

"ပြတင်းပေါက်ကနေ မမြင်ရပါဘူး"

"တကယ်လို့ သူက နင့်ကို သဘောကျနေတာ ဆိုရင် နင့်ကို တစ်နေ့မဟုတ် တစ်နေ့တော့ ဖွင့်ပြောလာမှာပါပဲ"

ယိုနာဇာဝါက ပြောသည်။

"ငါတို့ အနေနဲ့ကတော့ အခုလို ပုံမှန် ဖောက်သည်တစ်ယောက်ကို

mgyoe.com

mgyoe.com
SAMPLE BOOK


ငါတို့အတွက် ဆွဲပေးထားတာကိုပဲ ဝမ်းသာလို့ မဆုံးဘူး၊ ကင်ရှိချိုမှာ ထရိန်နင် ဆင်းထားတယ်လို့ မပြောရဘူး”

ယာစုကိုက မချိုပြုံး ပြုံးပြီး ကျန်ရှိနေသော လက်ဖက်ရည်ကြမ်းကို မော့သောက်လိုက်သည်။ ဦးနှောက်က ထိုကျောင်းဆရာအကြောင်းကို စဉ်းစားနေမိသည်။

ထိုသူ၏ အမည်မှာ အိရှိဂါမိ ဖြစ်သည်။ တိုက်ခန်းသို့ ပြောင်းလာသော ပထမဆုံးညက သူမသည် သူ့အခန်းသို့ သွား၍ မိတ်ဆက်စကား ဆိုခဲ့သည်။ သူသည် ကျောင်းဆရာတစ်ယောက် ဖြစ်ကြောင်း ထိုအချိန်က သိခဲ့ခြင်း ဖြစ်သည်။ သူသည် ကိုယ်ခန္ဓာ တောင့်တင်းပြီး မျက်နှာမှာလည်း ဝိုင်းစက်၍ အလွန် ကျယ်သည်။ သို့သော် မျက်ပေါက်မှာ ကြိုးတစ်မျှင်အလား ကျဉ်းမြောင်းနေပြီး ဆံပင်ကလည်း ကျိုးတိုးကျဲတဲနှင့် တိုနံ့နံ့သာ။ အမြင်အရ ကြည့်ရသည်မှာ အသက် ၅၀ အရွယ်ခန့် ရှိပေလိမ့်မည်။ အပြင်ပန်းထက် ပိုကြီးကောင်းလည်း ကြီးပေမည်။ သူသည် အဝတ်အစားကို သိပ်ပြီး ဂရုစိုက်ပုံမရ။ အမြဲတမ်း ဝတ်စုံတစ်မျိုးတည်းကိုသာ ဝတ်ဆင်လေ့ရှိသည်။ ယခုနှစ် ဆောင်းရာသီတွင် သူသည် မီးခိုးရောင် သိုးမွေးဆွယ်တာကိုသာ ဝတ်ဆင်ပြီး ၎င်းအပေါ်မှ အနွေးထည် တစ်ထည် ထပ်ဝတ်ထားသည်။ ၎င်းမှာ ဆိုင်သို့ လာနေကျ သူ၏စတိုင်ပင် ဖြစ်သည်။ သူ့အခန်းရှေ့ ဝရန်တာတွင် အဝတ်စိုများကို မကြာမကြာ လှန်းထားတတ်သောကြောင့် အဝတ်အစားကို ပုံမှန် လျှော်ဖွပ်တတ်သည်မှာ သေချာသည်။ သူသည် လူပျိုကြီးတစ်ယောက်သာ ဖြစ်ရမည်ဟု ယာစုကိုက ယူဆသည်။ တစ်ခုလပ်၊ သို့မဟုတ် မုဆိုးဖိုတော့ မဖြစ်နိုင်။

ထိုကျောင်းဆရာက မိမိကို သဘောကျနေသည်ဟု ကြားရသောအခါတွင် ယာစုကိုက မည်သို့မျှ မခံစားရချေ။ သူ့အနေနှင့် ပြောရလျှင် ထိုကိစ္စကို နံရံပေါ်မှ အက်ကြောင်းရာလေး တစ်ခုကဲ့သို့သာ သဘောထားမိသည်။ ၎င်းကို ရှိနေမှန်း သိထားသော်လည်း ဘယ်တော့မှ တကူးတက ဂရုစိုက်နေမိမည် မဟုတ်။

မျက်နှာချင်းဆိုင် ဆုံလျှင်တော့ နှုတ်ခွန်းဆက်လိုက်သည်။ ထို့နောက် တိုက်ခန်း၏ အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်ပြီး သူနှင့် တစ်ကြိမ်သာ ပြောဆိုဆွေးနွေးခဲ့ဖူးသည်။ ထိုလူ့အကြောင်းကိုလည်း သူ ဘာမျှ များများစားစား သိထား

mgyoe.com

mgyoe.com
SAMPLE BOOK


ခြင်း မရှိပေ။ သူသည် သင်္ချာသင်သော ကျောင်းဆရာဖြစ်ကြောင်း မကြာသေးခင်ကမှ သိခဲ့ရသည်။ သူ၏ အခန်းရှေ့တွင် သင်္ချာစာအုပ် အဟောင်းများကို ကြိုးနှင့် ချည်၍ စွန့်ပစ်ရန် စုပုံထားသည်ကို မြင်ခဲ့ရသောကြောင့် ဖြစ်သည်။

သူမကို လာမဒိတ်ပါစေနှင့်ဟု ယာစုကိုက ဆုတောင်းနေမိသည်။ သူမကို အတည်ပေါက်ဖြင့် လာချိန်းနေသော အချိန်တွင် ထိုသူ၏ မျက်နှာအမူအရာသည် မည်သို့ ဖြစ်လေမည်နည်းဟု တွေးမိသောအခါ သူမ ကျိတ်၍ ပြုံးလိုက်မိပြန်သည်။

ယခင်နေ့များအတိုင်း နေ့ခင်း မွန်းတည့်ချိန်သို့ နီးကပ်လာသည်နှင့် အလုပ်လည်း ပိုရှုပ်လာသည်။ ၁၂ နာရီနှင့် ၁ နာရီကြားတွင် အရှုပ်ဆုံး ဖြစ်သည်။ နေစောင်းလာသည်နှင့်အမျှ ဧည့်သည်လည်း ပါးသွားပြန်တော့သည်။ ၎င်းကို နေ့စဉ် ကြုံတွေ့နေရစမြဲ။

ယာစုကိုသည် ငွေသိမ်းကောင်တာထဲမှ ပိုက်ဆံများကို ရေတွက်နေစဉ် မှန်တံခါး ပွင့်လာပြီး လူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။ သူမက "မင်္ဂလာပါရှင်" ဟု နှုတ်ခွန်းဆက်သရင်း ဧည့်သည် ရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်။ ထို့နောက် သူမ၏ မျက်နှာမှာ ထူပူလာပြီး မျက်လုံးများ ပြူးကျယ်သွားသည်။ သူမ၏အသံသည်လည်း လည်ချောင်းတွင် တစ်ဆို့ ပျောက်ကွယ်သွားလေသည်။

"မင်း ကြည့်ရတာ စိုစိုပြည်ပြည်ပါပဲ"

သူမအရှေ့တွင် ရပ်နေသော လူတစ်ယောက်က စကားစလိုက်ပြီး မလိုတမာသော အပြုံးနှင့် ပြုံးလျက် ရပ်ကြည့်နေသည်။

"နင်.... နင် ဘယ်လိုလုပ်ပြီး ဒီနေရာကို သိနေရတာလဲ"

"ဒီလောက်လဲ အံ့သြပြမနေစမ်းပါနဲ့။ ငါ့သာ ဆန္ဒရှိရင် ငါ့မယားဟောင်းရဲ့ အကြောင်းကို စုံစမ်းဖို့ရာ ဘာခက်တာလိုက်လို့"

ထိုအမျိုးသားသည် နက်ပြာရောင် အနွေးထည်ထဲသို့ လက်နှစ်ဖက်ကို ထိုးထည့်လိုက်ပြီး ဆိုင်အတွင်းသို့ ဟိုဟိုဒီဒီ အကဲခတ်နေသည်။

"အခုလိုအချိန်မှာ နင်က ငါ့ကို ဘာအတွက် ရှာနေရသေးတာလဲ"

ယာစုကိုက နာကြည်းသော လေသံဖြင့် ပြောလိုက်သည်။ သို့သော် ယိုနာဇာဝါတို့ လင်မယားတွေ ကြားသွားမည် စိုး၍ အသံကို တတ်နိုင်သလောက် နှိမ့်ချထားသည်။

mgyoe.com

mgyoe.com


"အဲဒီလို မျက်စောင်းတခဲခဲ လုပ်မနေစမ်းပါနဲ့။ ငါတို့ မတွေ့ကြတာ ကြာလှပြီပဲ။ ဟန်ဆောင် ပန်ဆောင်လေးတော့ ပြုံးပြဦးမှပေါ့"

ထိုသူက အမြင်ကတ်ချင်စရာ ကောင်းသော အပြုံးကို ပြုံးလျက် ပြောနေသည်။

"ဘာကိစ္စမှ မရှိရင် နင် အခု ထွက်သွား"

"ကိစ္စလား... ရှိတာပေါ့၊ နင်နဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာ ရှိတယ်၊ နင် မအားဘူးလား"

"ဒါ အလုပ်ချိန်ဆိုတာ နင် နားမလည်ဘူးလား"

ပြောလိုက်ပြီးခါမှ ယာစုကို နောင်တရမိသည်။ အလုပ်ချိန် မဟုတ်လျှင် ပြောလို့ရသည်ဟု ထိုသူက သဘောပေါက်သွားပေမည်။

ထိုအမျိုးသားက နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။

"ဘယ်အချိန် အလုပ်သိမ်းမှာလဲ"

"ငါ နင်နဲ့ ဘာစကားမှကို မပြောချင်တာ၊ နင် အခု ထွက်သွား၊ နင့် မျက်နှာကို လုံးဝ မမြင်ချင်ဘူး"

"အကြင်နာ ကင်းမဲ့လှချည့်လား"

"အဲ့တော့ ဘာဖြစ်သေးလဲ"

ယာစုကိုသည် တံခါးပေါက်ဘက်သို့ ငေးကြည့်နေသည်။ ယခုလို အချိန်တွင် ဧည့်သည်တစ်ယောက်လောက် ဝင်လာလျှင် ကောင်းလေစွဟု သူမ မျှော်လင့်နေမိသည်။ သို့သော် တစ်ယောက်မျှ ဝင်မလာ။

"နင်က ငါ့အပေါ် ဒီလောက်တောင် မေတ္တာတုံးနေမှတော့ ရပါတယ်လေ။ ဒါဆိုလဲ ငါ ဟိုဘက်ကို သွားစမ်းကြည့်ရတာပေါ့"

ထိုအမျိုးသားက သူ့ဆံပင်ကို သပ်နေသည်။

"ဘယ်ဘက်လဲ"

ယာစုကို၏ အတွေးထဲတွင် စိုးရိမ်စိတ် ဝင်လာသည်။

"ကိုယ့်မိန်းမက ကိုယ့်စကားကို နားမထောင်ချင်ဘူး ဆိုမှတော့ သမီးကိုပဲ သွားတွေ့ရတော့မှာပေါ့။ သူ့ကျောင်းက ဒီပတ်ဝန်းကျင်မှာပဲ မဟုတ်လား"

ယာစုကို မကြားချင်ဆုံး စကားကို ထိုအမျိုးသားထံမှ ကြားလိုက်ရသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"ဟင့်အင်း... နင် ကလေးကို ဒုက္ခ သွားမပေးချင်စမ်းနဲ့"

"ဒါဆိုလဲ နင်ပဲ ဆုံးဖြတ်ပေါ့၊ ငါကတော့ ဘယ်သူနဲ့ တွေ့ရတွေ့ရ ကိစ္စမရှိပါဘူး"

ယာစုကိုသည် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ သူ့ကို ဆိုင်ထဲမှ အမြန်ဆုံး နှင်ထုတ်ပစ်ရပေမည်။

"ငါ ၆ နာရီဆို အလုပ်ဆင်းပြီ"

"မနက်စောစောကနေ ညနေ ၆ နာရီအထိတောင် အလုပ်လုပ်ရတာလား၊ မင်းသူဌေးကလည်း လူလို ခိုင်းဦးမှပေါ့"

"အဲဒါ နင်နဲ့ ဘာဆိုင်လဲ"

"ဒါဆို ငါ ၆ နာရီမှ ပြန်လာခဲ့မယ်"

"ဒီကို မလာနဲ့။ ဆိုင်ရှေ့က လမ်းမကြီးအတိုင်း ညာဘက်ကို လိုက်သွားရင် လမ်းဆုံတစ်ခု တွေ့လိမ့်မယ်။ အဲဒီမှာ စားသောက်ဆိုင် တစ်ဆိုင် ရှိတယ်။ ငါ ၆ နာရီခွဲ ကျရင် အဲဒီကို လာခဲ့မယ်"

"နင် မလာဘဲ မနေနဲ့နော်၊ နင် မလာဘူးဆိုရင် ......"

"ငါ လာခဲ့မယ်၊ နင် သွားတော့"

"အတော်ကို အကြင်နာကင်းမဲ့တာပဲ"

ထိုအမျိုးသားသည် ဆိုင်အတွင်းသို့ နောက်တစ်ကြိမ် ထပ်ကြည့်ပြီး ဆိုင်ထဲမှ ထွက်ခွာသွားသည်။ ဆိုင်ပြင်သို့ အထွက်တွင် မှန်တံခါးကို အားဖြင့် ဆောင့်တွန်းသွားသည်။

ယာစုကိုသည် နားထင်ကို လက်ဖြင့် အသာအယာ ဖိလိုက်သည်။ သူမ၏ ခေါင်းမှာ တဆစ်ဆစ်နှင့် ကိုက်ခဲနေပြီး ပျို့အန်ချင်လာသည်။ မျှော်လင့်ချက်မဲ့သောခံစားချက်များကသူ့ဦးနှောက်ထဲ၌တဖြည်းဖြည်းပြည့်နှက်လာကြသည်။

ယာစုကိုသည် လွန်ခဲ့သော ရှစ်နှစ်က တိုဂါရှိ ရှင်ဂျိနှင့် အိမ်ထောင်ပြုခဲ့သည်။ သူတို့ စတွေ့ကြစဉ်က သူမသည် အာကာစာကာရှိ ကလပ်တစ်ခုတွင် အရက်မယ်တစ်ဦး ဖြစ်၍ သူသည် ထိုဆိုင်၏ ဖောက်သည်တစ်ဦး ဖြစ်သည်။

ထိုစဉ်က သူသည် နိုင်ငံခြားဖြစ် ကားများကို ရောင်းချပေးရသော အရောင်းကိုယ်စားလှယ်တစ်ဦး ဖြစ်သောကြောင့် ငွေဝင်ဖြောင့်ပြီး လက်ဖွာသည်။ သူမကို တန်ဖိုးကြီး လက်ဆောင်များ ပေးခဲ့ပြီး ဈေးကြီးသော စားသောက်

mgyoe.com

m gyoe.com


ဆိုင်များသို့လည်း ခေါ်သွားခဲ့သည်။ သူက ချစ်ခွင့်ပန်သောအခါ သူမသည် Pretty Woman ရုပ်ရှင်ကားထဲမှ ဂျူလီယာရောဘတ်အလား မှတ်ထင်ခဲ့မိသည်။ ထို အချိန်က ပထမအိမ်ထောင်လည်း ပျက်ပြီးခါစ ဖြစ်၍ သမီးတစ်ယောက်ကို စောင့်ရှောက်ရင်း နာရီပေါင်းများစွာ အလုပ်လုပ်နေရသော သူမ၏ ဘဝကို စိတ်ပျက် ငြီးငွေ့နေခဲ့သည်။

သူတို့နှစ်ဦး၏ အိမ်ထောင်ရေးဘဝမှာ အစပိုင်းတွင် သာယာဖြောင့်ဖြူးခဲ့သည်။ တိုဂါရှိတွင် ပုံမှန်ဝင်ငွေ ရှိနေသောကြောင့် ယာစုကိုသည် ညကလပ်မှ အလုပ်ထွက်လိုက်သည်။ သူသည် မိစာတိုအပေါ်လည်း ကောင်းခဲ့သည်။ သို့သော် မိစာတိုအနေနှင့် သူ့ကို 'ဖခင်' တစ်ယောက်အဖြစ် လက်သင့်ခံရန် ခက်ခဲနေဟန် ရှိသည်။

သို့သော် အိပ်မက်ကောင်းတို့မည်သည် ကြာရှည်စွာ မက်လေ့မရှိ။ မကြာခင် တိုဂါရှိ အလုပ်ပြုတ်လေတော့သည်။ ကုမ္ပဏီပိုင်ငွေများကို နှစ်ပေါင်းများစွာ အလွဲသုံးစား လုပ်နေခဲ့သော ကိစ္စကို ကုမ္ပဏီသူဌေးက သိရှိသွားသည်။ ကုမ္ပဏီ၏ အတွင်းရေးများ ဟိုးလေးတကျော် မဖြစ်လိုသောကြောင့်သာ သူ့ကို တရားစွဲဆိုခြင်း မပြုခဲ့ပေ။ ထိုသို့ဆိုလျှင် အာကာစာကာတွင် သုံးဖြုန်းနေခဲ့သော ငွေအားလုံးသည် ကုမ္ပဏီပိုင် ငွေများသာ ဖြစ်ရပေတော့မည်။

ထိုအချိန်မှစကာ တိုဂါရှိ၏ အပြုအမူသည်လည်း အပြောင်းလဲကြီး ပြောင်းလဲလာတော့သည်။ မဟုတ်သေး။ ဗီဇအမှန် ပေါ်လာသည်ဟု ပြောလျှင် ပိုမှန်ပေမည်။ တစ်နေ့တစ်နေ့ အိမ်တွင် စားလိုက် အိပ်လိုက်နှင့် နပ်မနေရလျှင် အပြင်ထွက်၍ လောင်းကစားနေသည်။ သူ့ကို ငြိုငြင်မိလျှင်လည်း လက်ပါလာတော့သည်။ အရက်သောက်သည့် ပမာဏမှာလည်း များသည်ထက် များလာပြီး တစ်နေကုန် မူးရူးကာ ပြဿနာရှာနေတတ်သည်။

ယာစုကိုအနေဖြင့် အရက်မယ်အလုပ်ကို ပြန်မလုပ်၍ မဖြစ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။ သို့သော် သူမ ပင်ပင်ပန်းပန်း ရှာထားသမျှ ငွေစငွေနများမှာလည်း တိုဂါရှိ၏ အတင်းကာရော လုယက်သွားမှုကြောင့် ပြုတ်ပြုတ်ပြုန်းရသည်သာ။ နောက်ပိုင်းတွင် သူမသည် ပိုက်ဆံကို ဝှက်ထားရလေသည်။ ထို့ကြောင့် တိုဂါရှိသည် လစာထုတ်ရက် မတိုင်ခင် ကလပ်သို့ ဦးအောင် သွားပြီး သူမ၏ လစာကို ကြိုတင် ထုတ်ယူသွားတော့သည်။

mgyoe.com

mgyoe.com


မီစာတိုကလည်း ထိုပထွေးကို ကြောက်ရွံ့လာပြီး သူနှင့် နှစ်ယောက်တည်း မနေရဲတော့ဘဲ ယာစုကို အလုပ်လုပ်သော ကလပ်တွင် အလုပ် မသိမ်းမချင်း စောင့်နေတတ်သည်။

ယာစုကိုက ကွာရှင်းရန် စကားစသော အခါတွင် တိုဂါရှိက မသိချင်ယောင် ဆောင်နေသည်။ နှစ်ခါ သုံးခါ ပြောမိလျှင် အကြမ်းဖက်လာတော့သည်။ တောင်တွေး မြောက်တွေးနှင့် နောက်ဆုံးတွင် ဧည့်သည်တစ်ဦး မိတ်ဆက်ပေးသော ရှေ့နေနှင့် တွေ့ဆုံဆွေးနွေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ရှေ့နေ၏ ကြိုးပမ်းမှုကြောင့် တိုဂါရှိသည် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးခဲ့ရသည်။ အကယ်၍ တရားခွင်၌ ရင်ဆိုင်ရလျှင် သူ့အတွက် နိုင်နိုင်ခြေ နည်းသည့်အပြင် စောင့်ရှောက်စရိတ်လည်း ထောက်ပံ့ပေးရမည် ဖြစ်ကြောင်း သူ သိရှိထားပေလိမ့်မည်။

သို့သော်ပြဿနာသည် ထိုမျှနှင့် ပြေလည်မသွားခဲ့။ ကွာရှင်းပြီးနောက်လည်း တိုဂါရှိသည် ယာစုကိုတို့ သားအမိထံသို့ မကြာမကြာ ရောက်လာတတ်သည်။ လာရောက်သည့် အခါတိုင်းတွင် တူညီသော ကတိတစ်ခုတည်းကိုသာ ထပ်ခါထပ်ခါ ပေးနေတတ်သည်။ သူ၏ အကျင့်ဆိုးများကို ပြင်ဆင်သွားမည် ဖြစ်ကြောင်းနှင့် သူ့ကို ပြန်လည် လက်ခံပေးရန် ဖြစ်သည်။ အကယ်၍ ယာစုကိုက သူ့ကို ပုန်းရှောင်နေလျှင် သူသည် မီစာတိုထံသို့ သွားတွေ့တတ်သည်။ သူမ၏ ကျောင်းရှေ့တွင် ငုတ်တုတ်ထိုင်၍ သွားစောင့်နေတတ်သည်။

ဒူးထောက်၍ တောင်းပန်နေသော သူ့ကို မြင်ရသောအခါ ဟန်ဆောင်နေမှန်း သိထားသော်လည်း ယာစုကိုသည် သူ့ကို သနားစိတ် ဝင်မိသေးသည်။ အကြင်လင်မယားတောင် ဖြစ်ခဲ့ကြဖူးသည် မဟုတ်ပါလား။ သူ့အပေါ် ကိုယ်ချင်းစာနာသော စိတ်များ ပေါ်ပေါက်လာသောကြောင့် ယာစုကိုသည် ပစ်မထားရက်ဘဲ သူ့ကို ငွေတချို့ ပေးခဲ့သည်။ ၎င်းမှာ သူမ၏ အကြီးမားဆုံးသော အမှားပင်။ ပိုက်ဆံကို လွယ်လွယ်နှင့် ရနိုင်မှန်း သိလာသော တိုဂါရှိသည် ထိုအချိန်မှစ၍ ယာစုကို၏ ရှေ့မှောက်သို့ မကြာမကြာ ရောက်လာတော့သည်။ အမြဲတမ်း မျက်နှာချိုသွေး၍ အတင့်လည်း ရဲသည်ထက် ရဲလာသည်။

ယာစုကိုသည် ကလပ်ပြောင်းပြီး အိမ်လည်း ပြောင်းလိုက်သည်။ မီစာတိုကို သနားသော်လည်း မတတ်နိုင်။ သူမကိုပါ ကျောင်းပြောင်းထားရသည်။

mgyoe.com

ကင်ရှိချုံအရပ်ရှိ ကလပ်တွင် အလုပ်ဝင်သောအခါ တိုဂါရှိနှင့် အဆက်အသွယ် ပြတ်သွားသည်။ ထို့နောက် ယာစုကိုသည် နောက်တစ်ကြိမ်အိမ်ပြောင်းပြန်သည်။ ဘန်တန်တိုင်တွင် အလုပ်ဝင်နေသည်မှာ တစ်နှစ်နီးပါး ရှိလေပြီ။ ထိုအကုသိုလ် ကောင်နှင့် လုံးဝအဆက်အသွယ်ပြတ်သွားပြီဟု ယာစုကိုက ယုံကြည်နေခဲ့သည်။

ယိုနာဇာဝါတို့ လင်မယားကို ဒုက္ခပေးသကဲ့သို့ ဖြစ်သွားမည် စိုးသည်။ မိစာတိုကို အသိပေး၍လည်း မဖြစ်။ မည်သို့ပင်ဖြစ်စေ ဤပြဿနာကို မိမိကိုယ် တိုင်ပင် ဖြေရှင်းရတော့မည်။ ယာစုကိုသည် နံရံထက်မှ နာရီကို ကြည့်ရင်း ဆုံးဖြတ် ချက် ချလိုက်သည်။

ချိန်းထားသော အချိန်ရောက်သောအခါ ယာစုကိုသည် စားသောက် ဆိုင် ရှိရာသို့ ထွက်လာခဲ့သည်။ တိုဂါရှိသည် ပြတင်းပေါက်နှင့် ကပ်လျက်ရှိ ထိုင်ခုံ တွင် ထိုင်ကာ ဆေးလိပ်ဖွာနေသည်။ စားပွဲပေါ်တွင် ကော်ဖီခွက် တစ်ခွက် ချထား သည်။ ယာစုကိုသည် သူ့ထံသို့ လျှောက်သွားပြီး ထိုင်ခုံအလွတ်တွင် ဝင်ထိုင်၍ စားပွဲထိုးကို ကိုကိုးအပူတစ်ခွက် မှာလိုက်သည်။ တချို့ အချိုရည်များသည် တစ်ခွက် မှာသောက်ရုံဖြင့် ဆိုင်မှ မထမချင်း အကြိမ်ကြိမ် ထပ်ဖြည့်ခိုင်း၍ ရ သည်။ သို့သော် သူမသည် ထိုဆိုင်တွင် ကြာကြာ ထိုင်ရန် စိတ်ကူးမရှိ။

"ဘာကိစ္စ ငါ့ကို တွေ့ချင်ရတာလဲ"

သူမက သံသယမျက်လုံးများဖြင့် တိုဂါရှိကို စိုက်ကြည့်ရင်း မေးလိုက်သည်။

တိုဂါရှိသည် နှုတ်ခမ်းကို လျှာဖြင့် သပ်နေသည်။

"ဒီလောက် လောမနေပါနဲ့လေ"

"ငါ့မှာ အလုပ်တွေ ရှိသေးတယ်၊ ကိစ္စရှိရင် မြန်မြန်ပြော"

"ယာစုကို"

တိုဂါရှိက လက်ကို ဆန့်ထုတ်ပြီး စားပွဲပေါ်မှ သူမ၏ လက်ကို လှမ်းကိုင် ရန် ဟန်ပြင်လိုက်သည်။ ယာစုကိုသည် လက်ကို အလျှင်အမြန် ပြန်ရုပ်ထားရ သည်။ တိုဂါရှိက နှုတ်ခမ်းထောင့်ကို အနည်းငယ် ရွဲ့လိုက်ပြီး–

"ဒီနေ့ စိတ် သိပ်မကြည်ဘူး ထင်တယ်"

"ဒါပေါ့.... နင် ဘာကိစ္စ ရှိလို့လဲ၊ ဘာဖြစ်လို့ ငါ့ကို ဒုက္ခပေးချင်နေရတာလဲ"

"ဘာဖြစ်လို့ ဒီလောက် စိမ်းကားနေရတာလဲဟာ၊ ငါ အခု စီးပွားရေး အဆင်မပြေဘူး ဆိုပေမယ့် ငါက အတည်ပါ"

mgyoe.com

"နင်က ဘာကို တည်နေချင်သေးတာလဲ"

ကိုကိုးတစ်ခွက်ကို ကိုင်လျက် စားပွဲထိုးတစ်ဦး အနားသို့ ရောက်လာသည်။ ယာစုကိုသည် ခွက်ကို လှမ်းယူလိုက်သည်။ မြန်မြန်ကုန်အောင် သောက်ပြီး မြန်မြန် ထွက်သွားချင်နေသည်။

"နင် အခု တစ်ယောက်တည်း နေတုန်းပဲလား"

တိုဂါရှိသည် သူမကို မျက်နှာချိုသွေး၍ စိုက်ကြည့်နေသည်။

"နင့်အပူ ပါလို့လား"

"မိန်းမသားတစ်ယောက်အနေနဲ့ သမီးတစ်ယောက်ကို တစ်ကိုယ်တည်း ကျွေးမွေးစောင့်ရှောက်ရတယ် ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ နောက်နောင် ကြာလေကြာလေ ငွေကုန်ကြေးကျ များလာလေလေပဲ။ ထမင်းဆိုင်မှာ အလုပ်ရှိတယ်ဆိုပေမယ့် ဒါလဲဘဝအာမခံချက်ရှိတာမဟုတ်ဘူး။ နင်နောက်တစ်ခါလောက်ထပ်ပြီး စဉ်းစားကြည့်ပါဦးလား၊ ငါလဲ အရင်နဲ့ မတူတော့ပါဘူး"

"ဘယ်နေရာမှာများ မတူတော့တာလဲ၊ အခု နင့်မှာ အလုပ်အတည်တကျ ရှိပြီမို့လား"

"အလုပ်လား၊ ငါ သွားလုပ်မှာပေ့ါ။ ငါ အခု အလုပ်ရှာထားပြီးပြီ"

"သဘောက နင် အခုချိန်ထိ အလုပ်မရှိသေးဘူး ဆိုတဲ့ အဓိပ္ပာယ်ပဲ"

"ငါ အလုပ်ရှာထားပြီးပြီလို့ ပြောနေတယ် မဟုတ်လား။ နောက်လက စပြီး အလုပ်ဝင်ရမယ်။ အလုပ်သစ် ဆိုပေမယ့် အသားကျသွားတာနဲ့ နင်တို့ သားအမိကို ကောင်းကောင်း တင်ကျွေးထားနိုင်မှာပါ"

"တော်ပါတော့၊ နင့်အလုပ်က ဒီလောက်ကောင်းနေမှတော့ နောက်မိန်းမ တစ်ယောက်သာ အသစ်ရှာလိုက်ပါလား၊ ငါ နင့်ကို တောင်းပန်ပါတယ်၊ ငါတို့ကို ထပ်ပြီး မနှောင့်ယှက်ချင်ပါနဲ့တော့"

"ယာစုကို၊ ငါ နင့်ကို တကယ် လိုအပ်နေတာပါ"

တိုဂါရှိသည် ယာစုကို၏ လက်ကို ဆုပ်ကိုင်နိုင်ရန်အတွက် နောက်တစ်ကြိမ် လက်ဆန့်ထုတ်လိုက်ပြန်သည်။

"နင် ငါ့ကို မထိနဲ့"

သူမက ပြောရင်း လက်ကို ပုတ်ချလိုက်သည်။ ခွက်ထဲမှ အချိုရည်များ အပြင်သို့ ထွက်ကျလာပြီး တိုဂါရှိ၏ လက်ပေါ်သို့လည်း ဖိတ်စဉ်ကုန်သည်။

"အာလားလား"

mgyoe.com

m gyoe.com SAMPLE BOOK

တိုဂါရှိသည် လက်ကို အမြန် ရုပ်လိုက်ပြီး ယာစုကို၏ မျက်နှာကို မီးတောက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်သည်။

"နင့်ဟာနင် စကားလုံးတွေကို ဘယ်လောက်ပဲ မိုးပျံအောင် ပြောနေ ပြောနေ နင့်စကားတွေကို ငါက ယုံကြည်နေလိမ့်ဦးမယ်လို့ နင်က ထင်နေသေးတာလား။ ငါ နင့်ကို ပြောပြီးပြီပဲ။ ငါ နင်နဲ့ အတူတူ ပြန်နေဖို့ ဒီတစ်သက် စိတ်မကူးတော့ဘူး။ နင် မျှော်လင့်မနေနဲ့တော့"

ယာစုကို မတ်တတ်ရပ်လိုက်သောအခါ တိုဂါရှိသည် သူမကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ သူမသည် ထိုမျက်လုံးအစုံကို အမှုမထားဘဲ ကိုကိုးအတွက် ကျသင့်ငွေကို စားပွဲပေါ်တင်ပြီး တံခါးဝဆီသို့ လျှောက်သွားလေသည်။

စားသောက်ဆိုင်မှ ထွက်လာပြီးနောက် စက်ဘီးပေါ် တက်ကာ အလျင်အမြန် နင်းထွက်လာခဲ့သည်။ လေးတိလေးကန် လုပ်နေလျှင် အနောက်မှ တိုဂါရှိ လိုက်လာမည်ကို စိုးရိမ်သည်။ ကီယိုစုတံတား ရှိရာ အရပ်မျက်နှာသို့ ဦးတည်၍ နင်းလာခဲ့ပြီး ကီယိုစုတံတားကို ကျော်ပြီးသည်နှင့် ဘယ်ဘက်သို့ ချိုးလိုက်သည်။

ပြောသင့် ပြောထိုက်သော စကားများကို ပြတ်ပြတ်သားသား ပြောခဲ့ပြီးပြီဟု သူမ ယူဆထားသော်လည်း တိုဂါရှိက ယခုအချိန်ထိ စိတ်ကုန်သေးဟန်မတူပေ။ မကြာခင် ဆိုင်သို့ နောက်တစ်ကြိမ် ထပ်ရောက်လာပေဦးမည်။ အခြေအနေများ ရှုပ်ထွေးလာသည်အထိ သူမအနားတွင် ရစ်သီရစ်သီ လုပ်နေပေလိမ့်မည်။ ထို့အပြင် သူမ၏ အလုပ်ရှင်ကိုလည်း ဒုက္ခပေးလာနိုင်သည်။ မီစာတို၏ ကျောင်းသို့လည်း သူ သွားနိုင်သေးသည်။ ယာစုကို လက်မြှောက် အရှုံးပေးသည် အထိ ထိုအယုတ်တမာကောင်သည် သူမကို လိုက်နှောင့်ယှက်နေတော့မည်။ ယာစုကိုသည် ကြာကြာတောင့်ခံနိုင်မည် မဟုတ်ဘဲ အရှုံးပေးကာ သူ့ကို အနေးနှင့် အမြန် ငွေထုတ်ပေးရမည် ဖြစ်ကြောင်း သူ အပိုင် တွက်ထားလေသည်။

တိုက်ခန်းသို့ ပြန်ရောက်သည်နှင့် ယာစုကိုသည် ညစာအတွက် စတင်ပြင်ဆင်သည်။ ဆိုင်မှ သယ်လာခဲ့သော ဟင်းကျန်များကို ပြန်နွေးရခြင်းမျှသာ ဖြစ်သော်လည်း ညစာ ပြင်ဆင်နေရသည်မှာ သူမအတွက် အင်မတန် ပင်ပန်းသည့် အလုပ်တစ်ခုကို လုပ်နေရသည့်နှယ်။ သူမ၏ စိတ်အာရုံထဲတွင် မလိုလားအပ်သော အတွေးများက မကြာမကြာ လွှမ်းမိုးလာကြသောကြောင့် အယောင်ယောင် အမှားမှား ဖြစ်နေပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မီစာတို့ အိမ်ပြန်ရောက်ချိန်လည်း နီးကပ်လာပြီ။ ကြက်တောင်ရိုက်အသင်းတွင် ပါဝင်ကစားနေသော မီစာတို့သည် လေ့ကျင့်ရေး ပြီးဆုံးလျှင် တခြားကစားဖော်များနှင့် အတန်ကြာမျှ ထွေရာလေးပါး တွတ်ထိုးနေပြီးမှသာ အိမ်သို့ပြန်လာတတ်သည်။ ထို့ကြောင့်လည်း အမြဲတမ်း ည ၇ နာရီကျော်မှ အိမ်ပြန်ရောက်သည်။

တံခါးမှ ခေါင်းလောင်းသံ မြည်လာသည်။ ယာစုကိုသည် ရင်တထိတ်ထိတ်ဖြင့် တံခါးဝသို့ လျှောက်သွားသည်။ မီစာတို့ထံတွင် အိမ်သော့ ရှိနေသည်မဟုတ်လား။

"လာပြီ"

ယာစုကိုသည် အခန်းတွင်းမှ လှမ်းမေးလိုက်သည်။

"ဘယ်သူလဲ"

တစ်ခဏမျှ ငြိမ်သက်သွားပြီးနောက် ပြန်လည်ဖြေကြားသံ ထွက်ပေါ်လာသည်။

"ငါ"

ယာစုကို မိုက်ခနဲ ဖြစ်သွားသည်။ သူမ မဖြစ်စေချင်သော အရာများအမှန်တကယ်ပင် ဖြစ်ပေါ်လာလေပြီ။ တိုဂါရှိသည် သူမအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီ။ ယခင်ကတည်းက သူမကို ဘန်တန်တိုင်မှ ဤနေရာအထိ နောက်ယောင်ခံပြီး လိုက်ခဲ့ဖူးပေလိမ့်မည်။

ယာစုကို ဘာမျှ ပြန်မဖြေနိုင်တော့။ တိုဂါရှိသည် တံခါးကို လက်ဖြင့်ထုနေလေသည်။

"ဟော့"

ယာစုကိုသည် ခေါင်းကို ခါယမ်းလိုက်ပြီး တံခါးကို ဖွင့်လိုက်သည်။ သို့သော် တံခါးသံကြိုးကိုတော့ မဖြုတ်သေး။

တစ်ဆယ်စင်တီမီတာမျှ တံခါးပွင့်ဟသွားသည်နှင့် တိုဂါရှိ၏ မျက်နှာပြင်က မြင်ကွင်းထဲသို့ ဝင်ရောက်လာသည်။ သူ၏ ဝါကြင့်နေသော သွားများကိုပေါ်အောင် စပ်ဖြဲဖြဲလုပ်လျက် ယာစုကိုကို စိုက်ကြည့်နေသည်။

"နင် ဒီကို ဘာလာလုပ်တာလဲ၊ နင် ပြန်တော့"

"ငါ ပြောချင်တာ ပြောလို့မှ မပြီးသေးတဲ့ဟာ၊ နင်ဘာလို့ ဒီလောက်တောင် လောနေရတာလဲ"

mgyoe.com

“ငါ့ကို ထပ်ပြီး မနှောင့်ယှက်ချင်ပါနဲ့တော့”

“ငါ့စကား တစ်ခွန်း နှစ်ခွန်းလောက်ကို နားထောင်လိုက်ရလို့ ဘာမှ ဖြစ်မသွားပါဘူး။ ငါ့ကို တံခါးအရင် ဖွင့်ပေးစမ်းပါ”

“ဟင့်အင်း... နင် အခု ထွက်သွား”

“နင် ငါ့ကို ပေးမဝင်ဘူး ဆိုရင် ငါ ဒီမှာ ထိုင်စောင့်နေရုံပေါ့။ မီစာတိုလဲ မကြာခင် ပြန်ရောက်တော့မှာပဲ။ နင်နဲ့ ပြောလို့ မရဘူးဆိုရင်လဲ ငါ သူနဲ့ ပြောရုံ ရှိတော့တာပ”

“အဲဒါ သူနဲ့မှ မဆိုင်ဘဲ”

“ဒါဆို ငါ့ကို ဖွင့်ပေးလေ”

“ငါ ရဲကို တိုင်လိုက်မှာ”

“တိုင်လေ... နင့်သဘောပဲ။ ကိုယ့်မယားဟောင်းကို လာတွေ့တာပဲ ဟာ၊ မဟုတ်တာ လုပ်နေတာမှ မဟုတ်ဘဲ။ ရဲတွေကကော ဘာလုပ်နိုင်မှာမို့လို့လဲ။ သူတို့ကတောင် ပြောလိမ့်ဦးမယ်။ အစ်မကြီးရယ်... ကိုယ့်လူကို အထဲပေးဝင်လိုက် ရင် ဘာဖြစ်သွားမှာမို့လို့လဲ”

ယာစုကိုသည် နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားသည်။ တိုဂါရှိ ပြောခဲ့သည်မှာလည်း ငြင်းပယ်၍ မရသော အမှန်တရားပင်။ သူ ယခင်က ရဲတိုင် ခဲ့ဖူးသည်။ သို့သော် သူတို့ထံမှ ဘာအကူအညီမျှ မရခဲ့ပေ။

မိမိတိုက်ခန်းတွင် ရုတ်ရုတ်ရက်ရက် ဖြစ်နေမည်ကိုလည်း သူမ မလို လား။ အာမခံမလိုဘဲ အိမ်ခန်းတစ်ခန်း ငှားနိုင်ခဲ့သည်မှာ အင်မတန် ကံကောင်း သည်ဟု ဆိုရပေမည်။ အကယ်၍ ဤနေရာတွင် မလိုလားအပ်သော ကောလာ ဟလများ ပျံ့နှံ့သွားလျှင် သူတို့ သားအမိသည် ယခု နေနေသော တိုက်ခန်းမှ နှင်ထုတ်ခံရနိုင်သည်။

“ပြောပြီးတာနဲ့ ပြန်”

“အင်းပါ”

တိုဂါရှိသည် အောင်နိုင်သူတစ်ယောက်ကဲ့သို့ ပြုံးနေသည်။

တံခါးသံကြိုးကို ဖြုတ်လိုက်ပြီးနောက် တိုဂါရှိ အခန်းထဲသို့ ဝင်လာ သည်။ မျက်လုံးများက အခန်းတွင်းသို့ အကဲခတ်ရင်း ဖိနပ်ချွတ်နေသည်။ ဘယ် ဘက်တွင် မြက်ဖျာခြောက်ချပ်စာ ကျယ်ဝန်းသော ဧည့်ခန်းရှိပြီး ညာဘက်တွင်

mgyoe.com

mgyoe.com


မီးဖိုချောင် ရှိသည်။ အနောက်ဘက်တွင် မြက်ဖျာလေးချပ်စာ အိပ်ခန်းနှင့် အိမ်နောက်ဖေးတွင် ဝရန်တာ ရှိသေးသည်။

"ကျဉ်းလဲကျဉ်း၊ ဟောင်းလဲဟောင်းနေပြီ ဆိုပေမယ့် မဆိုးပါဘူး"

တိုဂါရှိသည် ဧည့်ခန်းအလယ်ရှိအပူပေးစားပွဲအောက်သို့ သူ့ခြေထောက်များကို ခပ်တည်တည်နှင့် ထိုးထည့်လိုက်သည်။ "မီးလဲ မလာပါလား" ဟု ပြောရင်း မီးခလုတ်ကို ဖွင့်လိုက် ပိတ်လိုက် လုပ်နေလေသည်။

"နင် ဘာကြောင့် ငါ့နောက် လိုက်နေသလဲ ဆိုတာ ငါသိတယ်"

ယာစုကိုသည် မတ်တတ်ရပ်လျက် တိုဂါရှိကို စိုက်ကြည့်နေသည်။

"ပလီပလာ လျှောက်ပြောပြီး နောက်ဆုံးတော့လဲ နင် ပိုက်ဆံ လိုချင်လို့ပဲ မဟုတ်လား"

"မင်းက ဘာသဘောလဲ"

တိုဂါရှိသည် အိတ်ကပ်ထဲမှ ခုနစ်စင်ကြယ် စီးကရက်ဘူးကို ဆွဲထုတ်လိုက်သည်။ ဆေးလိပ်တစ်လိပ်ကို မီးညှိပြီးသောအခါ ဘေးဘီသို့ လှည့်ကြည့်သည်။ ထိုအခါမှ ဆေးလိပ်ပြာခွက် မရှိမှန်း သတိထားမိသွားသည်။ သူသည် အမှိုက်တောင်းထဲမှ ဘူးခွံတစ်ခုကို လှမ်းယူပြီး အထဲသို့ ဆေးလိပ်ပြာများ ခြွေချလိုက်သည်။

"နင် ပိုက်ဆံ လိုချင်လို့ပဲလေ၊ အဓိကက အဲဒါပဲ မဟုတ်လား"

"မင်းက အဲဒီလို ထင်နေရင်လဲ မင်းသဘောပါပဲ"

"ပိုက်ဆံလား... ငါ့မှာ တစ်ပြားမှ မရှိဘူး"

"အင် ... ဟုတ်လား"

"နင် သွားတော့၊ ဘယ်တော့မှ ပြန်မလာနဲ့"

ထိုစကားကို ပြောပြီး၍ တစ်ခဏမှာပင် အိမ်ခန်းတံခါးမှာ ရုတ်တရက် ပွင့်လာပြီး ကျောင်းဝတ်စုံ ဝတ်ဆင်ထားသော မိစာတို အိမ်ထဲသို့ ပြေးဝင်လာသည်။ အိမ်ထဲတွင် ဧည့်သည်ရှိနေကြောင်း သတိထားမိသွားသောအခါ အပေါက်ဝတွင် တစ်ခဏမျှ တုံ့ရပ်သွားသည်။ ထို့နောက် ဧည့်သည်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိသွားသည့် အခါတွင်မူ သူမ၏ မျက်နှာပေါ်၌ စိတ်ပျက်ခြင်း၊ စိုးရိမ်ခြင်းနှင့် ရှုံ့ရှာစက်ဆုပ်ခြင်း စသော စိတ်ခံစားချက်များ ရောပြွမ်း၍ ထင်ဟပ်လာတော့သည်။ လက်ထဲတွင် ကိုင်ထားသော ကြက်တောင်ဘက်တံလည်း လက်ထဲမှ လွတ်ကျသွားလေသည်။

mgyoe.com

"မီစာတို... မတွေ့ရတာ ကြာပြီနော်၊ မင်းလဲ ထွားလာပြီကော"

တိုဂါရှိက လှမ်းနှုတ်ဆက်လိုက်သည်။

မီစာတိုသည် ယာစုကိုကို တစ်ချက် လှမ်းကြည့်ပြီး ဘာမှ မပြောဘဲ ဖိနပ်ချွတ်ကာ အိမ်ထဲသို့ ဝင်လာသည်။ ထို့နောက် သူတို့အရှေ့မှ ဖြတ်လျှောက်သွားပြီး အိပ်ခန်းထဲသို့ ဝင်သွားကာ စက္ကူတံခါးကို ဒုန်းခနဲ ပိတ်ပစ်လိုက်သည်။

တိုဂါရှိသည် တစ်ခဏမျှ ငြိမ်နေပြီးနောက် စကားကို ပြန်စလာသည်။

"မင်း ဘယ်လို တွေးနေမလဲတော့ ငါ မသိဘူး၊ ဒါပေမဲ့ ငါ့ဘက်ကတော့ မင်းနဲ့ ပြန်ပေါင်းချင်လို့ ပြောနေတာပဲ၊ ငါ အခုလို တောင်းဆိုနေတာ ဘာတွေများ တရားလွန်နေလို့လဲ"

"ငါ ပြောပြီးပြီပဲ၊ နင် စိတ်ကူးယဉ်မနေနဲ့။ နင် ဘာလို့ အဲဒီလောက် မျက်နှာ ပြောင်တိုက်နေရတာလဲ၊ ပိုက်ဆံ လိုချင်လို့ ငါ့အနား ရစ်သီရစ်သီ လုပ်နေတာ မဟုတ်လား"

တိုဂါရှိသည် ဘာမှ ပြန်မပြောဘဲ တီဗွီအဝေးထိန်း ခလုတ်ကို ကိုင်ပြီး တီဗွီဖွင့်လိုက်သည်။ တီဗွီတွင် ကာတွန်းကားတစ်ကား ပြနေသည်။

ယာစုကိုသည် သက်ပြင်းတစ်ချက် ချပြီး မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ လက်ဆေးကန်ဘေးနားရှိ အံဆွဲထဲမှ ပိုက်ဆံအိတ်ကို ယူပြီး အိတ်ထဲမှ တစ်သောင်းတန် ငွေစက္ကူ နှစ်ရွက်ကို ထုတ်ယူလိုက်သည်။

"ရော့၊ ယူပြီး ပြန်တော့"

ယာစုကိုသည် အပူပေးစားပွဲပေါ်တွင် ပိုက်ဆံကို ချထားလိုက်သည်။

"ဒါ ဘာလုပ်တာလဲ၊ မင်း ပြောတော့ ပိုက်ဆံ လုံးဝ မပေးဘူး ဆို"

"ဒါ နောက်ဆုံးတစ်ကြိမ်ပဲ"

"ဒီလောက်လေးနဲ့ ငါ ဘာလုပ်ရမှာလဲ"

"နင် ဒီထက် ပိုလိုချင်နေတာ ငါ သိတယ်၊ ငါလဲ ဒီထက် ပိုမပေးနိုင်ဘူး"

တိုဂါရှိက ငွေနှစ်သောင်းကို အတန်ငယ် စိုက်ကြည့်ပြီးနောက် ယာစုကိုကို မော့ကြည့်လိုက်သည်။

"အေးလေ၊ ဘယ်တတ်နိုင်မှာလဲ၊ ဒါဆို ငါသွားတော့မယ်၊ ဒါပေမဲ့ မင်းကို ထပ်ပြောထားရဦးမယ်။ ငါ ပိုက်ဆံလိုချင်တာ မဟုတ်ဘူးနော်၊ မင်း ဇွတ်အတင်း ပေးနေလို့သာ ယူလိုက်ရတာ"

mgyoe.com

သူသည် ငွေစက္ကူများကို အနွေးထည်အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။ ထို့နောက် သောက်လက်စ ဆေးလိပ်တိုကို သံဘူးခွံထဲ ထည့်ပြီး မတ်တတ်ထရပ်သည်။ သို့သော် သူသည် တံခါးမကြီးဆီသို့ ထွက်သွားခြင်း မဟုတ်ဘဲ အနောက်ဘက် အိပ်ခန်းဆီသို့ လျှောက်သွားလေသည်။ ထို့နောက် စက္ကူတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သောအခါ အထဲမှ မိစာတို၏ အော်ဟစ်သံများ ထွက်ပေါ်လာတော့သည်။

"နင် ဘာတွေ လျှောက်လုပ်နေတာလဲ"

ယာစုကိုက အော်မေးလိုက်သည်။

"ကိုယ့်သမီးလေးကို သွားနှုတ်ဆက်တာပဲ၊ ဘာဖြစ်လို့လဲ"

"သူက နင့်သမီးလဲ မဟုတ်တော့ဘူး၊ နင်နဲ့ ဘာမှ မဆိုင်ဘူး"

"ကဲကို ကဲလွန်းတယ်။ ငါ သွားပြီ မိစာတို၊ နောက်နေ့မှ တွေ့ကြတာပေါ့"

တိုဂါရှိသည် အခန်းတွင်းသို့ ကြည့်ရင်း ပြောလိုက်သည်။

တံခါးဝနားသို့ ရောက်လာသောအခါ နောက်ပြန်လှည့်ပြီး –

"ကြီးလာရင်တော့ တကယ် မိန်းမချောတစ်ယောက် ဖြစ်လာမှာပဲ၊ စောင့်ရချည့်သေးရဲ့"

"နင် မမိုက်ရိုင်းနဲ့"

"ရော်... ငါက အကောင်းပြောနေတဲ့ ဥစ္စာ။ နောက်သုံးနှစ်ဆိုရင် ပိုက်ဆံရှာလို့ရပြီ၊ အဲဒီအချိန်ကျရင် ဘယ်အရက်ဘားကမဆို သူ့ကို ခေါ်ချင်နေကြမှာပဲ"

"နင် သွား ... အခု ထွက်သွား"

"ငါ သွားမှာပါ၊ မပူပါနဲ့၊ အနည်းဆုံးတော့.... ဒီနေ့ပေါ့"

"နောက်လဲ ထပ် မလာနဲ့"

"ဒါတော့ ငါ အာမ မခံနိုင်ဘူး"

"နင် ....."

"ငါ မင်းကို သတိပေးထားရဦးမယ်၊ ငါ့လက်ထဲကနေ ဘယ်လိုမှ ထွက်ပြေးလို့ မလွတ်နိုင်ဘူး၊ စိတ်ကူးယဉ် မနေစမ်းနဲ့၊ ကြားလား"

တိုဂါရှိသည် တဟီးဟီး ရယ်လျက် ခါးကုန်း၍ ဖိနပ်စီးနေသည်။

ထိုစဉ် ယာစုကို၏ နောက်ကျောဘက်တွင် တစ်စုံတစ်ခု လှုပ်ရှားသွားသည်။ ယာစုကိုသည် နောက်လှည့်၍ ကြည့်လိုက်သောအခါ အနားတွင် ကျောင်း

mgyobe.com

SAMPLE BOOK

ဝတ်စုံ ဝတ်ထားသော မီစာတို ရပ်နေသည်ကို တွေ့လိုက်ရသည်။ သူမ၏ လက်ထဲတွင် တစ်စုံတစ်ရာကို ဆုပ်ကိုင်ထားသည်။

ယာစုကို တားမြစ်ဖို့ပင် အချိန် မရလိုက်။ အသံထွက်ဖို့ပင် မမီလိုက်တော့။ မီစာတို၏ လက်သည် မြောက်တက်သွားပြီး တိုဂါရှိ၏ နောက်စေ့ တည့်တည့်ကို ရိုက်ချလိုက်လေသည်။ 'အုန်း' ဟူသော အသံကို ကြားလိုက်ရပြီးနောက် တိုဂါရှိလည်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၂ )

ထို့နောက် မီစာတို၏ လက်ထဲမှ တစ်စုံတစ်ရာသည် လွတ်ကျသွားသည်။ ကြေးပန်းအိုး တစ်လုံး။ ဘန်တန်တိုင် ဆိုင်ဖွင့်ပွဲ ကျင်းပစဉ်က ကြွရောက်လာသော ဧည့်သည်များကို ယိုနာဇာဝါတို့က အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ခဲ့သော ပစ္စည်း ဖြစ်သည်။

"မီစာတို ... သမီး"

ယခုမှ ယာစုကိုလည်း အသံထွက်နိုင်တော့သည်။ ယာစုကိုသည် သမီးကို ပြူးကြည့်နေသည်။

မီစာတိုလည်း လုပ်မိလုပ်ရာ လုပ်လိုက်ပြီးမှ သတိမေ့မြောသူ တစ်ယောက်ကဲ့သို့ ကြောင်အအ ဖြစ်နေလေသည်။ ဝိညာဉ်မဲ့သူ တစ်ယောက်ကဲ့သို့ မလှုပ်မယှက် ရပ်နေသည်။ ထို့နောက် သူမ၏ မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာပြီး ကြောက်ရွံ့သော အမူအရာဖြင့် ယာစုကို၏ နောက်ကျောဘက်သို့ စိုက်ကြည့်နေလေသည်။

ယာစုကိုကအနောက်လှည့်ကြည့်လိုက်သောအခါယိုင်တိယိုင်တိုင်ဖြင့် မတ်တတ်ရပ်နိုင်ရန် ကြိုးစားနေသော တိုဂါရှိကို တွေ့လိုက်ရသည်။ သူသည် မျက်မှောင်ကို အစွမ်းကုန် ကုတ်လျက် နောက်စေ့ကို လက်ဖြင့် ပွတ်နေသည်။

"မင်းတို့ ...."

mgyoe.com

m g y o e . c o m


တိုဂါရှိ၏ မျက်နှာမှာ ဒေါသကြောင့် နီမြန်းလာသည်။ သူ၏ မျက်လုံးများသည် မိစာတိုကို စူးစူးရဲရဲ စိုက်ကြည့်လျက်။ တစ်ချက်မျှ ဘယ်ညာ ယိုင်သွားပြီး မိစာတို ရှိရာသို့ လှမ်းလျှောက်သွားလေသည်။

ယာစုကိုသည် တိုဂါရှိ၏ အရှေ့မှ ပိတ်ရပ်လိုက်သည်။

"နင် ... နင်"

"ဖယ်စမ်း"

တိုဂါရှိသည် ယာစုကို၏ လက်မောင်းကို လှမ်းကိုင်ပြီး တစ်ဖက်သို့ တွန်းထုတ်လိုက်သည်။ ယာစုကိုသည် နံရံနှင့် တိုက်မိပြီး ထိုနေရာတွင် ခွေလဲကျသွားလေသည်။

မိစာတိုက ပြေးဖို့ ကြိုးစားသော်လည်း တိုဂါရှိသည် သူမ၏ လည်ကုပ်ကို ဖမ်းမိလျက်သား ဖြစ်နေပြီ။ တိုဂါရှိသည် ခါးကို ညွှတ်လိုက်သည်နှင့် သူမလည်း ကြမ်းပြင်ပေါ်သို့ ပုံလျက်သား မှောက်လဲသွားတော့သည်။ တိုဂါရှိသည် မိစာတို၏ ခန္ဓာကိုယ်ကို အပေါ်မှ တက်ဖိထားပြီး လက်တစ်ဖက်ဖြင့် သူမ၏ ဆံပင်ကို ဆွဲကာ ကျန်လက်တစ်ဖက်ဖြင့် သူမ၏ ပါးကို ရိုက်လေတော့သည်။

"သောက်ကောင်မ၊ သေပေတော့"

တိုဂါရှိက ကြိမ်းဝါးနေသည်။

မည်သို့ လုပ်ရမည်နည်း။ ယာစုကို၏ ရင်ထဲ အလွန်အကျွံ ထိတ်လန့်လာသည်။ ထိုသို့သာ ပစ်ထားလိုက်လျှင် အမှန်တကယ်ပင် မိစာတို အသက်ထွက်သွားနိုင်သည်။

ယာစုကိုသည် ဘေးဘီသို့ လှည့်ကြည့်လိုက်သည်။ အပူပေးစားပွဲ၏ ဓာတ်ကြိုးက သူ့အမြင်အာရုံထဲသို့ ဝင်ရောက်လာသည်။ သူမသည် ပလပ်ခုံမှ ဓာတ်ကြိုးကို ဆွဲဖြုတ်လိုက်သည်။ ဓာတ်ကြိုး၏ နောက်တစ်ဖက်မှာ စားပွဲနှင့် ဆက်လျက် ရှိသည်။ သူမသည် ဓာတ်ကြိုးကို ကိုင်လျက် တိုဂါရှိအနားသို့ တိုးကပ်သွားသည်။

မိစာတို၏ ခန္ဓာကိုယ်ပေါ်တွင် ဖိလျက် ရိုက်နှက် ကြိမ်းဝါးနေသော တိုဂါရှို၏ နောက်ကျောနားသို့ ရောက်သောအခါ လက်တွင် ကိုင်ထားသည့် ဓာတ်ကြိုးကို တိုဂါရှိ၏ လည်ပင်းတွင် စွတ်ချပြီး အစွမ်းကုန် ဆောင့်ဆွဲလိုက်တော့သည်။

ဖူးဖူးဝါးဝါး အော်သံနှင့်အတူ တိုဂါရှိသည် နောက်သို့ ပက်လက်လန် လဲကျသွားသည်။ သူ၏ အဖြစ်သနစ်ကို ရိပ်မိသွားသောအခါ တိုဂါရှိသည် သူ့လက်

m g y o e . c o m

mgyoe.com

SAMPLE BOOK


နှစ်ဖက်ဖြင့် ဓာတ်ကြိုးကို ပြန်ဆွဲရန် ကြိုးစားတော့သည်။ ယာစုကိုကလည်း အားကုန်ထုတ်၍ ဆွဲနေသည်။ လက်လွှတ်၍ မဖြစ်တော့။ လက်လွှတ်လိုက်လျှင် အားလုံး သေဖို့သာ ရှိတော့သည်။ သမီးကို ကယ်မှ ဖြစ်မည်။ သူ့ကိုယ်သူလည်း ကယ်မှ ဖြစ်မည်။ ထိုသူ မသေမချင်း သူတို့ သားအမိကို ဘယ်တော့မှ အလွတ် ပေးတော့မည် မဟုတ်။

သို့သော် ခွန်အားဗလအရာတွင် ယာစုကိုသည် တိုဂါရှိနှင့် ယှဉ်နိုင်သူ မဟုတ်ပေ။ ဓာတ်ကြိုးသည် သူမ၏ လက်ထဲမှ တဖြည်းဖြည်း လျှောထွက် လာနေသည်။

ထိုစဉ် မီစာတိုသည် လဲနေရာမှ ထလာပြီး ဓာတ်ကြိုးကိုင်ထားသော တိုဂါရှိ၏ လက်များကို ဖမ်းဆွဲထားသည်။ ထို့နောက် တိုဂါရှိ၏ ကိုယ်ပေါ်တွင် ခွထိုင်လိုက်ပြီး သူ့ကို ရုန်းကန်၍ မရအောင် ဖိထားလိုက်သည်။

"အမေ ... အမြန်လုပ်၊ အမြန်"

မီစာတိုက အော်ပြောသည်။

တွန့်ဆုတ်နေရန် အချိန်မရှိတော့။ ယာစုကိုသည် မျက်လုံးကို စုံမှိတ်ပြီး တစ်ကိုယ်လုံးမှ အားအင်များကို လက်နှစ်ဖက်တွင် စုစည်းလိုက်သည်။ သူမ၏ ရင်နှစ်စုံမှာလည်း တဒိတ်ဒိတ် ခုန်နေကြသည်။ ခန္ဓာကိုယ်မှ သွေးများ ဆောင့်တွန်းနေသော အသံများကို အာရုံပြုရင်း ဓာတ်ကြိုးကို တင်းသည်ထက် တင်းအောင် ဆွဲထားလေသည်။

မည်မျှ ကြာမြင့်သည်အထိ ထိုသို့ ဆွဲထားမိသည်ကို သူမကိုယ်တိုင်ပင် အမှတ်မထားနိုင်တော့။ "အမေ" ဟု ခေါ်လိုက်သော အသံတိုးတိုးလေးကို ကြား လိုက်ရသောအခါမှ သတိပြန်ဝင်လာတော့သည်။

ယာစုကိုသည် မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ လက်က ဓာတ်ကြိုးကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားဆဲ။

တိုဂါရှိ၏ ခေါင်းက သူမ၏ မျက်စိ ရှေ့တည့်တည့်တွင် ရှိနေသည်။ မျက်လုံးများက ပြူးကျယ်နေသော်လည်း အသက်မဲ့စွာ မျက်နှာကြက် တစ်နေရာ သို့သာ ငေးကြည့်နေကြသည်။ မျက်နှာတစ်ပြင်လုံးသည်လည်း သွေးရောင်ကြောင့် ညိုမည်းနေသည်။ ဓာတ်ကြိုးပတ်ထားသော လည်ပင်းတွင်လည်း ကြိုးရာက အထင်းသား ပေါ်လျက်။

mgyoe.com

တိုဂါရှိသည် လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။ ပါးစပ်မှ သွားရည်များ ယိုစီးကျနေပြီး နှာခေါင်းမှလည်း နှာရည်များ စီးထွက်နေသည်။

"အား"

ယာစုကိုသည် အလန့်တကြား ထအော်ပြီး ဓာတ်ကြိုးကို လွှတ်ချလိုက်သည်။ 'ဒုန်း' ဟူသော အသံတစ်သံနှင့်အတူ တိုဂါရှိ၏ ဦးခေါင်းသည် ကြမ်းပြင်နှင့် ဆောင့်မိသွားသည်။ ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့။

မီစာတိုသည် တုန်တုန်ယင်ယင်ဖြင့် တိုဂါရှိ၏ ကိုယ်ပေါ်မှ ထရပ်လိုက်သည်။ ကျောင်းဝတ်စုံမှာလည်း တွန့်ကြေနေလေပြီ။ သူမသည် ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး နံရံကို မှီလျက် တိုဂါရှိကို စိုက်ကြည့်နေသည်။

သားအမိနှစ်ယောက်သည် ဘာစကားမျှ မပြောနိုင်ဘဲ အချိန်အတန်ကြာ နှုတ်ဆိတ်လျက် လှုပ်ရှားခြင်း မရှိတော့သည့် ရုပ်ခန္ဓာကို စိုက်ကြည့်နေကြသည်။ မီးဖိုချောင်ထဲတွင် ထွန်းထားသော မီးချောင်းမှ ထွက်ပေါ်နေသည့် 'တီ' ဟူသော အသံတစ်ခုတည်းသာ ထိုအခန်းထဲတွင် စိုးမိုးနေလေသည်။

"ဘယ်လိုလုပ်ကြမလဲ"

ယာစုကိုက ပြောလိုက်သည်။ သူမ၏ အသံက လေသံမျှသာ။ ဦးနှောက်ထဲတွင်လည်း ဗလာကျင်းလျက်။

"ငါ သူ့ကို သတ်လိုက်မိပြီ"

"မေ ....."

ယာစုကိုသည် သမီးကို လှမ်းကြည့်လိုက်သည်။ မီစာတို၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ မျက်လုံးအစုံမှာ ရဲရဲနီလျက်။ ပါးပြင်ပေါ်တွင်လည်း မျက်ရည်စီးကြောင်းများကို တွေ့ရသည်။ သူမ မည်သည့်အချိန်က ငိုခဲ့သည်ကို ယာစုကို သတိမထားမိလိုက်ပေ။

ယာစုကိုသည် တိုဂါရှိကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။ သူ့ကို ပြန်ထလာပါစေဟု မျှော်လင့်နေမိသည့် တစ်ချိန်တည်းမှာပင် မြန်မြန်သေပါစေ ဟုလည်း ဆုတောင်းနေမိပြန်သည်။ ထိုသို့ နှစ်ခွသော အတွေးများဖြင့် သူမရင်ထဲ ရှုပ်ထွေးနေလေသည်။ သို့သော် တိုဂါရှိမှာ ကြမ်းပြင်ပေါ်တွင် စိုးစဉ်းမျှ မလှုပ်တော့ပေ။

"ဒီလူယုတ်မာကြီးက ..... သူ့အပြစ်နဲ့ သူ ....."

mgyoe.com

မီစာတိုသည် ခြေထောက်နှစ်ဖက်ကို ကွေးပြီး ဒူးနှစ်လုံးကို လက်ဖြင့် သိုင်းဖက်လိုက်သည်။ ထို့နောက် သူမ၏ ခေါင်းကို ဒူးခေါင်းကြားသို့ လျှိုသွင်းလိုက်ပြီး တအိအိနှင့် ငိုရှိုက်နေတော့သည်။

"ဘယ်လိုလုပ်ကြမလဲ"

ယာစုကို နောက်တစ်ကြိမ် ရေရွတ်လိုက်ချိန်တွင် တံခါးခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ မျက်စိမျက်နှာ ပျက်ကာ အထိတ်တလန့်ဖြင့် သူမတစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။

မီစာတိုလည်း ခေါင်းထောင်လာသည်။ သူမ၏ မျက်နှာပြင်တစ်ခုလုံး မျက်ရည်များနှင့် ရွှဲရွှဲစိုနေသည်။ သားအမိနှစ်ယောက်သည် တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်နေမိကြသည်။ "ဒီအချိန် ဘယ်သူများ လာတာပါလိမ့်" ဟု အပြန်အလှန် မေးနေကြသယောင်။

တံခါးခေါက်သံ ထွက်ပေါ်လာပြန်သည်။ ထို့နောက် မကြာခင် အမျိုးသားတစ်ဦး၏ အသံ ထွက်ပေါ်လာသည်။

"မစ္စ ဟာနာအိုကာ"

သူမ ကြားဖူးသော အသံ ဖြစ်သည်။ သို့သော် အသံပိုင်ရှင်မှာ မည်သူဖြစ်သည်ကို ယာစုကို စဉ်းစား၍ မရ။ သူမသည် ဆေးမိထားသော လူတစ်ယောက်ကဲ့သို့ မလှုပ်မယှက် ထိုင်လျက် သမီးကိုသာ စိုက်ကြည့်နေမိသည်။

တံခါးခေါက်သံ ထပ်မံ ထွက်ပေါ်လာသည်။

"မစ္စ ဟာနာအိုကာ၊ မစ္စ ဟာနာအိုကာ"

အခန်းအပြင်ဘက်မှ လူသည် အိမ်ထဲတွင် ယာစုကိုတို့ ရှိနေသည်ကို သိပုံရသည်။ ထို့ကြောင့် ဘာမျှ ပြန်မထူးဘဲ မသိလိုက် မသိဟာသာ ပစ်ထား၍ မဖြစ်နိုင်။ သို့သော် ယခုလို အနေအထားမျိုးနှင့် တံခါးကို မည်သို့ ဖွင့်ရပါအံ့နည်း။

"သမီး အခန်းထဲ ဝင်နေ၊ တံခါးကို သေချာပိတ်ထား၊ လုံးဝ အပြင်ထွက်မလာနဲ့"

ယာစုကိုသည် အသံခပ်တိုးတိုးဖြင့် မီစာတိုကို အမိန့်ပေးလိုက်သည်။ သူမ၏ စဉ်းစား သုံးသပ်နိုင်စွမ်းတို့သည်လည်း တဖြည်းဖြည်းနှင့် ပြန်လည်ရောက်ရှိလာသည်။

တံခါးခေါက်သံ ထပ်မြည်လာပြန်သည်။ ယာစုကိုသည် အသက်ကို ဝအောင် ရှူသွင်းလိုက်သည်။

mgyoe.com

mgyoe.com


"လာပြီ"

သူမသည် တည်ငြိမ်သောအသံ ထွက်လာအောင် တမင် ကြိုးစားပြီး ပြန်ထူးလိုက်သည်။ သူမ၏ သရုပ်ဆောင်နိုင်စွမ်းကလည်း ဤမျှသာ တတ်နိုင်သည်။

"ဘယ်သူလဲ"

"ကျွန်တော် ဘေးအခန်းက အိရှိဂါမိပါ"

ယာစုကို ခေါင်းနားပန်း ကြီးသွားသည်။ မကြာသေးခင်က သူတို့၏ အခန်းမှ ထွက်ခဲ့သော အသံဗလံများသည် သာမန်ထက် ပို၍ ကျယ်လောင်ကောင်း ကျယ်လောင်သွားပေလိမ့်မည်။ အိမ်နီးနားချင်းများအနေဖြင့် ၎င်းကို သံသယ မဝင်ဘဲ နေမည် မဟုတ်။ ထို့ကြောင့်လည်း အိရှိဂါမိက လာရောက် မေးမြန်းခြင်း ဖြစ်ရ ပေမည်။

"လာပြီ... ခဏလေးနော်"

သူမ၏ အသံမှာ မူမှန် ပြန်ဖြစ်သွားပြီဟု ယာစုကိုက သူမကိုယ် သူမ ယူဆနေမိသည်။

မီစာတိုသည် အခန်းထဲသို့ ဝင်သွားပြီး စက္ကူတံခါးကို ပိတ်လိုက်သည်။ ယာစုကိုသည် တိုဂါရှိ၏ အလောင်းကို စိုက်ကြည့်နေသည်။ ထိုအရာကိုလည်း ဖြေရှင်းရပေဦးမည်။

အပူပေးစားပွဲမှာလည်း ရွဲ့စောင်းနေသည်။ စောစောက ခြတ်ကြိုးကို အတင်းဆွဲလိုက်သောကြောင့် နေရာရွေ့သွားခြင်း ဖြစ်သည်။ သူမသည် အပူပေး စားပွဲကို တစ်ဖက်သို့ ကပ်ပြီး အလောင်းနှင့် တွဲကာ စောင်ဖြင့် အုပ်လိုက်သည်။ အမြင်အရ သဘာဝ မကျလှသော်လည်း တခြား လုပ်နိုင်စရာ နည်းလမ်းလည်း သူမတွင် မရှိချေ။

ယာစုကိုသည် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်ပြီး အရာအားလုံး မူမှန် အနေအထား ရှိနေသည်ကို တွေ့ရသောအခါမှ တံခါးဝသို့ လျှောက်လာခဲ့သည်။ တိုဂါရှိ၏ ညစ်ပတ်ပေရေနေသော ဖိနပ်တစ်ရန်သည် မြင်ကွင်းထဲသို့ ဝင်ရောက် လာသည်။ သူမသည် အဆိုပါ ဖိနပ်များကို ဖိနပ်ဗီရိုထဲသို့ ထိုးထည့်လိုက်သည်။

သူမက တံခါးသံကြိုးကို တံခါးရွက်တွင် အသံမထွက်အောင် ချိတ် လိုက်သည်။ စောစောက တံခါးကို လော့ချမထားမိပေ။ အိရှိဂါမိသည် တံခါးကို တိုက်ရိုက် တွန်းဖွင့်ပြီး ဝင်မလာခဲ့သည်မှာ ကံကောင်းလှပေစွ။

mgyoe.com

mgyoe.com


တံခါးဖွင့်လိုက်သည်နှင့် အိရိုဂါမိ၏ မျက်နှာဝိုင်းဝိုင်းကို တွေ့မြင်ရသည်။ သူ၏ ကျဉ်းမြောင်းသော မျက်လုံးများက ယာစုကိုကို စိုက်ကြည့်နေသည်။ သူက မျက်နှာသေဖြင့် စိုက်ကြည့်နေသောကြောင့် ကျောထဲ စိမ့်တက်သွားသည်။

"ဘာကိစ္စရှိလို့လဲရှင်"

ယာစုကိုသည် ကြိုးစားပြီး သူ့ကို ပြုံးပြလိုက်သည်။ သူမ၏ မျက်နှာမှ ကြွက်သားများ တောင့်တင်းနေကြောင်းကို သူမ သတိထားလိုက်မိသည်။

"ကျွန်တော် အသံအကျယ်ကြီးတစ်ခု ကြားလိုက်လို့ပါ"

အိရိုဂါမိ၏ မျက်နှာသည် အကဲခတ်၍ မရနိုင်လောက်အောင် တည်ငြိမ်နေသည်။

"ဘာများ ဖြစ်လို့လဲ"

"ဟင့်အင်း... ဘာမှ မဖြစ်ပါဘူး"

ယာစုကိုက ခေါင်းကို အားရပါးရ ခါယမ်းလိုက်သည်။

"ဆောရီးပါပဲရှင်... အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်"

"ဘာမှ မဖြစ်ရင် ပြီးတာပါပဲ"

အိရိုဂါမိ၏ မျက်လုံးများက အခန်းတွင်းသို့ လှမ်းကြည့်နေသည်ကို ယာစုကို သတိထားလိုက်မိသောအခါ တစ်ကိုယ်လုံး ထူပူသွားသည်။

"ပိုးဟပ် ....."

သူမ၏ နှုတ်မှ ရုတ်တရက် ထွက်ကျလာသည်။

"ပိုးဟပ်"

"ဟုတ်တယ်... ပိုးဟပ်ပါ၊ ကျွန်မတို့ သားအမိနှစ်ယောက် ပိုးဟပ် ရိုက်နေကြတာ... ဒါကြောင့် အသံဗလံတွေ ထွက်ကုန်တာ ဖြစ်မယ်"

"သတ်ပစ်လိုက်ပြီလား"

"ရှင်"

အိရိုဂါမိ၏ အမေးကြောင့် ယာစုကို၏ မျက်လုံးများ ပြူးကျယ်လာကြသည်။

"ပိုးဟပ်လေ"

"အဲ... အင်း... အိုကေသွားပါပြီ"

ယာစုကိုက ခေါင်းညိတ်ပြလိုက်သည်။

mgyoe.com

mgyoe.com


"ကျွန်တော် ကူညီပေးနိုင်တာ ရှိတယ်ဆိုရင် ပြောသာ ပြောပါ။ အားမနာပါနဲ့"

"ကျေးဇူးပါရှင်... ရှင့်ကို အနှောင့်အယှက် ပေးမိသလို ဖြစ်သွားတယ်၊ အားနာစရာပဲ"

ယာစုကိုသည် ဦးညွှတ် အရိုအသေ ပေးပြီး တံခါးကို ပိတ်လိုက်သည်။ အိရိုဂါမိသည် သူ့အခန်းသို့ပြန်ရောက်သွားပြီး တံခါးပိတ်သံကိုကြားလိုက်ရသော အခါမှ ယာစုကိုသည် ရင်ထဲမှ လေပူများကို အားပါးတရ မှုတ်ထုတ်ပြီး တံခါးဝ မှာပင် ငုတ်တုတ် ထိုင်ချပစ်လိုက်သည်။

နောက်ကျောဘက်မှ စက္ကူတံခါး ဆွဲဖွင့်သံ ကြားရပြီး အပြင်သို့ မီစာတို ထွက်လာသည်။

ယာစုကိုသည် မလှုပ်ချင် လှုပ်ချင်ဖြင့် မတ်တတ်ရပ်လိုက်ပြီး စောင်ဖြင့် ဖုံးအုပ်ထားသော အလောင်းရှိရာ အရပ်သို့ စိုက်ကြည့်နေမိသည်။ စိတ်ပျက် အားငယ်စိတ်များက သူမ့ရင်ထဲသို့ နောက်တစ်ကြိမ် ထိုးဖောက်ဝင်ရောက်လာပြန် သည်။

"မတတ်နိုင်တော့ဘူး ..... ဘယ်လိုလုပ်ကြမလဲ"

သူမ ရေရွတ်မိသည်။

"ဘယ်လိုလုပ်မလဲ ဟင်"

မီစာတိုက မျက်လုံးကို ပင့်ကာ မိခင်ကို ငေးကြည့်နေသည်။

"ဘာလုပ်နိုင်ဦးမှာလဲ၊ ဖုန်းဆက်ပြီး ......ရဲကို အကြောင်းကြားရုံပေါ့"

"အဖမ်းခံမလို့လား ဟင်"

"တခြားလမ်းမှ မရှိဘဲ၊ လူက သေတောင် သေနေပြီ၊ ပြန်ရှင်လာတော့ မှာမှ မဟုတ်တာ"

"အဲဒီလို အဖမ်းခံရင် ဘာဖြစ်မှာလဲ ဟင်"

"မပြောတတ်ဘူးလေ...."

ယာစုကိုသည် သူမဆံပင်ကို လက်ဖြင့် သပ်လိုက်သည်။ ထိုအခါမှ သူမ တစ်ခေါင်းလုံးရှိ ဆံပင်များ ရှုပ်ပွနေသည်ကို ရိပ်စားမိတော့သည်။ ဘေးအိမ် မှ သချာဆရာသည် သူမပုံပန်းကို မြင်၍ အံ့ဩနေပေလိမ့်မည်။ ယခုမှတော့ သူမ လည်း ဘာမျှ မတတ်နိုင်တော့ပြီ။

mgyoe.com

mgyoe.com

"ထောင်ကျမှာလား ဟင်"

သမီးက ထပ်မေးသည်။

"အဲဒါ မေးဖို့ လိုလို့လား"

ယာစုကိုက မဲ့ပြုံး ပြုံးလိုက်သည်။

"အမေ လူတစ်ယောက်ကို သတ်လိုက်မိပြီပဲ"

မိစာတိုက ခေါင်းကို ခပ်ဆတ်ဆတ် ခါယမ်းနေသည်။

"ဟင့်အင်း... အဲဒါ အမေရဲ့ အမှားမှ မဟုတ်ဘဲ၊ ဒီလူယုတ်မာကြီးက မဟုတ်တာ၊ သူ့ကြောင့်...။ သမီးတို့က သူနဲ့ ဘယ်လိုမှမှ မပတ်သက်တော့တာ၊ သူက သမီးတို့ကို လိုက်ပြီး နှောင့်ယှက်နေတာလေ... ဒီလို လူမျိုးတစ်ယောက် အတွက်နဲ့ ဘာဖြစ်လို့ ထောင်ကျခံရမှာလဲ"

"ဒါတွေ ပြောနေလို့ ဘာအသုံးကျဦးမလဲကွယ်၊ လူတစ်ယောက်ကို အမှန်တကယ် သတ်ပြီးသွားပြီပဲ ဥစ္စာ"

ထိုသို့အချေအတင်ပြောနေကြစဉ်တွင် ယာစုကို၏ စိတ်မှာလည်း တည်ငြိမ်သည်ထက် တည်ငြိမ်လာသည်။ ပြဿနာကို ခေါင်းအေးအေး ထားပြီး ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိလာသည်။ ထိုသို့ တည်ငြိမ်လာလေလေ သူ့တွင် တခြား ရွေးချယ်စရာ နည်းလမ်းမရှိကြောင်း နားလည် သဘောပေါက်လာလေလေ ဖြစ်သည်။ မည်သည့်နည်းဖြင့်မဆို ဤပြစ်မှုမှ ရှောင်လွှဲ၍ မရသည် မှန်သော်လည်း မိစာတိုကိုတော့ လူသတ်သမားတစ်ဦး၏ သမီးအဖြစ် သမုတ်ခံရမည်ကို သူ နည်းနည်းမျှ မလိုလားချေ။

ယာစုကိုသည် အခန်းထောင့်တွင် ချထားသော ကြိုးမဲ့တယ်လီဖုန်းကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ထိုနေရာသို့ လျှောက်သွားပြီး ၎င်းကို ကောက်ကိုင်လိုက်သည်။

"ဟင့်အင်း... အမေ အဲဒီလို မလုပ်ရဘူး"

မိစာတိုသည် အခန်းထောင့်သို့ ပြေးလာပြီး ယာစုကို၏ လက်ထဲမှ တယ်လီဖုန်းကို လုယူသည်။

"လက်လွှတ်စမ်း"

"ဟင့်အင်း... မဆက်ရဘူး"

မိစာတိုက အော်လျက် ယာစုကို၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲထား

mgyoe.com

m gyoe.com  SAMPLE BOOK 

သည်။ ကျောင်းတွင် နာရီပေါင်းများစွာ ကြက်တောင်ရိုက် လေ့ကျင့်ထားသော ကြောင့် ဖြစ်မည်။ မီစာတို၏ လက်မှာ အင်မတန် မြဲမြံလှသည်။

"လွှတ်ပါ သမီးရယ်"

"ဟင့်အင်း... အမေ မလုပ်ရဘူး၊ သမီး အဖမ်းခံလိုက်မယ်"

"နင် ဘာတွေ လျှောက်ပြောနေတာလဲ"

"သူ့ကို အရင်ဆုံး ရိုက်တဲ့သူက သမီးပါ၊ အမေက သမီးကို ကယ်ချင်လို့သာ ဝင်ပါလာရတာလေ၊ သမီးလဲ လူသတ်တရားခံပဲ"

မီစာတို၏ စကားကြောင့် ယာစုကို၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး သူမ၏ ကိုယ်မှာ ပျော့ခွေကျသွားသည်။ ဖုန်းကို ဆုပ်ကိုင်ထားသည့် လက်များ အနည်းငယ် လျော့ရိလျော့ရဲ ဖြစ်သွားသည်ကို သတိထားလိုက်မိသော မီစာတိုသည် သူမ လက်ထဲမှ တယ်လီဖုန်းကို ဆွဲလုပြီး သူမနှင့် ဝေးရာ တခြား အခန်းထောင့်သို့ ပြေးသွားသည်။ ထို့နောက် ဖုန်းကို ရင်ခွင်တွင် ပိုက်ထားပြီး ယာစုကိုကို ကျောပေးလျက် ရပ်နေလေသည်။

မှုခင်းရဲများက မည်သို့ ပြုလုပ်ကြမည်နည်း။ ယာစုကို စဉ်းစားဆင်ခြင်ကြည့်သည်။

ရဲများသည် မိမိကို ယုံကြည်ကြပါမည်လော။ မိမိတစ်ဦးတည်းက သတ်ခဲ့ပါသည်ဟု ဖြောင့်ချက်ပေးလျှင် ထိုစကားကို လုံးဝ သံသယ မဝင်ဘဲ အလွယ်တကူ လက်ခံကြပါမည်လော။သူ့စကားကို အပြည့်အဝ ယုံကြည်ကြပါမည်လော။

ဤအမှုနှင့် ပတ်သက်ပြီး ရေဆုံး မြေဆုံး လိုက်ကြပေလိမ့်မည်။ ယာစုကိုသည် တီဗွီဇာတ်လမ်းတွဲ ကြည့်စဉ်က ကြားခဲ့ဖူးသည့် 'အထောက်အထား ရှာဖွေခြင်း' ဟူသော ဝေါဟာရကို သတိရလာမိသည်။ သူတို့သည် နည်းလမ်းမျိုးစုံ သုံးပြီး သံသယတရားခံ၏ ထွက်ဆိုချက်များကို မည်သည်က မှန်သည်၊ မည်သည်က မှားသည်ဟု စိစစ် ဝေဖန်ကြပေလိမ့်မည်။

ယာစုကို၏ အမြင်အာရုံများ ဝေဝါးလာသည်။ ရဲများက သူမကို မည်သို့ပင် ခြိမ်းခြောက်၍ စစ်ဆေးစေကာမူ မီစာတိုကို ဤအမှုထဲသို့ ဆွဲမထည့်မိစေရန် သူ့ကိုယ်သူ အာမခံနိုင်သည်။ သို့သော် သူတို့သည် သဲလွန်စ တစ်ခုခုကို စုံစမ်းထုတ်ဖော်နိုင်ခဲ့လျှင် မည်သို့ ပြုရပါအံ့နည်း။ ထိုသို့ဆိုလျှင် သူမ မည်မျှပင် ရိုကျိုး

mgyoe.com

mgyoe.com  SAMPLE BOOK 

တောင်းပန်သည် ဖြစ်စေ၊ သူတို့သည် မီစာတိုကိုလည်း မည်သည့်နည်းနှင့်မျှ အလွတ်ပေးတော့မည် မဟုတ်ပေ။

တစ်ကိုယ်တည်း လူသတ်ခဲ့ပါသည်ဟု ထင်မှတ်ရလေအောင် အကွက်ဆင်လျှင် ရနိုင်ပါမည်လော။ ယာစုကိုသည် ထိုအကြံကို ချက်ချင်း ပယ်ချလိုက်သည်။ သူကဲ့သို့သော လူတစ်ယောက်အနေဖြင့် ထိုသို့ အကြံအဖန် လုပ်ထားလျှင်လည်း ကြာကြာ ဖုံးဖိထားနိုင်စွမ်း ရှိလိမ့်မည် မဟုတ်။

မည်သို့ဆိုစေ မီစာတိုကိုတော့ ကာကွယ်ပေးရမည်။ ယာစုကိုက ထိုသို့ ဆုံးဖြတ်ထားသည်။ သမီးဖြစ်သူသည် ငယ်စဉ်ကတည်းက တောက်တောက်ပြောင်ပြောင် နေခဲ့ရသည် မဟုတ်။ ဤသနားစရာကောင်းသော သမီးကို မိမိ၏ အသက်နှင့် လဲ၍ ကာကွယ် စောင့်ရှောက်ရမည်။

မည်သို့ ပြုလုပ်ရမည်နည်း။ တခြား ရွေးချယ်စရာ နည်းလမ်းများ မရှိတော့ပြီလော။

ထိုသို့ စဉ်းစားနေစဉ်မှာပင် မီစာတို၏ လက်ထဲရှိ တယ်လီဖုန်းထံမှ အသံမြည်လာသည်။ သူမသည် ပိုင်းစက်သော မျက်လုံးများဖြင့် ယာစုကိုကို ငေးကြည့်နေသည်။

ယာစုကိုက ရှေ့တစ်လှမ်းတိုးကာ လက်ကို ဆန့်တန်းလိုက်သည်။ မီစာတို၏ မျက်နှာတွင် တွေဝေသော အရိပ်အယောင်များ ထင်ရှား ဖြစ်ပေါ်လာပြီး တစ်ချက် တွန့်သွားသည်။ တစ်ခဏကြာမှ ဖုန်းကို လှမ်းပေးလေသည်။

ယာစုကိုသည် အသက်ရှူမှန်အောင် ပြုပြင်ပြီးမှ ဖုန်းလက်ခံခလုတ်ကို နှိပ်လိုက်သည်။

"ဟယ်လို၊ မင်္ဂလာပါ၊ ကျွန်မ ဟာနာဒါအိုကာပါ"

"ကျွန်တော် ဘေးအခန်းက အိရှိဂါမိပါ"

ယာစုကိုသည် တယ်လီဖုန်းကို ငေးစိုက်ကြည့်နေမိသည်။ သင်္ချာဆရာပင် ဖြစ်နေပြန်သည်။ ယခုတစ်ကြိမ်လည်း သူ ဘာများ ပြောချင်သေးသနည်း။

"ဟုတ်၊ ဘာကိစ္စ ရှိပါသလဲရှင်"

"ခင်ဗျားတို့ တိုင်ပင်နေကြတာ ဘယ်အခြေအနေ ရောက်ပြီလဲ မသိဘူး"

သူ၏ စကားကို ယာစုကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဘာကို ဆိုလိုတာလဲ မသိဘူးနော်"

"ကျွန်တော် ပြောချင်တာက ...."

mgyoe.com

mgyoe.com SAMPLE BOOK

အိရှိဂါမိသည် တဒင်္ဂမျှ ရပ်တန့်လိုက်ပြီးမှ ဆက်ပြောသည်။

"တကယ်လို့ ရဲကို အကြောင်းကြားမယ် ဆိုရင် ကျွန်တော် ဘာမှ မပြောလိုပါဘူး။ အဲဒီလိုမှ စိတ်ကူးမရှိဘူး ဆိုရင်တော့ ကျွန်တော်.... တစ်ခုခုများ ကူညီပေးနိုင်မလားလို့ပါ"

"ရှင်"

ယာစုကိုသည် အံ့အားသင့်လျက် ပါးစပ်အဟောင်းသားဖြင့် ရပ်နေမိသည်။ သူ ဘာပြောချင်နေသနည်း။

"အဆင်ပြေမယ် ဆိုရင် ..."

အိရှိဂါမိသည် လေသံဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။

"ကျွန်တော် အဲဒီကို အခု လာခဲ့လို့ ရမလား"

"ရှင်၊ ဟင့်အင်း .... အဲဒါ .... ဘယ်လိုမှ အဆင်မပြေပါဘူး"

ယာစုကို၏ ခြေဖျား လက်ဖျားများ အေးခဲလာသည်။

"မစ္စ ဟာနာအိုကာ"

အိရှိဂါမိက အသံကို အနည်းငယ် မြှင့်လိုက်သည်။

"ခင်ဗျားတို့အနေနဲ့ အလောင်းကို ဘယ်လိုမှ ဖြေရှင်းနိုင်လိမ့်မယ် မထင်ဘူး"

ယာစုကို ဆွံ့အ,သွားသည်။ သူ မည်သို့ သိရှိသွားသနည်း။

သူ ကြားသွားခဲ့တာပဲ ဖြစ်မည်။ မိစာတိုနှင့် အချေအတင် ပြောခဲ့ကြသော စကားများကို သူ ကြားသိသွားတာပဲ ဖြစ်ရပေမည်။ မဟုတ်သေး။ တိုဂါရှိနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ကြကတည်းက သူ အလုံးစုံကို ကြားသိနေတာပဲ ဖြစ်ရမည်။

လမ်းဆုံးသွားပြီ။ သူမသည် ခေါင်းကို ငိုက်စိုက်ချရင်း တွေးနေမိသည်။ သူမတွင် လွတ်မြောက်နိုင်ရန် လမ်းစ မရှိတော့။ ရဲများကို အကြောင်းကြားရန်သာ ကျန်တော့သည်။ သို့သော် မိစာတိုကိုတော့ ဤအရှုပ်ထုပ်ထဲသို့ မည်သည့်နည်းနှင့်မျှ ဆွဲသွင်း၍ မဖြစ်။ အစွမ်းကုန် ဖုံးဖိကာကွယ်ပေးသွားရမည်။

"မစ္စဟာနာအိုကာ၊ ကြားလား မသိဘူး"

"ဟုတ် .... ကြားပါတယ်"

"ကျွန်တော် လာလို့ ရမလား"

mgyoe.com

"ဒါပေမဲ့......"

ဖုန်းလက်ကိုင်ကို နားတွင် ကပ်ထားလျက် ယာစုကိုသည် သူ့သမီးကို လှမ်းကြည့်လိုက်သည်။ မီစာတိုကလည်း ကြောက်ရွံ့စိတ်၊ အားငယ်စိတ်များဖြင့် သူမကို ပြန်စိုက်ကြည့်နေသည်။ မည်သူနှင့် ဖုန်းပြောနေသည်ကို မသိနိုင်သော ကြောင့် သူမ၏ မျက်နှာ အမူအရာမှာ ဇဝေဇဝါ ဖြစ်နေသည်။

အကယ်၍ ဖြစ်ပျက်ခဲ့သမျှသော အကြောင်းအရာ အလုံးစုံကို အိရှိုဂါမိ သည် တစ်ဖက်ခန်းမှ ကြားသိနေခဲ့သည် ဆိုလျှင် ဤလူသတ်မှုတွင် မီစာတို လည်း ပါဝင်နေသည်ကို သူ သိထားပြီး ဖြစ်ပေလိမ့်မည်။ အကယ်၍ သူ သိထား သမျှကို ရဲများအား အသိပေးလိုက်မည် ဆိုလျှင် ....

ယာစုကိုက ဆုံးဖြတ်ချက် ချလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ ရှင့်ကို အကူအညီ တောင်းစရာ ရှိတာနဲ့ အတော်ပါပဲ၊ အခန်းဘက်ကို ခဏ ကြွလာပေးလို့ ရမလား"

"ကောင်းပြီလေ၊ ကျွန်တော် အခု လာခဲ့ပါ့မယ်"

ယာစုကို ဖုန်းချလိုက်သည်နှင့် ချက်ချင်းပင် မီစာတို၏ အမေးသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲဟင်"

"ဘေးအိမ်က ဆရာ၊ မစ္စတာ အိရှိုဂါမိ"

"သူက ဘယ်လို ......"

"သမီးကို နောက်မှ ရှင်းပြတော့မယ်၊ အခု အိပ်ခန်းထဲမှာ သွားနေနေ ချေ၊ တံခါးကို သေချာပိတ်ထား... မြန်မြန်"

မီစာတိုသည် အူတိအူကြောင် မျက်နှာထားဖြင့် အိပ်ခန်းထဲသို့ ဝင်သွား သည်။ သူမ စက္ကူတံခါးကို ဆွဲပိတ်လိုက်စဉ်မှာပင် တစ်ဖက်အခန်းမှ ထွက်လာ သော အိရှိုဂါမိ၏ အသံများကို ကြားလာရသည်။

တံခါးခေါင်းလောင်းသံ မြည်လာသည်။ ယာစုကိုသည် တံခါးဆီသို့ လျှောက်သွားပြီး တံခါးသံကြိုးကို ဖြုတ်၍ တံခါးကို ဖွင့်ပေးလိုက်သည်။

တံခါးဖွင့်လိုက်သည်နှင့် မတ်မတ်ရပ်နေသော အိရှိုဂါမိကို တွေ့ရသည်။ ယခုအခါ သူ၏ ကိုယ်ပေါ်တွင် နက်ပြာရောင် အားကစားဝတ်စုံနှင့် ဖြစ်နေသည်။ စောစောက ဤသို့သော အပြင်အဆင်မျိုး မဟုတ်။

mgyoe.com

mgyoe.com
SAMPLE BOOK


"အထဲကြွပါ"

"ကျေးဇူးပဲ"

အိရိုဂါမိသည် တစ်ချက် ဦးညွတ်လိုက်ပြီး အထဲသို့ ဝင်လာသည်။

ယာစုကိုသည် တံခါးကို ပြန်ပိတ်နေစဉ် သူသည် အိမ်ထဲသို့ ဝင်သွားပြီး အပူပေးစားပွဲပေါ်ရှိ စောင်ကို တုံ့ဆိုင်းခြင်း မရှိဘဲ ဆွဲလှန်ပစ်လိုက်သည်။ သူ၏ လှုပ်ရှားပုံကို ကြည့်ခြင်းအားဖြင့် ဤနေရာတွင် ပြဿနာရှိနေကြောင်း သူ ကြို့တင် သိထားနှင့် နေသည့်ပုံ။

သူသည် ဒူးတစ်ဖက်ကို ကြမ်းပြင်ပေါ်သို့ ထောက်ကာ မုဆိုးထိုင် ထိုင် လိုက်ပြီး အလောင်းကို စိုက်ကြည့်နေသည်။ တစ်ခုခု ကြံစည် စဉ်းစားနေသယောင်။ ထိုအခါမှ သူ၏ လက်နှစ်ဖက်တွင် အကြမ်းသုံး လက်အိတ်တစ်စုံ ဝတ်ဆင်ထား ကြောင်း ယာစုကို သတိထားမိသည်။

ယာစုကိုသည် တုန်တုန်ယင်ယင်ဖြင့် ရုပ်အလောင်းကို လှမ်းကြည့် သည်။ တိုဂါရှိ၏ မျက်နှာပေါ်တွင် ဘာခံစားချက်မျှ မတွေ့ရတော့ပေ။ သူ၏ မေးစေ့ပေါ်တွင် ဘာမှန်း အသေအချာ မသိရသော အရည်တချို့ ခန်းခြောက်၍ ကပ်နေသည်ကို တွေ့ရသည်။

"ရှင် .... ကြားလိုက်တာလား"

ယာစုကိုက မေးကြည့်သည်။

"ဘာကို ကြားတာလဲ"

"ကျွန်မတို့ရဲ့ စကားတွေလေ၊ ရှင် ကြားလို့ ကျွန်မတို့ဆီ ဖုန်းဆက်လာ တာ မဟုတ်လား"

နားထောင်ပြီးသည်နှင့် အိရိုဂါမိသည် မျက်နှာသေဖြင့် ယာစုကိုဘက် သို့ လှည့်လာသည်။

"ဟင့်အင်း... ကျွန်တော် ဘာမှ မကြားရဘူး။ ဒီတိုက်ကြီးရဲ့ အားသာ ချက်က အသံသိပ်လုံတာပဲ။ ကျွန်တော် အဲဒီအချက်ကို သဘောကျလို့ ဒီနေရာမှာ နေဖြစ်သွားတာ"

"ဒါဆို ရှင်က ဘယ်လိုလုပ်......"

"ပြဿနာ တက်နေတာကို ကျွန်တော် ဘယ်လိုလုပ်ပြီး သိသွားသလဲ လို့ ခင်ဗျားက မေးချင်တာလား"

mgyoe.com

mgyoe.com
SAMPLE BOOK


"အင်း"

ယာစုကိုက ခေါင်းညိတ်ပြသည်။

အိရှိဂါမိသည် အခန်းထောင့်ကို လက်ညှိုးညွှန်ပြသည်။ ထိုနေရာတွင် ဘူးခွံအလွတ်တစ်လုံး လဲနေသည်။ ဘူးခွံထဲမှ မီးခိုးအငွေ့များ ထွက်လျက် ရှိနေသေးသည်။

"စောစောက ကျွန်တော် ဒီကိုလာတုန်းက ခင်ဗျားတို့အခန်းမှာ ဆေးလိပ်ငွေ့အနံ့ ရတယ်၊ နဂိုက ဧည့်သည် ရှိနေလိမ့်မယ်လို့ ထင်နေတာ။ ဒါပေမဲ့ ဧည့်သည်ရဲ့ ဖိနပ်ကိုလဲ မတွေ့ရဘူး။ အပူပေးစားပွဲရဲ့ အောက်မှာ လူတစ်ယောက် ရှိနေသလိုပဲ။ အပူပေးစားပွဲရဲ့ ဓာတ်ကြိုးကလည်း ကြမ်းပြင်ပေါ်မှာ တန်းလန်းကျနေတယ်။ တကယ်လို့ ပုန်းမယ်ဆိုလဲ အိပ်ခန်းထဲမှာ ပုန်းလို့ရတာပဲ။ ဒါကြောင့် အပူပေးစားပွဲအောက်မှာ ရှိတဲ့ လူက ပုန်းနေတာ မဖြစ်နိုင်တော့ဘူး။ အဝှက်ခံထားရတာပဲ ဖြစ်လိမ့်မယ်။ ပြီးတော့ စောစောက ကြားခဲ့ရတဲ့ အသံဗလံတွေရယ်၊ ခင်ဗျားခေါင်းပေါ်က ဆံပင်တွေဟာ ထူးထူးခြားခြား ရှုပ်ပွနေတာရယ် အားလုံးပေါင်းလိုက်ရင် ခင်ဗျားတို့ဆီမှာ ပြဿနာတစ်ခုခု ဖြစ်နေပြီဆိုတာ တွက်ဆကြည့်လို့ ရနိုင်တာပေါ့။ သြော် ... နောက်တစ်ချက် ကျန်သေးတယ်၊ ဒီတိုက်ကြီးပေါ်မှာ ပိုးဟပ် မရှိဘူး။ ကျွန်တော် ဒီမှာ နေလာတာ ကြာ ကြာလှပြီ။ ကျွန်တော် အာမခံနိုင်ပါတယ်"

တိကျပြတ်သားစွာ ပြောနေသော အိရှိဂါမိ၏ နှုတ်ခမ်းအစုံကို ယာစုကိုက ငေးကြည့်နေမိသည်။ သူ၏အသံမှာ စိတ်လှုပ်ရှားခြင်း ကင်းမဲ့စွာဖြင့် တစ်လုံးချင်း ပီပီသသ ထွက်ပေါ်လာကြသည်။ သူမ၏ ခေါင်းထဲသို့ မဆီမဆိုင် အတွေးတစ်ခု ရုတ်တရက် ဝင်ရောက်လာသည်။ အိရှိဂါမိသည် ကျောင်းတွင်လည်း သူ့တပည့်များကို ဤသို့သော အေးတိအေးစက် လေသံမျိုးဖြင့် စာသင်ကြားနေခြင်း ဖြစ်ပေလိမ့်မည်။

သူ့ကို စိုက်ကြည့်နေမိကြောင်း သတိထားမိသွားသောအခါ ယာစုကိုသည် ချက်ချင်း မျက်လွှာကို အောက်ချလိုက်သည်။ အိရှိဂါမိကလည်း သူမကို စိုက်ကြည့်နေသောကြောင့် ဖြစ်သည်။

ကြောက်စရာကောင်းလောက်အောင် သွေးအေးသော ဉာဏ်ကြီးရှင်ပါတကားဟု သူမ တွေးမိသည်။ အခန်းဝမှ နေ၍ တစ်ချက်ကလေး ဝေ့ကြည့်လိုက်

mgyoe.com

mgyoe.com


ရုံမျှဖြင့် ဤမျှ တိကျသေချာသော ကောက်ချက်တစ်ခုကို သာမန်လူတစ်ယောက်သည် မည်သည့်နည်းနှင့်မျှ ချမှတ်နိုင်လိမ့်မည် မဟုတ်ပေ။ တစ်ချိန်တည်းမှာပင် ယာစုကို၏ စိတ်ထဲ အနည်းငယ် ပေါ့ပါးသွားသည်။ အိရှိဂါမိသည် ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာ အသေးစိတ်ကို သိရှိမထားပေ။

"ကျွန်မရဲ့ ခင်ပွန်းဟောင်းပါ"

သူမက ပြောသည်။

"ကွာရှင်းခဲ့ပြီးတာ ကြာလှပြီ၊ ဒါတောင် ကျွန်မကို အခုထိ လိုက်နှောင့်ယှက်နေတုန်းပဲ။ ပိုက်ဆံမပေးရင် မျက်နှာပြောင်တိုက်ပြီး ပေကပ်နေတော့တာ။ ဒီနေ့လဲ အဲဒီလိုပဲ၊ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး၊ စိတ်ဆိုးဆိုးနဲ့......."

ဤနေရာသို့ အရောက်တွင် သူမ ဆက်မပြောတော့ဘဲ ခေါင်းငိုက်စိုက်ချနေလိုက်သည်။ တိုဂါရှိအား သတ်ခဲ့စဉ်က ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို သူမ ပြောပြ၍ မဖြစ်။ မိစာတိုကို ဤကိစ္စကြီး တစ်ခုလုံးနှင့် လွတ်လွတ်ကင်းကင်း ရှိနေစေချင်သည်။

"ခင်ဗျား ရဲတိုင်ဖို့ စိတ်ကူးထားတာလား"

"အဲဒီလိုပဲ လုပ်စရာ ရှိတော့တာပေါ့၊ ကျွန်မအနေနဲ့ စိတ်မချနိုင်ဆုံးကတော့ မိစာတိုပဲ"

သူမ ထိုသို့ ပြောလိုက်စဉ် ရုတ်တရက် စက္ကူတံခါး ပွင့်လာပြီး မိစာတိုသည် အိပ်ခန်း အပြင်ဘက်သို့ ထွက်လာသည်။

"ဟင့်အင်း... မဖြစ်ဘူး၊ အဲဒီလို လုံးဝ မလုပ်ရဘူး"

"မိစာတို၊ နင့်ပါးစပ် ပိတ်ထား"

"ဟင့်အင်း... မပိတ်နိုင်ဘူး၊ ဦးဦး သမီးပြောတာကို နားထောင်ပါ၊ အဲဒီအယုတ်တမာကြီးကို သတ်လိုက်တာက....."

"မိစာတို"

ယာစုကိုက စူးစူးရဲရဲ အော်လိုက်သည်။

လန့်ဖျပ်၍ မိစာတို ဆွံ့အ သွားသည်။ သူမသည် မိခင်ကို မီးပွင့်လုမတတ် စိုက်ကြည့်နေသည်။ မျက်လုံးအစုံမှာလည်း ရဲရဲနီလျက်။

"မစ္စ ဟာနာအိုကာ"

အိရှိဂါမိ၏ တည်ငြိမ်အေးစက်သော အသံ ထွက်ပေါ်လာသည်။

mgyoe.com

mgyoe.com


"ခင်ဗျား ကျွန်တော့်ကို ဖုံးဖိထားစရာ မလိုပါဘူး"

"ကျွန်မ ဘာကို ဖုံးဖိ ......"

"ဒါ ခင်ဗျားတစ်ယောက်တည်း လုပ်လို့ရတဲ့ ကိစ္စ မဟုတ်ဘူး ဆိုတာ ကျွန်တော် သိတယ်၊ မီစာတိုလည်း ဝင်ပါရမှာပဲ"

ယာစုကိုက အလောတကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတစ်ယောက်တည်း လုပ်တာပါ၊ ကလေးက ပြန်ရောက်တာ မကြာသေးဘူး။ ကျွန်မ.... ကျွန်မ... သူ့ကို သတ်ပစ်လိုက်ပြီးမှ သူ ပြန်ရောက်လာတာ၊ သူနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

အိရှိုဂါမိသည် သက်ပြင်းချလိုက်ပြီး မီစာတိုကို လှမ်းကြည့်သည်။

"အဲဒီလို လျှောက်ပြောနေရင် မီစာတိုကို ပိုပြီး ခံစားရအောင် လုပ်လိုက်သလို ဖြစ်နေမှာပေါ့"

"ကျွန်မ ညာမပြောပါဘူး၊ ကျွန်မကို ယုံပါရှင်"

ယာစုကိုသည် လက်တစ်ဖက်ကို အိရှိုဂါမိ၏ ဒူးခေါင်းပေါ် တင်၍ တောင်းပန်နေသည်။

သူသည် ထိုလက်တစ်ဖက်ကို တစ်ခဏမျှ စိုက်ကြည့်ပြီး အလောင်းဘက်သို့ လှည့်ကြည့်ပြန်သည်။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ မော့လိုက်ပြီး

"အမိက အရေးကြီးဆုံးက ရဲတွေ ဘယ်လို မြင်မလဲ ဆိုတာပဲ။ ခင်ဗျား အဲဒီလို ညာပြောလို့ အသုံးတည့်နိုင်လိမ့်မယ် မထင်ဘူး"

"ဘာဖြစ်လို့လဲ"

ထိုသို့ ပြောပြီးကာမှ ယာစုကို သတိထားမိတော့သည်။ ထိုသို့ မေးလိုက်ခြင်းအားဖြင့် မိမိ ညာပြောခဲ့သည်ကို ဝန်ခံရာ ရောက်သွားပြီ မဟုတ်ပါလား။

အိရှိုဂါမိသည် အလောင်း၏ ညာဘက်လက်ကို လက်ညှိုးညွှန်ပြသည်။

"လက်ကောက်ဝတ်မှာရော လက်ဖမိုးမှာပါ သွေးခြေဥနေတဲ့ အရိုးအရာတွေ ထင်နေတယ်။ တကယ်တမ်း စေ့စေ့စပ်စပ် လေ့လာ သုံးသပ်ကြည့်ရင် အဖြေက ရှင်းရှင်းလေးပဲ။ အဲဒါ လက်နဲ့ ဆွဲညှစ်ခံထားရတဲ့ လက်ချောင်းရာတွေ။ ရုန်းကန် လှုပ်ရှားလို့ မရအောင် သူ့ရဲ့ လက်တွေကို တင်းတင်းကျပ်ကျပ် ဖမ်းဆုပ်ထားရာကနေ ကျန်ခဲ့တဲ့ လက်ရာတွေပဲ၊ ကြည့်ရုံနဲ့ သိတယ်"

"အဲဒါ ကျွန်မ လုပ်တာပါ"

mgyoe.com

mgyoe.com
SAMPLE BOOK


"မဖြစ်နိုင်ပါဘူး မစ္စဟာနာအိုကာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက သူ့ကို ကြိုးနဲ့ အနောက်ဘက်ကနေ လည်ပင်းညှစ်ထားရတဲ့ ဥစ္စာ၊ ဘယ်လိုလုပ်ပြီး သူ့လက်ကို ထပ် ဖမ်းဆုပ်ထားနိုင်ပါဦးမလဲ။ စုစုပေါင်း လက်လေးဘက် လိုတယ်"

အိရှိဂါမိ၏ ရှင်းလင်းချက်ကို ကြားရသောအခါ ယာစုကိုလည်း ဆွံ့အသွားတော့သည်။ ထွက်ပေါက်မရှိသော လိုဏ်ခေါင်းတစ်ခုအတွင်းသို့ လျှိုဝင်သွားမိသကဲ့သို့ ခံစားလိုက်ရသည်။ သူမသည် ခေါင်းငိုက်စိုက်ချလျက် ထိုင်နေသည်။ အကယ်၍ အိရှိဂါမိသည် တစ်ချက် ကြည့်ရုံမျှဖြင့် ထိုအချက်များကို အကျအပေါက်မရှိ တပ်အပ် ပြောနိုင်သည် ဆိုလျှင် မှုခင်းရဲများက ထို့ထက်ပင် ပို၍ တိတိကျကျ မြင်နိုင်ပေဦးမည်။

"မီစာတိုကို ဒီအရှုပ်ထုပ်ထဲ ပါမသွားစေချင်တာ တစ်ခုတည်းပါ၊ သမီးကို ကာကွယ် ....."

"သမီးလဲ မေမေ့ကို ထောင်အကျ မခံနိုင်ဘူး"

မီစာတိုက ငိုယိုလျက် ဝင်ပြောသည်။

ယာစုကိုသည် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်သည်။

"ဘယ်လို လုပ်ရပါ့မလဲ ....."

သူမ၏ ပတ်ဝန်းကျင်ရှိ လေထုမှာ သိပ်သည်း လေးလံလာသယောင်။ ထိုင်နေသော သူမကို လေးဘက်လေးတန်မှ ဝိုင်းဝန်း ဖိသိပ်နေကြသည်ဟုပင် ထင်လာမိသည်။

"ဦးဦး"

မီစာတိုက ပြောသည်။

"ဦးဦးက မေမေ့ကို အဖမ်းခံဖို့ လာပြောနေတာလား ဟင်"

အိရှိဂါမိက တဒင်္ဂမျှ ငြိမ်နေပြီးမှ ပြန်ဖြေလေသည်။

"ဦးက သမီးတို့ကို ကူညီပေးမလို့ လာတာပါ၊ အဖမ်းခံမယ်ဆိုလဲ ဦးဘက်က ဘာမှ ပြောစရာ မရှိပါဘူး။ တကယ်လို့သာ တခြားနည်းလမ်းကို ရွေးမယ် ဆိုရင် သမီးတို့ချည်းသက်သက်နဲ့တော့ အလုပ်ဖြစ်နိုင်မယ် မထင်ဘူး"

သူ၏ စကားကို ကြားရသောအခါ ယာစုကိုသည် မျက်နှာတွင် အုပ်ထားသော လက်နှစ်ဖက်ကို ပြန်ချလိုက်သည်။ ဖုန်းဆက်လာစဉ် အခါကလည်း ထိုသူ

mgyoe.com

mgyoe.com
SAMPLE BOOK


သည် အင်မတန် ထူးဆန်းသော စကားတစ်ခွန်းကို ပြောခဲ့ဖူးကြောင်း သူမ အမှတ်ရလာသည်။ "ခင်ဗျားတို့အနေနဲ့ အလောင်းကို ဘယ်လိုမှ ဖြေရှင်းနိုင်လိမ့်မယ် မထင်ဘူး" ဟူ၍။

"အဖမ်းမခံဘဲလဲ ဖြေရှင်းလို့ ရနိုင်သေးတာလား"

မီစာတိုက ထပ်မေးလိုက်သည်။

ယာစုကိုက ခေါင်းထောင်ကြည့်သည်။ အိရှိဂါမိသည် ခေါင်းကို ဖြည်းညင်းစွာ ငုံ့စောင်းလိုက်သည်။ သူ၏ မျက်နှာပေါ်တွင်တော့ ဘာ ခံစားချက်မျှ မရှိ။

"ဒီ လူသတ်မှုကို လူမသိအောင် ဖုံးဖိထားနိုင်ရင် ထား၊ ဒါမှမဟုတ် ဒီ ရုပ်အလောင်းနဲ့ သမီးတို့ ပတ်သက် ဆက်စပ်မလာအောင် အထောက်အထားတွေကို ဖျောက်ဖျက်ပစ်ဖို့ လုပ်ရမှာပဲ။ ဒီနှစ်မျိုးထဲက တစ်မျိုးကို ရွေးရမှာပေါ့။ ဒါပေမဲ့ ဘယ်လမ်းကိုပဲ ရွေးရွေး၊ လောလောဆယ်တော့ ဒီအလောင်းကို အရင် ဖြေရှင်းပစ်ရလိမ့်မယ်"

"ဦးဦးက အဲဒီလို လုပ်လို့ရမယ်လို့ ထင်လား"

"သမီး"

ယာစုကိုက ဝင်ဟန့်လိုက်သည်။

"ဘာတွေ လျှောက်မေးနေတာလဲ"

"အမေ အသာနေဦး၊ ဦးဦး လုပ်နိုင်ပါ့မလား"

"အတော်လေး ခက်လိမ့်မယ်။ ဒါပေမဲ့ လုံးဝ မဖြစ်နိုင်တာတော့ မဟုတ်ဘူး"

အိရှိဂါမိ၏ လေသံမှာ စတွေ့စဉ်က ကဲ့သို့ပင် တည်ငြိမ်နေဆဲ ဖြစ်သည်။ ဤသို့ အရာရာကို ခံစားချက်မဲ့စွာ ဆက်ဆံနိုင်သောကြောင့်သာလျှင် တုန်လှုပ်ချောက်ချားနေသော မိမိနှင့် နှိုင်းယှဉ်ပါက များစွာ ကျိုးကြောင်း ဆီလျော်အောင် တွေးခေါ်နိုင်ခြင်း ဖြစ်ရပေမည်ဟု ယာစုကိုက တွေးမိသည်။

"အမေ"

မီစာတိုက ပြောသည်။

"ဒီဦးဦးကို ကူညီခိုင်းလိုက်ပါလား၊ သမီးတို့မှာ တခြား ရွေးချယ်စရာမှ မရှိတာဘဲဟာ"

"ဒါပေမဲ့ ...."

mgyoe.com

mgyoe.com


ယာစုကိုက အိရှိဂါမိကို စိုက်ကြည့်နေသည်။

သူ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် ကြမ်းပြင်သို့သာ ငုံ့ကြည့်နေသည်။ သားအမိနှစ်ယောက်၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေသည့်နှယ်။

ယာစုကိုသည် စာယိုကို ပြောခဲ့သော စကားကို ပြန်အမှတ်ရလာသည်။

"အဲဒီ သင်္ချာဆရာက နင့်ကို ကျိတ်ကြွေနေတာလား မသိဘူး၊ အမြဲတမ်း နင် ဆိုင်မှာ ရှိတဲ့ နေ့တွေမှ ဟင်း လာဝယ်တယ်"

အကယ်၍ ထိုအကြောင်းကိုသာ ကြားဖူးထားခြင်း မရှိလျှင် အိရှိဂါမိကို ဦးနှောက်မမှန်သူဟု သူမ ယူဆမိပေလိမ့်မည်။ လောကတွင် မည်သူသည် ကိုယ်နှင့် မရင်းနှီးသော အိမ်နီးချင်းတစ်ယောက်ကို ဤမျှအထိ ဒုက္ခခံ၍ ကူညီချင်ပါအံ့နည်း။ ကံမကောင်း အကြောင်းမလှလျှင် ကူညီသူပါ ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလော။

"အလောင်းကိုဝှက်ထားနိုင်တယ် ဆိုရင်တောင်မှ အနေးနဲ့အမြန်တော့ ရှာတွေ့သွားနိုင်တာပဲ မဟုတ်လား"

ယာစုကိုက မေးလိုက်သည်။ ဤမေးခွန်းသည် သူတို့၏ ကံကြမ္မာကို အလှည့်အပြောင်း လုပ်ပေးမည့် ပထမဆုံး ခြေလှမ်းပင် ဖြစ်သည်ဟု သူမ ရိပ်စားမိလိုက်သည်။

"အလောင်းကို ဝှက်ဖို့ မဝှက်ဖို့ ဆိုတာ အခုချိန် ဆုံးဖြတ်လို့ မရသေးဘူး"

အိရှိဂါမိက ပြန်ဖြေသည်။

"တစ်ခါတလေမှာ ဝှက်မထားတာကမှ ပိုကောင်းနေတတ်တယ်၊ အလောင်းကို ဘယ်လို ကိုင်တွယ်ရမလဲ ဆိုတာ သက်ဆိုင်ရာ အချက်အလက်တွေ စုစည်းပြီးမှ ပြောကြတာပေါ့၊ လတ်တလောအတွက် အသေချာဆုံး ကိစ္စကတော့ အလောင်းကို ဒီအတိုင်း ထားထားလို့ မဖြစ်ဘူး"

"သက်ဆိုင်ရာ အချက်အလက်ဆိုတာ ဘာကို ပြောတာလဲ"

"ဒီလူနဲ့ သက်ဆိုင်တဲ့ အကြောင်းအချက်တွေပေါ့"

အလောင်းကို ငုံ့ကြည့်ရင်း အိရှိဂါမိက ရှင်းပြသည်။

"လိပ်စာ၊ နာမည်၊ အသက်၊ အလုပ်အကိုင်၊ ဒီကို ဘာလာလုပ်တာလဲ၊ ပြီးတော့ ဘယ်ကို ဆက်သွားဖို့ စိတ်ကူးထားသလဲ၊ အိမ်သားတွေ ရှိသလား၊ ခင်ဗျား သိသမျှ ကျွန်တော့်ကို အားလုံး ပြောပြပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"သူ ....."

"အလောင်းကို အရင် ရွှေ့ထားလိုက်တာ ကောင်းမယ်။ ဒီအခန်းကို အမြန်ဆုံး သန့်ရှင်းရေး လုပ်လိုက်ပါ။ လူသတ်မှုနဲ့ ဆက်နွယ်နေမယ့် သက်သေ အထောက်အထားတွေ တောင်ပုံရာပုံ ကျန်နေနိုင်တယ်"

စကားဆုံးသည်နှင့် အိရိုဂါမိသည် ရုပ်အလောင်း၏ ခန္ဓာကိုယ် အထက်ပိုင်းကို မ,ချီလိုက်သည်။

"ဒါပေမဲ့ ..... ဘယ်ကို ရွှေ့ရမှာလဲ"

"ကျွန်တော့်အခန်းကို"

အိရိုဂါမိသည် ဘာမှ မဖြစ်သလို ပြန်ဖြေပြီး အလောင်းကို သူ့ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။ သူ၏ ခွန်အားဗလမှာ ထင်မှတ်မထားလောက်အောင် ကြီးမားလွန်းသည်။ ယာစုကိုသည် နက်ပြာရောင် အားကစားအင်္ကျီ၏ တစ်နေရာတွင် ရှိသော 'ဂျူဒို' ဟု ရေးထားသည့် ရင်ဘတ်တံဆိပ်ကို လှမ်းကြည့်မိသည်။

*****

အိမ်အပြင်သို့ ထွက်လိုက်သည်နှင့် အိရိုဂါမိသည် သူ့အခန်းရှိရာသို့ လျင်မြန်သော အဟုန်ဖြင့် လျှောက်သွားလေသည်။ ယာစုကိုနှင့် မီစာတိုတို့လည်း အနောက်မှ ယောင်လည်လည်နှင့် လိုက်လာကြသည်။ သူ၏ အခန်းမှာ သင်္ချာစာအုပ်များ၊ ဂျာနယ်များဖြင့် ကြမ်းပြင်တစ်ခုလုံး ပြည့်နှက် ရှုပ်ပွနေသည်။

အိရိုဂါမိသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိသော သင်္ချာလေ့ကျင့်ခန်း စာအုပ်များကို ခြေထောက်ဖြင့် တစ်ဖက်သို့ တွန်းကပ်လိုက်သည်။ မြက်ဖျာကြမ်းခင်းကို မြင်ရပြီ ဆိုသောအခါမှ အလောင်းကို ကြမ်းပြင်ပေါ်သို့ ချသည်။ အလောင်း၏ မျက်လုံးနှစ်လုံးမှာ အခန်းတွင်း တစ်နေရာသို့ ပြူးကြောင်ကြောင် ငေးကြည့်နေလေသည်။

သူသည် အပေါက်ဝတွင် အူတိအူကြောင်နှင့် ရပ်နေကြသော သားအမိနှစ်ယောက်ထံသို့ လှည့်လိုက်သည်။

"မီစာတို... သမီးက အခုချက်ချင်း အခန်းကိုပြန်ပြီး သန့်ရှင်းရေး သွားလုပ်လိုက်၊ ဖုန်စုပ်စက်ကို သုံးပြီး နေရာလွတ် မကျန်ရအောင် အသေအချာ သန့်ရှင်းရေး လုပ်ထား၊ မစ္စ ဟာနာအိုကာကတော့ ဒီမှာ ခဏနေခဲ့ပါဦး"

mgyoe.com

မီစာတိုသည် သွေးဆုတ်နေသော မျက်နှာဖြင့် ခေါင်းညိတ်ပြပြီး မိခင်ကို တစ်ချက် ဝေ့ကြည့်၍ အခန်းသို့ ပြန်သွားသည်။

"ကျေးဇူးပြုပြီး တံခါးကို ပိတ်ပေးပါဦး"

အိရိုဂါမိက ယာစုကိုကို ပြောသည်။

"ရှင် .... ဟုတ်"

ခိုင်းသည့်အတိုင်း လုပ်ပြီးနောက် သူမသည် တံခါးဝရှိ ဖိနပ်စင်နားတွင် ရပ်မြဲ ရပ်နေလေသည်။

"အထဲကို ဝင်ခဲ့ပါလား၊ ကျွန်တော့်ဆီမှာတော့ ခင်ဗျားတို့အိမ်လို သပ်သပ်ရပ်ရပ်တော့ မရှိဘူး"

အိရိုဂါမိသည် ထိုင်ခုံပေါ်မှ ကူရှင်ကို လှမ်းယူပြီး အလောင်း၏ ဘေးနားတွင် ချထားလိုက်သည်။ ယာစုကိုသည် အခန်းထဲသို့ ဝင်လာပြီးနောက် ၎င်းကူရှင်ပေါ်တွင် မထိုင်ဘဲ အလောင်းကို ကျော်ပေးလျက် နံရံဘက်သို့ မျက်နှာပြုကာ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ သူ အလောင်းကို ကြောက်ရွံ့နေခြင်း ဖြစ်ကြောင်း တစ်ခဏကြာမှ အိရိုဂါမိ ရိပ်မိသွားသည်။

"အား ... ဆောရီးဗျာ"

သူသည် ကူရှင်ကို ယူ၍ ယာစုကိုအား လှမ်းပေးသည်။

"ဒီပေါ်မှာ ထိုင်ပါ"

"ရပါတယ်၊ ကိစ္စ မရှိဘူး"

သူမက ခေါင်းကို ငုံ့လျက် ညင်သာစွာ ခါယမ်းလိုက်သည်။

အိရိုဂါမိသည် ကူရှင်ကို ထိုင်ခုံပေါ်သို့ ပြန်ထားပြီး အလောင်းဘေးတွင် ထိုင်ချလိုက်သည်။

အလောင်း၏ လည်ပင်း ပတ်ပတ်လည်တွင် နီညိုရောင် အရှိုးရာတစ်ခု အထင်းသား ပေါ်နေသည်။

"ဓာတ်ကြိုးလား"

"ရှင်"

"လည်ပင်းကို ညှစ်တဲ့ ပစ္စည်းက ဓာတ်ကြိုးလားလို့ မေးတာ"

"ဟုတ်တယ် ..... အပူပေးစားပွဲရဲ့ ဓာတ်ကြိုးပါ"

"အပူပေးစားပွဲ..."

mgyoe.com

mgyoe.com

SAMPLE BOOK


အိရိုဂါမိသည် အပူပေးစားပွဲ၏ စားပွဲခင်းအဆင်ကို ပြန်မြင်ယောင်ကြည့်နေသည်။

"အဲဒါကိုလဲ အမြန်ဆုံး ရှင်းပစ်မှ ဖြစ်မယ်။ ထားပါတော့လေ... ကျွန်တော်ခဏနေကျမှ လာလုပ်ပေးမယ်"

ထို့နောက် အိရိုဂါမိ၏ အကြည့်တစ်စုံသည် အလောင်းပေါ်သို့ ရောက်သွားပြန်သည်။

"ဒီနေ့ ခင်ဗျားနဲ့ လာတွေ့ဖို့ သူ့ကို ချိန်းထားတာလား"

ယာစုကိုက ခေါင်းကို ခါယမ်းလိုက်သည်။

"ဟင့်အင်း... နေ့ခင်းက သူ ကျွန်မ အလုပ်လုပ်နေတဲ့ ဆိုင်ကို မထင်မှတ်ဘဲ ရောက်လာခဲ့တာ။ ကျွန်မလဲ မတတ်နိုင်တဲ့အဆုံး ညနေကျရင် အဲဒီအနားက စားသောက်ဆိုင်မှာ တွေ့မယ်လို့ သူ့ကို ချိန်းလိုက်မိတယ်။ နောက်တော့ သူ ကျွန်မအိမ်အထိ နောက်ယောင်ခံပြီး လိုက်လာတော့တာပဲ"

"စားသောက်ဆိုင် ..."

ထိုသို့ဆိုလျှင် သူတို့နှစ်ဦး ဆုံတွေ့ခဲ့ကြသည်ကို မြင်တွေ့လိုက်ရသော မျက်မြင်သက်သေ တစ်ယောက်မဟုတ် တစ်ယောက်တော့ ရှိနေမည်သာ။ အိရိုဂါမိက တွေးသည်။ သူသည် အပေါ်ဝတ် ကုတ်အင်္ကျီ၏ အိတ်ကပ်ထဲသို့ လက်နှိုက်ကြည့်လိုက်သည်။ အနည်းငယ် တွန့်ကြေနေသော တစ်သောင်းတန် ငွေစက္ကူနှစ်ရွက် လက်ထဲ၌ ပါလာသည်။

"အဲဒါက ကျွန်မ ...."

"ခင်ဗျား သူ့ကို ပေးထားတာလား"

ခေါင်းညိတ်သည်ကို မြင်လိုက်ရသည်နှင့် အိရိုဂါမိသည် သူမထံသို့ ပိုက်ဆံကို လှမ်းပေးလိုက်သည်။ သို့သော် သူမက လှမ်းမယူပေ။

အိရိုဂါမိသည် မတ်တတ်ရပ်ပြီး နံရံတွင် ချိတ်ဆွဲထားသော သူ၏ ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် တစ်သောင်းတန် ငွေစက္ကူ နှစ်ရွက်ကို ဆွဲထုတ်ပြီး တိုဂါရှိ၏ ပိုက်ဆံများကို သူ့ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်သည်။

"ဒါဆို ခင်ဗျားလဲ စိတ်သန့်သန့်ထားပြီး ကိုင်လို့ ရတာပေါ့"

သူသည် ပိုက်ဆံကို ယာစုကိုထံသို့ လှမ်းပေးလေသည်။

mgyoe.com

mgyoe.com


သူမသည် တစ်ခဏမျှတွန့်ဆုတ်တွေဝေနေပြီးမှ ကျေးဇူးတင်ကြောင်းပြောကာ ပိုက်ဆံကို လှမ်းယူသည်။

အိရှိဂါမိသည် သေသူ၏ အဝတ်အစားရှိ အိတ်ကပ်များကို နောက်တစ်ကြိမ် လက်နှိုက်၍ ရှာနေပြန်သည်။ ဘောင်းဘီအိတ်ကပ်ထဲမှ တိုဂါရှိ၏ ပိုက်ဆံအိတ် ထွက်လာသည်။ အိတ်ထဲတွင် ပိုက်ဆံအကြွေတချို့၊ ယာဉ်မောင်းလိုင်စင်နှင့် လက်ခံဖြတ်ပိုင်း တချို့ကို တွေ့ရသည်။

"တိုဂါရှိ ရှင်ဂျိ ….. အနောက်ရှင်ဂျုကု၊ ရှင်ဂျုကုရပ်ကွက်။ သူ အဲဒီမှာ နေတုန်းပဲလား"

လိုင်စင်ကို ကြည့်ပြီးနောက် ယာစုကိုကို မေးလိုက်သည်။

ယာစုကိုသည် စိတ်ရှုပ်သော မျက်နှာထားဖြင့် ခေါင်းခါပြသည်။

"ကျွန်မ မသိဘူး၊ မနေလောက်တော့ဘူး ထင်တယ်။ အရင်တုန်းက သူ တစ်ခါ ပြောဖူးတယ်၊ အိမ်လခ မပေးနိုင်လို့ အနှင်ချခံရတယ် ဆိုလားပဲ"

"လိုင်စင်ကို မနှစ်က သက်တမ်းတိုးထားတာ၊ ဒီအတိုင်းသာဆိုရင် သူက အိမ်ထောင်စုဇယား မပြောင်းဘဲ အိမ်အသစ် ရှာနေခဲ့ပုံပဲ"

"သူက အဲဒီလို ဟိုပြောင်းလိုက် ဒီပြောင်းလိုက်နဲ့၊ အလုပ်အကိုင်လဲ မည်မည်ရရ မရှိတော့ အခန်းကောင်းကောင်းလဲ ငှားနိုင်မှာ မဟုတ်ဘူး"

"ဪ"

အိရှိဂါမိ၏ အကြည့်သည် လက်ခံဖြတ်ပိုင်း တစ်စောင်၏ အပေါ်၌ ရပ်တန့်နေသည်။

ဖြတ်ပိုင်းပေါ်တွင် 'အိုဂိယ တည်းခိုခန်း' ဟု ရိုက်နှိပ်ထားသည်။ ကျသင့်ငွေမှာ နှစ်ညတာအတွက် ယန်း ငါးထောင့်ရှစ်ရာရှစ်ဆယ် ဖြစ်သည်။ အခန်းထဲသို့ ဝင်မနေခင် ငွေအကျေချေရသည့် သဘော ဖြစ်မည်။ အိရှိဂါမိက စိတ်တွက်ဖြင့် တွက်ကြည့်သည်။ တစ်ညလျှင် ယန်းနှစ်ထောင့်ရှစ်ရာ ကျသင့်မည်။ သူသည် ဖြတ်ပိုင်းကို ယာစုကိုထံသို့ လှမ်းပေးသည်။

"ကြည့်ရတာ သူ အဲဒီမှာ နေပုံရတယ်။ တကယ်လို့ ရက်စေ့တဲ့ အချိန်မှာ သော့ပြန်မအပ်ရင် တည်းခိုခန်း ဝန်ထမ်းတွေက အခန်းထဲ အတင်း ဖွင့်ဝင်ကြမှာပဲ။ ဧည့်သည် ပျောက်နေတာ သတိထားမိသွားရင် သူတို့ရဲကို အကြောင်းကြားကောင်း ကြားနိုင်တယ်။ ပြဿနာ အရှုပ်မခံချင်လို့ မသိချင်ယောင် ဆောင်ချင်လဲ

mgyoe.com

mgyoe.com

ဆောင်နေလောက်တယ်။ သူတို့ဆီမှာ အဲဒီလို မကြာခဏ ဖြစ်တတ်တယ် ထင်တယ်။ ဒါကြောင့် တည်းခိုခန်းက ဧည့်သည်ကို ငွေကြိုရှင်းခိုင်းတာ ဖြစ်မယ်။ ဒါပေမဲ့ အကောင်းမြင်လွန်းရင်လဲ အန္တရာယ် သိပ်ကြီးတယ်"

အိရှိုဂါမိသည် အိတ်ကပ်များထဲသို့ ဆက်ရှာကြည့်သောအခါ အခန်းသော့ ထွက်လာသည်။ ကတ်ပြား အဝိုင်းလေးဖြင့် သော့တွဲ ပြုလုပ်ထားသည်။ ကတ်ပြားပေါ်တွင် '၃၀၅' ဟူသော ဂဏန်း ရေးထိုးထားသည်။

ယာစုကိုသည် သော့တွဲကို အဓိပ္ပာယ်မရှိ ငေးကြည့်နေသည်။ ရှေ့လျှောက်မည်သို့ စခန်းသွားရမည်ကို သူမ နည်းနည်းကလေးမျှ မစဉ်းစားတတ်အောင် ဖြစ်နေသည့် ဟန်။

ဘေးဘက်အခန်းမှ ဖုန်စုပ်စက်၏ အသံများ ထွက်ပေါ်လာသည်။ မိစာတိုသည် အခန်းကို ကြိုးစားပမ်းစား သန့်ရှင်းရေး လုပ်နေလေပြီ။ သူမသည်လည်း သူမ၏ မှုန်တိမှုန်ဝါး ဖြစ်နေသော အနာဂတ်အတွက် စိတ်ရှုပ်ထွေး နောက်ကျုနေပေလိမ့်မည်။

'ငါ သူတို့ကို ကာကွယ်ပေးနိုင်ရမယ်' အိရှိုဂါမိသည် ပင့်သက်ကို အားရပါးရ ရှူသွင်းလိုက်သည်။ 'ငါလိုကောင်မျိုးက နောက်နောင်ဆိုရင် သူတို့အနားကပ်ဖို့တောင် အခွင့်အရေး ရှိမှာ မဟုတ်တော့ဘူး၊ အခုချိန်မှာ ငါ့ရဲ့ ဉာဏ်စွမ်းနဲ့ ခွန်အားကို အပြည့်အဝ အသုံးချပြီး သူတို့အပေါ် ကျရောက်လာမယ့် ကြမ္မာဆိုးကို ဖယ်ရှားကာကွယ် ပေးနိုင်ရမယ်'

အိရှိုဂါမိသည် သေသူ အမျိုးသား၏ မျက်နှာကို ကြည့်နေသည်။ ယခုအခါ ထိုသူ၏ မျက်နှာပေါ်တွင် ဘာခံစားချက်ကိုမျှ ခြေရာခံ၍ မရနိုင်တော့ပေ။ ထိုသူသည် လူတစ်ယောက်ထက် ရုပ်တစ်ရုပ်နှင့်သာ တူနေလေသည်။ သို့သော် ထိုသူ၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် နုနယ်စဉ်အခါက အင်မတန် ရုပ်ဖြောင့်ခဲ့မည် ဖြစ်ကြောင်း ခန့်မှန်းကြည့်နိုင်သည်။ အရွယ်ရလာ၍ အနည်းငယ် ဝဖိုင့်လာသည်ဟု ဆိုရသော်လည်း ထိုသူ၏ မျက်နှာမျိုးမှာ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်မျိုး ဖြစ်ခဲ့ရဖူးပေလိမ့်မည်။

ယာစုကိုသည် ဤမျက်နှာပိုင်ရှင်နှင့် တစ်ချိန်က ချစ်ကျွမ်းဝင်ခဲ့သည်။ ဤအချက်ကို အိရှိုဂါမိ တွေးလိုက်မိသောအခါ သူ၏ မနာလိုစိတ်များသည် လေပူဖောင်းများသဖွယ် ပလုံစီ၍ ရင်ညွန့်တစ်လျှောက် လှိုက်၍ လှိုက်၍ တက်လာကြ

mgyoe.com

m g y o e . c o m

SAMPLE BOOK


သည်။ သူသည် ခေါင်းကို ခပ်ကြွမ်းကြွမ်း ခါယမ်းပစ်ပြီး အတွေးများကို ဖယ်ချလိုက်သည်။

"ပုံမှန် ဆက်သွယ်တတ်တဲ့ မိတ်ဆွေ အပေါင်းအသင်းတွေ သူ့မှာ ရှိလား"

အိရှိဂါမိက နောက်တစ်ကြိမ် မေးခွန်းထုတ်ပြန်သည်။

"ကျွန်မ မသိဘူး၊ ကျွန်မတို့ မတွေ့ဖြစ်ကြတာဖြင့် တော်တော် ကြာနေပြီ"

"သူ မနက်ဖြန် ဘာလုပ်မယ် ဆိုတာကိုကော သူ့ဆီက မကြားမိဘူးလား၊ ဥပမာ– ဘယ်သူ ဘယ်ဝါနဲ့ တွေ့ဖို့ ချိန်းထားတာမျိုးပေါ့"

"ဟင့်အင်း .... ဆောရီးပါရှင်၊ ကျွန်မ ဘာမှ မသိဘူး"

ယာစုကိုသည် ခေါင်းငိုက်စိုက် ချထားလျက်က ပြန်ဖြေသည်။

"ကျွန်တော်က မေးရမယ့် တာဝန်ရှိလို့မေးကြည့်ရုံသက်သက်ပါ။ ခင်ဗျား မသိဘူး ဆိုတာကလဲ သဘာဝကျတာပါပဲ၊ စိတ်ထဲ မထားပါနဲ့"

အိရှိဂါမိသည် လက်အိတ်ဝတ်ထားသော လက်ဖြင့်အလောင်း၏ မျက်နှာကို စမ်းသပ်ကြည့်သည်။ ထို့နောက် ထိုသူ၏ ပါးစပ်ကို ဖြဲ၍ ပါးစပ်အတွင်းသို့ စိုက်ကြည့်သည်။ ရွှေရောင် အံသွားတစ်ချောင်းကို သူ မြင်နေရသည်။

"သူ အံသွားတစ်ချောင်း အတုစိုက်ထားတာပဲ"

"ကျွန်မတို့ အတူနေကြတုန်းက သူ သွားဆရာဝန်နဲ့ ပြခဲ့ဖူးတယ်"

"ဘယ်အချိန်လောက်ကလဲ"

"ကျွန်မတို့ လွန်ခဲ့တဲ့ ငါးနှစ်က ကွာရှင်းခဲ့ကြတာ"

"ငါးနှစ်"

ဘာမျှ သိပ်မကြာသေး။ ထိုသို့ဆိုလျှင် သွားစိုက်မှတ်တမ်းများမှာ ရှိမြဲအတိုင်း ရှိနေနိုင်သေးသည်။ မှတ်တမ်းများကို ရှင်းလင်းပစ်နိုင်သည်ဟု မျှော်လင့်၍ မရကောင်း။

"သူ့မှာ ပြစ်မှုမှတ်တမ်းတွေ ရှိလား"

"မရှိလောက်ဘူး၊ ကျွန်မနဲ့ ကွာရှင်းပြီး နောက်ပိုင်းကိုတော့ ကျွန်မလဲ မပြောတတ်ဘူး"

"ဒါဆို ရှိချင် ရှိနိုင်တယ်ပေါ့"

"အဲ ........"

mgyoe.com

mgyoe.com

SAMPLE BOOK


ရာဇဝတ်ပြစ်မှုမှတ်တမ်း မရှိခဲ့ဖူးသည် ဖြစ်စေ၊ အကယ်၍ ယာဉ်စည်းကမ်း ချိုးဖောက်ခဲ့မှုကြောင့် အရေးယူ ခံခဲ့ရဖူးလျှင် လက်ဗွေယူ၍ မှတ်တမ်းတင်ခြင်း ခံခဲ့ရမည်သာ။ မှုခင်းစုံထောက်များသည် အမှုကို စုံစမ်းထောက်လှမ်းကြရာတွင် ယာဉ်စည်းကမ်းချိုးဖောက်သူများ၏လက်ဗွေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှိ၊ မရှိ ဆိုသည်ကိုမူ အိရှိဂါမိ ကောင်းစွာ မသိချေ။

အလောင်းကို မည်သို့ ကိုင်တွယ်ဖြေရှင်းသည် ဖြစ်စေ သေသူ၏ နောက်ကြောင်းရာဇဝင်ကို ပြန်လည် ဖော်ထုတ်သွားနိုင်လိမ့်မည် ဟူသော အချက်ကို လုံးဝ ထည့်သွင်း စဉ်းစားရပေမည်။ မည်သို့ပင် ဆိုစေ၊ ထိုသူ၏ နောက်ကြောင်းရာဇဝင်ကို လိုက်နိုင်ဖို့ အချိန်တော့ ပေးရလိမ့်မည်။ လက်ဗွေနှင့် သွားများကို ချန်မထားခြင်းဖြင့် သူတို့၏ အလုပ်ကို ပိုမို ခက်ခဲသွားစေနိုင်သည်။

ယာစုကိုက သက်ပြင်းချလိုက်သည်။ ထိုအသံသည် အိရှိဂါမိ၏ နားထဲသို့ ဝင်ရောက်လာသောအခါ သူ့အတွက် နားဝင်ချိုနေသယောင်။ ရင်ထဲတွင်လည်း နွေးခနဲ ဖြစ်သွားသည်။ နောက်ထပ်တစ်ကြိမ် ဆုံးဖြတ်ချက် ချလိုက်ပြန်သည်။ သူမ၏ အားကိုးရာ ဖြစ်စေရမည်။

သို့သော် လွယ်ကူသည့် ပုစ္ဆာတစ်ပုဒ်တော့ မဟုတ်ပေ။ သေသူ၏ နောက်ကြောင်းကို စုံစမ်းသိရှိသွားသည်နှင့် တစ်ပြိုင်နက် ရဲဌာနသည် ယာစုကိုကို အလွတ်ပေးတော့မည် မဟုတ်။ သူတို့ သားအမိနှစ်ယောက်သည် ရဲဌာန၏ စစ်ကြောမေးမြန်းချက်များကို တောင့်ခံနိုင်ပါမည်လော။ အကယ်၍ ငြင်းကွယ်ရန် အကြောင်းပြချက်တစ်စုံသာ ပြင်ဆင်ထားခဲ့လျှင် ဝိရောဓိဖြစ်သည့် အကြောင်း တစ်ချက်ချက်ကို ရဲဘက်မှ ဆုပ်ကိုင်သွားမိသည်နှင့် ဆင်ထားသောခွင်လည်း အက်ကြောင်းလိုက်လာနိုင်သည်။ သူတို့သားအမိလည်း မည်သို့မျှ ရေရှည် တောင့်ခံနိုင်လိမ့်မည် မဟုတ်။ အားလုံး ဘူးပေါ်သလို ပေါ်သွားပေမည်။

အင်မတိ အင်မတန် ကြောင်းကျိုးခိုင်လုံသော လောဂျစ်ပေါ်တွင် အခြေခံသည့် ပြီးပြည့်စုံသော ခံစစ်တစ်ခုကို သူတို့ သားအမိအတွက် ဖန်တီး တည်ဆောက်ထားပေးရမည်။

'မလောနဲ့၊ မလောနဲ့' သူ့ကိုယ်သူ သတိပေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အလျှင်စလို ပြုလုပ်ခြင်းသည် မည်သည့် ပြဿနာကိုမျှ ပြေလည်အောင် ဖြေရှင်းပေးနိုင်မည် မဟုတ်။ ယခု ပြဿနာအတွက် တစ်ရာ ရာခိုင်နှုန်း ခားပြီး တုတ်ပြီးသော အကာအကွယ်တစ်ခုကို ဖန်တီးပေးနိုင်ဖို့ လိုအပ်သည်။

အိရိုဂါမိသည် မျက်စိကို စုံမှိတ်လိုက်သည်။ ခက်ခဲသော သင်္ချာပုစ္ဆာများနှင့် ကြုံတွေ့လာသော အခါများတွင် သူ ထိုသို့ လုပ်လေ့ရှိသည်။ ပြင်ပ အာရုံများနှင့် အဆက်ဖြတ်လိုက်သည့်အခါတွင် သူ၏ ဦးနှောက်ထဲ၌ သင်္ချာကိန်းဂဏန်းများ အလျှိုလျှို ကခုန် မြူးထူးလာကြသည်။ သို့သော် ယခုအခါတွင်မူ သူ၏ ဦးနှောက်ထဲ၌ ထင်ဟပ်လာသည်များမှာ သင်္ချာကိန်းဂဏန်းများ မဟုတ်ကြတော့။

နောက်ဆုံး သူ မျက်လုံးကို ဖွင့်ပြီး စားပွဲပေါ်မှ နာရီကို လှမ်းကြည့်သည်။ ည ၈ နာရီ ခွဲကျော်လေပြီ။ သူသည် ယာစုကိုကို လှမ်းကြည့်သည်။ သူမခမျာ အသံထွက်အောင်ပင် အသက်ကို ဝဝ ရှူရဲပုံ မရ။ နေရာတွင် ညှိုးငယ်စွာ ကုပ်ကုပ်ကလေး ထိုင်နေရှာသည်။

"ကျွန်တော့်ကို အင်္ကျီ ကူချွတ်ပေးပါလား"

"ရှင် ..."

"သူ့အင်္ကျီတွေကို ချွတ်ပေးဖို့ ပြောတာ။ အပေါ်ဝတ် ကုတ်အင်္ကျီတင် မကဘူး.... ဆွယ်တာရော၊ ဘောင်းဘီရှည်ရော အကုန်လုံးကို ချွတ်ရမှာ။ အခုချိန် မြန်မြန် မလုပ်ရင် အလောင်းက တောင့်သွားတော့မှာ"

အိရိုဂါမိက ပြောရင်း အပေါ်ဝတ် ကုတ်အင်္ကျီကို ချွတ်နေသည်။

"ဟုတ်"

ယာစုကိုကလည်း လာရောက် ကူညီသည်။ သို့သော် အလောင်းအား ထိတို့ရမည်ကို ဝန်လေးနေသောကြောင့် သူမ၏ လက်ချောင်းများက တဆတ်ဆတ် တုန်နေကြသည်။

"ထားပါတော့... ဒီမှာ ကျွန်တော်ပဲ ကြည့်လုပ်ထားလိုက်မယ်။ ခင်ဗျား မိစာတိုကို သွားကူလိုက်ပါလား"

"ဆောရီးပါရှင်"

ယာစုကိုသည် ခေါင်းကို ငုံ့လျက် ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်သည်။

mgyoe.com

SAMPLE BOOK


"မစ္စ ဟာနာအိုကာ"

အိရှိဂါမိသည် သူမ၏ နောက်ကျောကို ကြည့်လျက် လှမ်းခေါ်လိုက်သည်။ တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် နောက်ပြန်လှည့်လာသော ယာစုကိုကို ကြည့်ရင်း ဆက်ပြောသည်။

"ခင်ဗျားတို့ အလီဘိုင်အတွက် အကြောင်းပြဖို့ လိုလိမ့်ဦးမယ်၊ အဲဒီအတွက် စဉ်းစားထားပါဦး"

"အလီဘိုင်... ဒါပေမဲ့ .... ကျွန်မတို့မှာ ရှိမှ မရှိဘဲ"

"ဖန်တီးရမယ်လေ"

အိရှိဂါမိသည် အလောင်းပေါ်မှ ချွတ်ထားသော အပေါ်ဝတ် ကုတ်အင်္ကျီကို သူ့ပခုံးထက်သို့ ပစ်တင်လိုက်သည်။

"ကျွန်တော့်ကို ယုံပါ၊ ကြောင်းကျိုးညီညွတ်အောင် ဆင်ခြင်စဉ်းစားနိုင်ရင် ကျွန်တော်တို့ ဒီတောင်ကနေ အေးအေးဆေးဆေး ကျော်သွားနိုင်ပါတယ်"

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၃ )

"မင်းရဲ့ ဆင်ခြင်စဉ်းစားနိုင်စွမ်းက ဘယ်လို ဖြစ်ရတာလဲကွာ၊ အဲဒီကိစ္စကို ငါ အတော်လေး စိတ်ဝင်စားနေမိတယ်"

ယုကာဝါ မနာဘုသည် စိတ်ပျက်သော ဟန်ပန်ဖြင့် ခပ်ထေ့ထေ့ ပြောဆိုပြီး အသံကျယ်ကျယ် သမ်းဝေပစ်လိုက်သည်။ သေးကွေးသော ရွှေကိုင်းမျက်မှန်ကို ချွတ်၍ အနီးနားတစ်နေရာတွင် ချသည်။ 'မင်းကို သုံးနေဖို့ မလိုတော့ဘူး' ဟု ဆိုလိုလိုက်သည့်နှယ်။

တကယ့်လက်တွေ့တွင်လည်း ဤသို့ပင်ဖြစ်နေသည်။ ကုစာနာဂိသည် သူ့မျက်စိရှေ့တွင် ချထားသော စစ်တုရင်ဗန်းကို စိုက်ကြည့်နေသည်မှာ မိနစ်နှစ်ဆယ်ခန့် ရှိနေပြီ။ ရုန်းထွက်ထိုးဖောက်နိုင်မည့် နည်းလမ်းကို ရှာ၍ မတွေ့သေးပေ။ သွားရန် မြေမရှိ။ ချောင်ပိတ်ခံရသော ခွေးတစ်ကောင်ကဲ့သို့ ဖြစ်နေသည်ဟု ဆိုနိုင်သော်လည်း ခွေးတစ်ကောင်ကဲ့သို့ အနီးရှိ ထင်ရာမြင်ရာကို ရမ်းဆွဲရမ်းကိုက်၍လည်း ဖြစ်နိုင်သည် မဟုတ်။ ဖြစ်နိုင်ခြေရှိသော ရွှေ့ကွက် အမြောက်အမြားကို ဆင်ခြင် သုံးသပ်ကြည့်သော်လည်း အကွက်တိုင်းက သေမင်းခံတွင်းဝသို့သာ လမ်းညွှန်နေကြလေသည်။

"မင်းတို့ စစ်တုရင်က ငါနဲ့ မကိုက်ပါဘူးကွာ"

ကုစာနာဂိက ရေရွတ်နေသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"လာပြန်ပြီ"

"ဟုတ်တယ်လေကွာ၊ ရန်သူ့ဆီက သိမ်းထားတဲ့မြင်းကို ဘာလို့ ပြန်သုံးခွင့် မရှိရတာလဲ။ မြင်းက စစ်နိုင်သူရဲ့ ဘဏ္ဍာပစ္စည်း ဖြစ်သွားပြီလေ၊ ဘာဖြစ်လို့ ယူသုံးခွင့် မပေးရတာလဲ"

"မင်းက ကစားနည်းဥပဒေသကို ဘာဖြစ်လို့ ပြဿနာ ရှာချင်နေရတာလဲ။ ပြီးတော့ မြင်းက ဘဏ္ဍာပစ္စည်း မဟုတ်ဘူးကွ၊ သူလဲ စစ်သည်တော်ပဲ။ တစ်ဖက်လူက စားသွားတယ် ဆိုတာက သူ့ကို သတ်ပစ်လိုက်တာနဲ့ ဘာထူးလဲ။ သေသွားတဲ့ စစ်သည်ကို ဘယ်လိုလုပ်ပြီး ပြန်သုံးလို့ ရနိုင်ပါတော့မလဲ"

"ရှိုဂျီမှာကျတော့ သုံးလို့ရတယ်လေ"

"ရှိုဂျီကစားနည်းကို တီထွင်ခဲ့တဲ့ လူတွေရဲ့ အမြော်အမြင် ကြီးမှုကိုတော့ ငါ လေးစားမိတာ အမှန်ပဲ။ သူတို့ရဲ့ အယူအဆအရ ရှိုဂျီမှာ ပါတဲ့ ရန်သူ့တပ်သားတွေကို စားလိုက်တယ် ဆိုတာက ရန်သူ့တပ်သားကို သတ်ပစ်တာမျိုး မဟုတ်ဘဲ သူတို့ကို ဖမ်းဆီး သိမ်းသွင်းတဲ့သဘော သက်ရောက်နေတယ်။ ဒါကြောင့်လဲ စားထားတဲ့ တပ်သားကို ကိုယ့်ဘက်သားအနေနဲ့ နောက်တစ်ကြိမ် ပြန်အသုံးပြုခွင့် ရတာပေါ့"

"စစ်တုရင်မှာလဲ အဲဒီအတိုင်း လုပ်လိုက်ရင် ပြီးနေတာပဲ ဥစ္စာ"

"ရန်သူ့ဆီမှာ အညံ့ခံတယ်ဆိုတာ သူရဲကောင်းတွေရဲ့ စိတ်ဓာတ်နဲ့ ဖီလာဆန့်ကျင် ဖြစ်နေတယ်။ ဒီမယ် ...အဓိပ္ပာယ် မရှိတဲ့ အကြောင်းပြချက်တွေနဲ့ တောင်ပြော မြောက်ပြော လျှောက်ပြောမနေနဲ့။ ကိုယ့်တိုက်ပွဲ အခြေအနေကို စေ့စေ့စပ်စပ် သေချာ မြင်နိုင်အောင် အာရုံစူးစိုက်ထားဦး။ မင်းမှာ ရွှေ့စရာ တစ်ကွက်ပဲ ရှိတယ်။ မင်းဘက်မှာ ရွှေ့လို့ရသေးတဲ့ အကောင်ကလဲ များများစားစား ရှိတာ မဟုတ်ဘူး။ ပြီးတော့ ဘယ်အကောင်ကမှ ငါ့ကို တားဆီးနိုင်မှာ မဟုတ်တော့ဘူး။ မင်း ဘာပဲ ရွှေ့ရွှေ့၊ ငါ့အလှည့်ရောက်လို့ တစ်ကွက် ရွှေ့လိုက်တာနဲ့ မင်းတော့ ဂိန်ပြီသာ မှတ်"

"တော်ပြီကွာ မကစားတော့ဘူး၊ စစ်တုရင်က ကစားလို့လဲ မကောင်းဘူး"

ကုစာနာဂိသည် သူ့ထိုင်ခုံပေါ်တွင် အသံမြည်အောင် ဆောင့်ထိုင်ချလိုက်သည်။

ယုကာဝါသည် မျက်မှန်ပြန်တပ်ပြီး နံရံပေါ်မှ နာရီကို လှမ်းကြည့်သည်။

mgyoe.com

mgyoe.com


"၄၂ မိနစ်တောင် ကြာသွားပြီ၊ မင်း စဉ်းစားနေတာနဲ့ပဲ အချိန်တွေ အလကား ကုန်သွားတယ်။ ဒါနဲ့… မင်း ငါ့ဆီ လာပြီး အချိန်ဖြုန်းနေတာကို မင်းရဲ့ အထက်က 'စာအုပ်ကြီး' သိသွားရင် အကောခံရမှာ မကြောက်ဘူးလား"

"လူသတ်မှုနဲ့ ထွက်ပြေးနေတဲ့ ငနဲကို ဆွဲဖမ်းထားနိုင်တာမှ မကြာသေးဘူးကွာ၊ ငါ့ကို အပန်းဖြေချိန်လေးလည်း ပေးဦးမှပေါ့"

ကုစာနာဂိသည်သူ့အနီးရှိညစ်ပတ်ပေရေနေသောကော်ဖီမတ်ခွက်ကို လှမ်းကိုင်လိုက်သည်။ သူ့အတွက် ယုကာဝါ ဖျော်ပေးထားသော ကော်ဖီမစ်မှာ ယခုအခါ အေးစက်လျက် ရှိနေသည်။

အမ်ပီရီယယ်တက္ကသိုလ်၊ ရူပဗေဒဌာန၏ ဓာတ်ခွဲခန်း အမှတ် (၁၃) တွင် သူတို့ ရောက်နေကြသည်။ ကျောင်းသားများ အားလုံးသည် စာသင်ချိန် ကျရောက်လာသောကြောင့် စာသင်ခန်းအသီးသီးသို့ ရောက်ရှိနေလေသည်။ ထိုအကြောင်းကြောင့်လည်း ကုစာနာဂိသည် ဤအချိန်ကို တကူးတက ရွေးချယ်၍ ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ကုစာနာဂိ၏ အိတ်ကပ်ထဲမှ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။ ယုကာဝါသည် အဖြူရောင် ကုတ်အင်္ကျီကို ပခုံးပေါ်တင်ရင်း စပ်ဖြဲဖြဲ လုပ်နေသည်။

"တွေ့လား… မင်းကို ရှာနေပြီ"

ကုစာနာဂိ၏ မျက်နှာမှာ မှုန်ကုပ်လျက် ဖုန်းမျက်နှာပြင်ကို စိုက်ကြည့်နေသည်။ ယုကာဝါ၏ စကားက ဒက်ထိ မှန်နေသည်။ ဖုန်းခေါ်လာသူမှာ သူ့ဌာနမှ ညီငယ် ရဲဘော်တစ်ယောက် ဖြစ်သည်။

*****

အလောင်းကို တွေ့ရှိရာ နေရာမှာ ကျူး-အီဒိုဂါဝါမြစ်၏ တစ်ဖက်ကမ်း တိုကျိုမြို့ပိုင်နက်အတွင်းတွင် ဖြစ်သည်။ ရေဆိုးသန့်စင်စက်ရုံနှင့် မဝေးလှတော့ပေ။ မြစ်၏ ဟိုမှာဘက်ကမ်းမှာ ချီဘစီရင်စု ဖြစ်သည်။ အဘယ်ကြောင့် ထိုသူများသည် အလောင်းကို ဟိုဘက်ကမ်းတွင် သွားရောက် မစွန့်ပစ်ကြသနည်း။ ကုစာနာဂိသည် အအေးဒဏ်ကို ကာကွယ်နိုင်ရန် ကုတ်အင်္ကျီကော်လာကို ထောင်ရင်း စဉ်းစားနေမိသည်။

အလောင်းကို မြစ်ကမ်းနဖူးတွင် စွန့်ပစ်ထားခြင်း ဖြစ်သည်။ စက်ရုံ

mgyoe.com

mgyoe.com  SAMPLE BOOK 

များတွင် သုံးလေ့သုံးထ ရှိသည့် မိုးပြာရောင် ပလတ်စတစ် တာလပတ်စဖြင့် အလောင်းကို ထုပ်ပိုးထားသည်။

မြစ်ကမ်းနံဘေးတွင် အညောင်းပြေ လမ်းလျှောက်လေ့ရှိသော အဘိုးအို တစ်ဦးက ၎င်းကို တွေ့ရှိ၍ ရဲဌာနသို့ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ တာလပတ်စ ၏ အစွန်းတစ်နေရာမှ ခြေထောက်နှင့် ဆင်တူသော အရာတစ်ခု ထိုးထွက်နေသည်ကို သတိထားမိလိုက်သောကြောင့် ၎င်းကို အနီးကပ် စူးစမ်းကြည့်ရာမှ လူသေ အလောင်းတစ်ခု ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

"အဲဒီ အဘိုးကြီးက ၇၅ နှစ် ရှိပြီလို့ ပြောတယ်။ ဒီလောက် အေးတဲ့ ရာသီဥတုကြီးထဲမှာ သူမို့လို့ လှုပ်နိုင်သေးတယ်။ ဒီအသက်အရွယ်ကြီး ရောက်မှ ဒီလို နိမိတ်မရှိ နမာမရှိ အလောင်းကောင်ကြီးကို မြင်လိုက်ရတော့ သူ့ကို သနား တောင် သွားမိသေးတယ်ဗျာ"

အချိန်အနည်းငယ် စော၍ အလျင်ရောက်နှင့်နေသော ညီငယ်ရဲဘော် ကိရှိတာနိက အခြေအနေ အလုံးစုံကို ကုစာနာဂိအား တင်ပြနေသည်။ ကုစာနာဂိ ကလည်း မျက်မှောင်ကို ကြုတ်လျက် နားထောင်နေမိသည်။ အပေါ်ရှိ အနွေးထည် ၏ အင်္ကျီအနားစွန်းမှာ လေထဲတွင် တဖျပ်ဖျပ် မြည်တမ်းလျက် လွင့်ပျံနေသည်။

"ကိရှိတာနိ... မင်း အလောင်းကို မြင်လိုက်ရလား"

"ဟုတ်"

ကိရှိတာနိသည် နှုတ်ခမ်းကို မဲ့ကာ ပြန်ဖြေသည်။

"တပ်ဖွဲ့မှူးက စေ့စေ့စပ်စပ် ကြည့်ဖို့ ကျွန်တော့်ကို မှာထားတယ်"

"ဘိုးတော်က အမြဲတမ်း အဲဒီလိုချည်းပဲ။ သူကိုယ်တိုင်ကျတော့ ဘယ် တော့မှ လာမကြည့်ဘူး"

"အာစရိကော မကြည့်တော့ဘူးလား"

"တော်ပါကွာ၊ အစားအသောက် ပျက်ပါတယ်"

ကိရှိတာနိ၏ တင်ပြချက်အရ ဆိုလျှင် အလောင်းမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေချေပြီ။ ခန္ဓာကိုယ်ပေါ်တွင် ခြေအိတ်ပင် မကျန်အောင် ဘာအဝတ်အစားမျှ မရှိတော့။ မျက်နှာပြင်မှာလည်း ကားနင်းခံထားရသော ဖရဲသီးတစ်လုံးကဲ့သို့ ကြေမွ ပျက်စီးနေသည်။ ထိုတစ်ချက်တည်းကို မြင်ရုံမျှဖြင့် ကုစာနာဂိအား အော့အန် သွားစေနိုင်သည်ဟု ညီငယ် ရဲဘော်က ဆိုခဲ့သည်။ လက်ချောင်းများကိုလည်း မီးရှို့ ဖျက်ဆီးထားသည်။ ဘာ လက်ဗွေရာမျှ ရနိုင်မည် မဟုတ်တော့။

mgyoe.com

mgyoe.com
SAMPLE BOOK


"အထောက်အထား ရှာဖွေရေးအဖွဲ့က တစ်ခုခုတော့ ရှာတွေ့ကောင်းပါရဲ့"

ကုစာနာဂိသည် ပြောရင်း ၎င်းအနီးပတ်ဝန်းကျင်၌ လှည့်ပတ်၍ လမ်းသလားနေသည်။ လာရောက် စပ်စုနေကြသော လူပရိသတ်များ၏ အမြင်တွင် သူသည် လူသတ်တရားခံနှင့် သက်ဆိုင်မည့် အထောက်အထား တစ်ခုခုကို ရှာဖွေစူးစမ်းနေသယောင် သဏ္ဌာန်လုပ် သရုပ်ဆောင် ရပေဦးမည်။ ရင်ထဲတွင် ရှိသည့်အတိုင်း ပြောရမည်ဆိုလျှင် သူသည် ထိုကိစ္စအတွက် အထောက်အထား ရှာဖွေရေးအဖွဲ့ကို အပြီးအပိုင် ပုံအပ်ထားပြီး ဖြစ်သည်။ အရေးပါသော အထောက်အထား တစ်စုံတစ်ရာကို သူကိုယ်တိုင် ရှာတွေ့နိုင်လိမ့်မည်ဟု နည်းနည်းကလေးမျှ မျှော်လင့်မထားပေ။

"ဒီအနီးနားမှာ စက်ဘီးတစ်စီး ပစ်ထားတာ ရှိတယ်။ အီဒိုဂါဝါရဲစခန်းကို သယ်သွားကြပြီ"

"စက်ဘီး ... တစ်ယောက်ယောက်က မသုံးချင်တော့လို့ စွန့်ပစ်ထားတာ နေမှာပေါ့"

"အဲဒီစက်ဘီးက လုံးဝ အသစ်စက်စက် နီးပါးပဲ၊ ဒါပေမဲ့ ရှေ့ဘီးရောနောက်ဘီးရောလေလျှော့ခံထားရတယ်။အချွန်တစ်ခုခုနဲ့ထိုးဖောက်ထားတဲ့ပုံပဲ"

"အင်... ဒါဆို အသတ်ခံရတဲ့ လူရဲ့ စက်ဘီးလား"

"အခုထိတော့ ဘာမှ မသိရသေးဘူး၊ စက်ဘီးပေါ်မှာ မှတ်ပုံတင် နံပါတ်ပါတယ်။ ပိုင်ရှင်ကို စုံစမ်းဖို့ မခက်လောက်ဘူး"

"အသတ်ခံရတဲ့လူရဲ့ စက်ဘီးဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ" ကုစာနာဂိက ပြောသည်။

"အဲဒီလိုမှ မဟုတ်ရင် ပြဿနာက ရှုပ်ကုန်တော့မှာ၊ နိဗ္ဗာန်နဲ့ ငရဲလိုပဲ"

"အမ်... ဘာဖြစ်လို့လဲ အာစရိ"

"ကိရှိတာနိ၊ အခုလို ပိုင်ရှင်မဲ့အလောင်းကို စုံစမ်းစစ်ဆေးရတာ မင်းအတွက် ပထမဆုံးအကြိမ် ဖြစ်လိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့"

"မင်း စဉ်းစားကြည့်ကွာ၊ မျက်နှာနဲ့ လက်ဖဝါးတွေကို ဖျက်ဆီးခံထားရတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အသတ်ခံရသူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို တရားခံက ဖုံးကွယ်ထားချင်တယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ။ တစ်ဖက်က

mgyoe.com

mgyoe.com


လှည့်ပြီး စဉ်းစားကြည့်မယ် ဆိုရင် တကယ်လို့သာ အသတ်ခံရသူရဲ့ နောက်ကြောင်းကို ဖော်ထုတ်နိုင်ပြီ ဆိုတာနဲ့ တရားခံကို ရှာတွေ့ဖို့ မခက်တော့ဘူး။ ဒါကြောင့် သူ့အကြောင်းကို အမြန်ဆုံး ဖော်ထုတ်နိုင်ခြင်း ရှိ၊ မရှိ ဆိုတဲ့ အချက်က ကံကြမ္မာကို ပြဋ္ဌာန်းနေတဲ့ အဓိက သော့ချက်ပဲ။ အဲ ... ငါတို့ရဲ့ ကံကြမ္မာကို ပြောတာ"

ထို့နောက် ကိရှိတာနိ၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ သူသည် တစ်ဖက်လူနှင့် အတန်ကြာမျှ ဖုန်းပြောဆိုပြီးနောက် ကုစာနာဂိ ရှိရာဘက်သို့ ပြန်လှည့်လာသည်။

"ကျွန်တော်တို့ကို အီဒိုဂါဝါ ရဲစခန်း သွားဖို့ ပြောနေတယ်"

"အမယ်လေး၊ ဘုရားသိကြား မ,လို့။ အခုမှပဲ လွတ်ကျွတ်တော့တယ်"

ကုစာနာဂိက ပြောသည်။ သူသည် ခါးကို ဆန့်လိုက်ပြီး သူ၏ နောက်ကျောကို လက်ဖမိုးဖြင့် ထုနေလေသည်။

*****

အီဒိုဂါဝါ ရဲစခန်းသို့ သူတို့ ရောက်သွားသောအခါ မာမီယာသည် အပူပေးစက်၏ အရှေ့တွင် ရပ်လျက် သူ၏ လက်များ ကင်နေသည်ကို တွေ့ကြရသည်။ မာမီယာသည် ကုစာနာဂိ၏ တပ်ဖွဲ့မှူး ဖြစ်သည်။ နယ်မြေခံ မှုခင်းရဲများဟု ယူဆရသော လူအများအပြားသည် သူ့ပတ်ဝန်းကျင်တွင် ပြေးလွှားလှုပ်ရှားနေကြသည်။ ဤအမှုအတွက် စုံစမ်းရေးကော်မတီ ဖွဲ့ရန် အလုပ်များနေကြပုံ ရသည်။

"ဒီနေ့ မင်းရဲ့ ကိုယ်ပိုင်ကားကို မောင်းလာတာလား"

မာမီယာက ကုစာနာဂိကို မြင်လိုက်သည်နှင့် လှမ်းမေးလေသည်။

"ဟုတ်ကဲ့၊ ဒီနားပတ်ဝန်းကျင်က ဓာတ်ရထားစီးလို့ အဆင်မပြေဘူး"

"မင်းက ဒီနယ်တစ်ပိုက်ကို ကျွမ်းကျင်တာလား"

"ကျွမ်းကျင်တယ်လို့လဲ ခေါ်လို့ မရပါဘူး။ ဒါပေမဲ့ တော်တော်တော့ ရင်းနှီးနေပါပြီ"

"ဒါဆို လမ်းပြဖို့ တခြားလူကို ခေါ်နေစရာတောင် မလိုတော့ဘူးပေါ့။ မင်း ကိရှိတာနိကို ခေါ်ပြီး ဒီနေရာ သွားလိုက်စမ်း"

ပြောရင်း မာမီယာက စက္ကူဖြတ်ပိုင်းတစ်ရွက် ကမ်းပေးသည်။ စာရွက်ပေါ်တွင် အီဒိုဂါဝါမြို့နယ်၊ ရှိနိုဇာကီရှိ အိမ်လိပ်စာတစ်ခုကို ရေးခြစ်ထားသည်။ လိပ်စာ၏ အောက်တွင် အမျိုးသမီးတစ်ယောက်၏ နာမည်ကို ရေးထားသည်။

mgyoe.com

"ယာမာဘေ ယိုကို"

"သူက ဘယ်သူလဲ ဆရာ"

ကုစာနာဂိက မေးသည်။

"မင်း သူ့ကို စက်ဘီးအကြောင်း ပြောပြပြီးပြီ မဟုတ်လား"

မာမီယာက ကိရိုတာနိကို မေးသည်။

"ဟုတ်ကဲ့ ဆရာ"

"အလောင်းရဲ့ အနားမှာ တွေ့တယ်ဆိုတဲ့ စက်ဘီးကို ပြောတာလား"

ကုစာနာဂိက မျက်နှာထား ခပ်တည်တည်နှင့် ရပ်နေသော တပ်ဖွဲ့မှူးကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်၊ စက်ဘီးရဲ့ မှတ်ပုံတင်နံပါတ်နဲ့ စစ်ဆေးကြည့်လိုက်တော့ အဲဒီစက်ဘီးကို ပစ္စည်းပျောက်အနေနဲ့ အမှုဖွင့်ထားတာ တွေ့ရတယ်။ မှတ်ပုံတင်နံပါတ်က တစ်ထေရာတည်းပဲ။ အဲဒီအမျိုးသမီးက စက်ဘီးပိုင်ရှင်ပေါ့။ ငါ သူနဲ့ ဆက်သွယ်ကြည့်ပြီးပြီ။ မင်းတို့ သူ့ဆီ သွားစုံစမ်းကြည့်လိုက်"

"စက်ဘီးပေါ်မှာ လက်ဗွေရာတွေ မတွေ့ရဘူးလား"

"အဲဒီကိစ္စကို မင်းစိတ်ပူနေဖို့ မလိုဘူး။ သွားစရာရှိတာ အမြန်သွား"

မာမီယာ၏ခက်ထန်သော အသံကိုကြားလိုက်ရသည်နှင့်သူတို့နှစ်ယောက်စလုံး တံခါးဝဆီသို့ ပြေးထွက်လာကြတော့သည်။

"တောက်... လက်စသတ်တော့ စက်ဘီးက ခိုးခံထားရတာတဲ့ကွာ။ ဒါပေမဲ့ အစောကြီးကတည်းက အဲဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ငါ ထင်တော့ ထင်မိသား"

ကုစာနာဂိသည် ကားမောင်းရင်း ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေသည်။ သူ၏ ကားမှာ အနက်ရောင် စကိုင်းလိုင်းအမျိုးအစား ဖြစ်ပြီး သုံးလာခဲ့သည်မှာ ၈ နှစ်မျှ ကြာခဲ့လေပြီ။

"တရားခံက သုံးပြီး ပစ်ထားခဲ့တာလား"

"ဟုတ်မှာပေါ့၊ အဲဒီလိုသာဆိုရင် စက်ဘီးပိုင်ရှင်ကို မေးလဲ ဘာထူးဦးမှာလဲ။ သူ့စက်ဘီးကို ဘယ်သူ ခိုးသွားသလဲ ဆိုတာ သူက သိမှာမှ မဟုတ်ဘဲ။ ဒါပေမဲ့ စက်ဘီးကို ဘယ်နေရာမှာ အခိုးခံရတာလဲ ဆိုတာ မေးနိုင်ရင်တော့ အနည်းဆုံး တရားခံ သွားလာလှုပ်ရှားခဲ့တဲ့ လမ်းကြောင်းကို သတ်မှတ်လို့ရတာ ပေါ့"

mgyoe.com

ကုစာနာဂိသည် စက္ကူဖြတ်ပိုင်းနှင့် မြေပုံကို အားကိုးပြီး ရှိနိုဇာကိ ပတ်ဝန်းကျင်တွင် နှစ်ပတ်၊ သုံးပတ် ပတ်ကာ လိပ်စာကို ရှာခဲ့ရသည်။ နောက်ဆုံးတွင် သူတို့ သွားလိုသော အိမ်ကို တွေ့ရှိသွားသည်။ အဖြူရောင် နံရံများနှင့် ခေတ်မီသောအုတ်တိုက်တစ်လုံး။ တံခါးဝတွင် 'ယာမာဘေ' ဟူသော နာမည်ကတ်ပြားကို ချိတ်ဆွဲထားသည်။

ယာမာဘေ ယိုကိုသည် အသက် ၃၅ နှစ်ခန့် အရွယ်ရှိသော အိမ်ရှင်မတစ်ဦး ဖြစ်သည်။ သူ့မျက်နှာမှ မိတ်ကပ်များမှာ လောလောလတ်လတ် လိမ်းကျံထားဟန် တူသည်။ သူမထံသို့ မှုခင်းရဲများ လာရောက်လိမ့်မည်ဟု သတင်းရသည်နှင့် အလှပြင်ပြီး စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်ရပေမည်။

"သိပ်သေချာတာပေါ့၊ အဲဒါ ကျွန်မရဲ့ စက်ဘီးပဲ"

အထောက်အထား ရှာဖွေရေးအဖွဲ့ထံမှ ခေတ္တ ငှားယူလာခဲ့သော စက်ဘီးဓာတ်ပုံကို ကုစာနာဂိက ထုတ်ပြလိုက်သောအခါ ယာမာဘေ ယိုကိုသည် ဓာတ်ပုံကို ကြည့်၍ မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

"တကယ်လို့ ခင်ဗျား ရဲစခန်းကို လိုက်လာပြီး အဲဒီပစ္စည်းကို အတည်ပြုပေးမယ် ဆိုရင်တော့ အတိုင်းထက် အလွန်ပါပဲ"

"လိုက်ရမှာပေါ့ရှင်၊ ရှင်တို့က ကျွန်မ စက်ဘီးကို ပြန်ပေးမှာ မဟုတ်လား"

"ဒါပေါ့၊ ဒါပေမဲ့ အဲဒီစက်ဘီးနဲ့ ဆက်စပ်ပြီး စုံစမ်းစရာတချို့တော့ ရှိနေသေးတယ်။ စုံစမ်းမှုတွေ ပြီးစီးသွားမှ ပြန်အပ်နိုင်လိမ့်မယ်"

"စက်ဘီးကို ချက်ချင်း ပြန်ပေးမှ ဖြစ်မှာ။ စက်ဘီးမရှိရင် ကျွန်မ ဈေးဝယ်သွားဖို့ အဆင်မပြေဘူး"

သူမက မကျေနပ်သည့် အမူအရာဖြင့် မဲ့ကာရွဲ့ကာ ပြောနေသည်။ သူမ၏ စက်ဘီး ပျောက်ဆုံးရခြင်းသည် ရဲများ၏ တာဝန်မဲ့မှုကြောင့် ဖြစ်သည်ဟု အပြစ်တင်နေသယောင်။ ကြည့်ရသည်မှာ ဤစက်ဘီးနှင့် လူသတ်မှုတို့ ဆက်နွှယ်ပတ်သက်နေသည်ကို သူမ သိပုံ မရသေးပေ။ အကယ်၍ သိရှိသွားပါလျှင် ထိုစက်ဘီးကို သူမ စီးဝံ့ပါဦးမည်လော။ စက်ဘီး၏ ဘီးနှစ်ဘီးလုံး သံချွန်ဖြင့် အဖောက်ခံထားရသည်ကို သိရှိသွားသောအခါတွင် မိမိတို့အား လျော်ကြေးတောင်းနေပါဦးမည်လော။ ကုစာနာဂိက တွေးနေသည်။

ယာမာဘေ ယိုကို၏ ပြောစကားအရဆိုလျှင် စက်ဘီးသည် ယမန်နေ့က အခိုးခံခဲ့ရခြင်း ဖြစ်သည်။ မတ်လ ၁၀ ရက်နေ့ နံနက် ၁၁ နာရီ မှ ည ၁၀ နာရီ

mgyoe.com

mgyoe.com


အတွင်းတွင် ဖြစ်သည်။ ယမန်နေ့က သူနှင့် သူ့သူငယ်ချင်းတို့ ဂင်ဇာတွင် လူချင်းချိန်းတွေ့ကြပြီး ရှော့ပင်ထွက်၍ ညစာအတူ စားခဲ့ကြသည်။ ထို့နောက် ရှိနိုဇာကိဘူတာရုံသို့ ပြန်ရောက်သောအချိန်တွင် ည ၁၀ နာရီကျော်လေပြီ။ သူမသည် ဘတ်စ်ကား စီး၍ အိမ်ပြန်လာခဲ့ရသည်။

"ခင်ဗျားက စက်ဘီးကို ယာဉ်ရပ်နားကွင်းမှာ ထိုးထားခဲ့တာလား"

"ဟင့်အင်း... လမ်းဘေး ပလက်ဖောင်းပေါ်မှာ"

"သော့မခတ်ထားဘူးလား"

"ခတ်ပါရောရှင်၊ ကျွန်မ လမ်းဘေးလက်ရန်းရဲ့ သံတိုင်နဲ့တောင် တွဲချည်ထားသေးတယ်"

အခင်းဖြစ်ပွားရာ နေရာတွင် ကြိုးသော့တစ်ချောင်းကို တွေ့ရှိခဲ့သည်ဟု တစ်ဦးတစ်ယောက်က တင်ပြထားကြောင်း ကုစာနာဂိ မကြားမိသေးပေ။

သူသည် မစ္စစ် ယာမာဘေကို ရှိနိုဇာကိဘူတာသို့ ခေါ်လာခဲ့ပြီး စက်ဘီးပျောက်ခဲ့သည့် နေရာကို လိုက်လံ ပြသစေခဲ့သည်။

"ဒီနား ပတ်ဝန်းကျင်ပဲ"

ဘူတာရုံ၏ မျက်နှာချင်းဆိုင်ရှိ စူပါမားကက်တစ်ခုမှ မီတာ ၂၀ ခန့် အကွာတွင် ရှိသော လမ်းဘေး ပလက်ဖောင်းတစ်နေရာကို သူမက လက်ညှိုး ညွှန်ပြသည်။ ထိုနေရာတွင် ယခုတိုင် စက်ဘီးများစွာ စီတန်း၍ ရပ်ထားဆဲ။

ကုစာနာဂိသည် အနီးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ ဤလမ်းကြောပေါ်တွင် ဘဏ်နှင့် စာအုပ်ဆိုင်တို့ ရှိကြသည်။ နေ့လယ်နှင့် ညနေခင်းတို့တွင် လမ်းသွားလမ်းလာများ နည်းလိမ့်မည် မဟုတ်။ ကြိုးသော့ကို ချက်ချာဖျတ်လတ်စွာ ဖြတ်ချပြီး စက်ဘီးကို ခပ်တည်တည်နှင့် နင်းထွက်သွားဖို့ ဆိုသည်မှာ များစွာ ခက်ခဲလှသည့်ကိစ္စ မဟုတ်ပေ။ သို့သော် တရားခံသည် လူသွားလူလာနည်းသည့် အချိန်တွင်သာ စက်ဘီးကို ခိုးယူခဲ့ခြင်း ဖြစ်ရမည်ဟု သူက ယူဆထားသည်။

ထို့နောက် သူသည် ယာမာဘေ ယိုကိုကို အီဒိုဂါဝါရဲစခန်းသို့ ခေါ်သွားပြီး စက်ဘီးကို ပြ၍ အတည်ပြုစေသည်။

"အတော် ကံဆိုးတာပဲ။ ပြီးခဲ့တဲ့ လကမှ ဝယ်ထားတဲ့ စက်ဘီးကို အခိုးခံရမှန်း သိလိုက်ရတော့ ကျွန်မဖြင့် စိတ်တိုလိုက်တာ အရမ်းပဲ။ အဲဒါနဲ့ အိမ်ပြန်ဖို့ ဘတ်စ်ကား မစီးခင် အနားမှာရှိတဲ့ ရဲစခန်းကို သွားပြီး အမှုဖွင့်ပစ်လိုက်တယ်"

mgyoe.com

mgyoe.com

SAMPLE BOOK


သူမက အနောက်ဘက် ထိုင်ခုံတွင် ထိုင်လျက် ပြောနေသည်။

"ခင်ဗျားမို့ မှတ်ပုံတင်နံပါတ် မှတ်မိနေသေးတယ်"

"ဒါပေါ့ရှင်၊ ဝယ်ထားတာ ကြာမှ မကြာသေးဘဲဟာ။ အိမ်မှာ ဘောက်ချာ ဖြတ်ပိုင်းတောင် ရှိနေသေးတယ်။ ကျွန်မ အိမ်ကို ဖုန်းဆက်ပြီး ကျွန်မ သမီးကို ကြည့်ခိုင်းရတာပေါ့"

"ဩော်"

"အမှုက ဘာအမှုလဲ၊ ဖုန်းဆက်လာတဲ့ သူကလဲ သေသေချာချာ ပြော မပြချင်ဘူး။ သူလုပ်တာနဲ့ ကျွန်မတောင် ပိုပြီး သိချင်လာတယ်"

"မသေချာသေးဘူး၊ ကျွန်တော်တို့လဲ ဂဃနဏ သိရသေးတာ မဟုတ် ဘူးဗျ"

"ရှင်တို့ ရဲတွေက အတော် နှုတ်လုံတာပဲ"

ဘေးခုံတွင် ထိုင်နေသော ကိရိုတာနိသည် မရယ်မိစေရန် သူ့ကိုယ်သူ အတော်လေး ထိန်းချုပ်နေရသည်။ ဤအမျိုးသမီးနှင့် ယနေ့ သွားတွေ့ခွင့် ရသည်ကို ကုစာနာဂိက ကျိတ်ပြီး ဝမ်းသာနေမိသည်။ အကယ်၍ လူသတ်မှုကို တရားဝင် ကြေညာပြီးနောက်မှ သွားတွေ့ရမည် ဆိုလျှင် တစ်ဖက်လူ၏ တန်ပြန်မေးခွန်း များကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရပေတော့မည်။

ယာမာဘေ ယိုကိုသည် အီဒိုဂါဝါရဲစခန်းတွင် စက်ဘီးကို မြင်လိုက် သည်နှင့် သူ့စက်ဘီးဖြစ်ကြောင်း အခိုင်အမာ ပြောဆိုလေသည်။ ထို့အပြင် စက်ဘီး ၏ ဘီးများ ပေါက်နေခြင်း၊ စက်ဘီးပေါ်တွင် အစင်းရာများ ထင်နေခြင်းအတွက် မည်သူ့ထံမှ အလျော်တောင်းရမည်နည်းဟု မေးနေပြန်သည်။

*****

အထောက်အထား ရှာဖွေရေးအဖွဲ့သည် စက်ဘီး၏ လက်ကိုင်တန်း၊ ဘောင်နှင့် ထိုင်ခုံတို့မှ လက်ဗွေရာများစွာကို ရရှိခဲ့သည်။ ထို့အပြင် အလောင်းတွေ့ရာ နေရာ မှ မီတာ တစ်ရာခန့်အကွာတွင် သေသူ၏ ပစ္စည်းဟု ယူဆရသော အဝတ်အစား များကို ရဲအဖွဲ့မှ တွေ့ရှိခဲ့သည်။ ၎င်းအဝတ်အစားများကို ငါးဂါလန် ဆီပုံးထဲတွင် ထိုးထည့်ထားပြီး တချို့တစ်ဝက် မီးလောင်ကျွမ်းထားသည်။ အပေါ်ဝတ် အနွေး ထည်၊ ဆွယ်တာ၊ ဘောင်းဘီရှည်၊ ခြေအိတ်နှင့် အတွင်းခံတို့ ဖြစ်ကြသည်။ လူသတ်

mgyoe.com

တရားခံသည် အဝတ်အစားများကို မီးတို့ပြီးပြီးချင်း နေရာမှ ထွက်ခွာသွားခဲ့ပုံ ရသည်။ ၎င်းအဝတ်အစားများသည် အလုံးစုံ ပြာကျသွားသည်အထိ လောင်ကျွမ်းသွားခြင်း မရှိဘဲ တစ်ခဏအကြာတွင် မီးသေသွားခဲ့သည်။

အဝတ်အစားများ၏ ပုံစံနှင့် ကုန်အမှတ်တံဆိပ်များသည် ဘာမျှ ထူးခြားလှသည် မရှိ။ တစ်နိုင်ငံလုံးတွင် မြင်တွေ့နေကျ ဖြစ်သော သာမန် အဝတ်အစားမျှသာ ဖြစ်သည်။ ၎င်းအဝတ်အစားများနှင့် သေသူ၏ ခန္ဓာကိုယ် အချိုးအစားကို ကြည့်၍ သေသူ၏ အသွင်အပြင်၊ ပုံပန်းသဏ္ဍာန်ကို ရုပ်လုံးပေါ်အောင် ပုံတူပန်းချီ တစ်ကား ခန့်မှန်း ရေးဆွဲကြသည်။ ထို့နောက် ရဲတချို့သည် ရှိုနိုဇာကိဘူတာတွင် ယင်းခန့်မှန်းပန်းချီကားကို ကိုင်ဆောင်၍ လမ်းသွားလမ်းလာတို့အား မေးမြန်းကြည့်ကြသည်။ သို့သော် သေသူ၏ မျက်နှာပြင်ကိုလည်း တိတိကျကျ သိရသည် မဟုတ်။ ထို့အပြင် ထိုသူ၏ အဝတ်အစားများကလည်း ဘာမျှ ထူးခြားလှသည် မဟုတ်သောကြောင့် မည်မျှပင် အချိန်ကုန်ခံ၍ မေးမြန်းစေကာမူ အသုံးတည့်သည့် မည်သည့် သတင်းအချက်အလက်ကိုမျှ မရရှိခဲ့ပေ။

ရုပ်သံသတင်းဌာနမှလည်း ၎င်း ခန့်မှန်းပန်းချီကားကို ထုတ်ပြန်ခဲ့သည်။ များမကြာခင် အချိန်တွင် လူအမြောက်အမြားထံမှ ပေးပို့သော သဲလွန်စများစွာ ရရှိလာသည်။ သို့သော် အသတ်ခံရသူနှင့် ပတ်သက်ဆက်နွှယ်၍ ရနိုင်သော မည်သည့် အထောက်အထားမျှ မပါရှိချေ။

ထို့အပြင် မှုခင်းတပ်ဖွဲ့သည် လူပျောက်ကြော်ငြာစာရင်းနှင့် တိုက်ဆိုင် စစ်ဆေးကြည့်ပြန်သည်။ သို့သော် မည်သို့မျှ အကြောင်း မထူး။

ထို့နောက် မှုခင်းတပ်ဖွဲ့သည် အီဒိုဂါဝါမြို့နယ်ကို ဗဟိုချက်မအဖြစ် ထားပြီး ဤနယ်မြေအတွင်း၌ တစ်ကိုယ်တည်း နေထိုင်သော အမျိုးသားများ၊ သို့မဟုတ် တည်းခိုခန်းမှ ဧည့်သည်များ ရုတ်တရက် ပျောက်ဆုံးသွားခြင်း ရှိ၊ မရှိကို ထပ်မံ စုံစမ်းကြည့်ပြန်သည်။ သို့ဖြင့် နောက်ဆုံးတွင် သဲလွန်စတစ်ခု ရရှိလာခဲ့လေသည်။

ကာမေဒိုရပ်ကွက်ရှိ အိုဂီယာတည်းခိုခန်းတွင် ငှားရမ်း နေထိုင်ခဲ့သော ဧည့်သည်တစ်ယောက်သည် အလောင်းတွေ့ရှိခဲ့သော မတ်လ ၁၀ ရက်နေ့တွင် ပျောက်ဆုံးသွားခဲ့သည်။ အခန်း ပြန်အပ်ရမည့် အချိန်သို့ ရောက်သောအခါတွင် ဧည့်သည်ကို မတွေ့ရသောကြောင့် ဝန်ထမ်းတစ်ယောက်က အခန်းအတွင်းသို့

mgyoe.com

mgyoe.com

ဝင်ရောက် စစ်ဆေးကြည့်ရာ ဧည့်သည် ပိုင်ဆိုင်သည့် အနည်းငယ်သော ပစ္စည်းပစ္စယမှအပ ထိုသူ့ကို မတွေ့ခဲ့ရပေ။ ဧည့်သည်ထံမှ ငွေအကျေ ရရှိပြီး ဖြစ်သောကြောင့် တည်းခိုခန်း မန်နေဂျာသည် အလုပ်ရှုပ်ခံ၍ ရဲဌာနသို့ အကြောင်းကြားခြင်း မပြုခဲ့ချေ။

အထောက်အထား ရှာဖွေရေး တပ်ဖွဲ့သည် ထိုနေရာသို့ ချက်ချင်း ရောက်လာပြီး အခန်းတွင်းမှ ရနိုင်သမျှသော လက်ဗွေရာများနှင့် ဆံပင်တို ဆံပင်စများကို ကောက်ယူ သိမ်းဆည်းခဲ့သည်။ သို့ဖြင့် သူတို့ ပွဲပေါက်တိုးလေသည်။ သိမ်းဆည်းရမိခဲ့သော ဆံပင်များထဲမှ တစ်ချောင်းသည် အလောင်းပေါ်မှ ဆံပင်နှင့် ထပ်တူညီနေသည်။ ထို့အပြင် စက်ဘီးပေါ်မှ ရရှိထားသော လက်ဗွေရာထဲမှ တစ်ခုသည်လည်း အခန်းတွင်းတွင် ကျန်ရစ်ခဲ့သော ခရီးဆောင်အိတ် တစ်လုံးပေါ်မှ ရရှိသည့် လက်ဗွေရာနှင့် တစ်ထေရာတည်းပင်။

တည်းခိုခန်းရှိ မှတ်တမ်းအရ ပျောက်ဆုံးဧည့်သည်၏ အမည်မှာ 'တိုဂါရှိ ရှင်ဂျီ' ဖြစ်ပြီး သူ၏ နေရပ်လိပ်စာမှာ အနောက် ရှင်ဂျူကု၊ ရှင်ဂျူကုရပ်ကွက် ဖြစ်သည်။

၁

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၄ )

မြေအောက်ဘူတာရုံမှ ထွက်ပြီး ရှင်-အိုဟရှိတံတား ရှိရာဘက်သို့ လျှောက်၍ မြစ်အနီးသို့ မရောက်ခင် တွေ့ရသည့် လမ်းကျဉ်းကလေးထဲသို့ ချိုးဝင်သွားလျှင် လူနေအိမ်ခြေ အများအပြားကို တွေ့ရှိနိုင်သည်။ လူနေရပ်ကွက်ဟု ဆိုရသော်လည်း ဟိုနားဒီနားတွင် ဆိုင်အသေးစားလေးများ အနည်းအကျဉ်း ရှိနေသည်။ ၎င်းဆိုင်ငယ်များကို မျိုးရိုးစဉ်ဆက် ဆက်ခံလုပ်ကိုင်လာခဲ့ကြပြီးသူ့ဖောက်သည်နှင့်သူ စည်ကားနေသည်။ အကယ်၍ တခြားနေရာမျိုးတွင် ရှိနေကြမည် ဆိုလျှင် ထိုဆိုင်ကလေးများသည် စူပါမားကက်ကြီးများနှင့် ကုန်ပဒေသာဆိုင်ကြီးများ၏ လွှမ်းမိုးမှုဒဏ်ကို တောင့်ခံနိုင်ကြလိမ့်မည် မဟုတ်ပေ။ ဆိုင်ငယ်ကလေးများ ရှင်သန်ခွင့် ရနေခြင်းမှာလည်း ရှိတာမာချီ၏ ထူးခြားသော ဝိသေသ လက္ခဏာပင် ဖြစ်သည်ဟု ကုစာနာဂိက တွေးနေမိသည်။

ည ၈ နာရီကျော် ရှိပြီ။ မည်သည့်နေရာတွင် အများသုံး ရေချိုးကန် ရှိသည် မသိ။ အမျိုးသမီးကြီးတစ်ယောက်သည် ရေဇလုံကြီးတစ်လုံးကို ပိုက်လျက် သူတို့အနားမှ ဖြတ်လျှောက်သွားသည်။

"လမ်းပန်းဆက်သွယ်ရေး ကောင်းတယ်၊ ပစ္စည်း ဝယ်ရပြုရလဲ အဆင်ပြေတယ်၊ လူနေလို့ အင်မတန် ကောင်းတဲ့ နေရာပဲ"

ကိရှိတာနိက မှတ်ချက်ပြုသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"မင်းက ဘာပြောချင်တာလဲ"

"ဘာမှမဟုတ်ပါဘူး၊ကိုယ့်အားကိုယ်ကိုးနေရတဲ့သားအမိနှစ်ယောက်အတွက် ရေခံမြေခံ ကောင်းတဲ့ နေရာတစ်ခုပဲလို့ တွေးလိုက်မိလို့ပါ"

"ဪ"

ကုစာနာဂိ သဘောပေါက်သွားသည်။ သူ၏ စကားထဲတွင် အချက်နှစ်ချက် ပါသည်။ (၁) မကြာခင် တွေ့ဆုံကြရတော့မည့် သူများမှာ ကိုယ့်ဝမ်းကိုယ်ကျောင်းနေကြရသော အမေနှင့် အဖမဲ့သမီးတို့ ဖြစ်သည်။ (၂) ကိရိုတာနိသည်လည်း အဖမဲ့ သားတစ်ယောက် ဖြစ်သည်။

ကုစာနာဂိသည် လက်ထဲရှိ စက္ကူပိုင်းတွင် ရေးထားသော လိပ်စာနှင့် ဓာတ်တိုင်ပေါ်တွင် ချိတ်ဆွဲထားသော လမ်းညွှန်ဆိုင်းဘုတ်များကို တိုက်စစ်ရင်း လျှောက်လာခဲ့သည်။ ဦးတည်ရာသို့ မကြာခင် ရောက်ရှိပေတော့မည်။ စက္ကူပိုင်းပေါ်တွင် 'ဟာနာအိုကာ ယာစုကို' ဟူသော အမည်ကိုလည်း ရေးသားထားသည်။

တည်းခိုခန်း၏ မှတ်တမ်းစာအုပ်တွင် မှတ်သားထားသော တိုဂါရှိ ရှင်ဂျိ၏ နေရပ်လိပ်စာမှာ ဖြီးဖြန်း၍ ရေးသားထားသော လိပ်စာ မဟုတ်ပေ။ သူ၏ အိမ်ထောင်စုစာရင်းသည် ၎င်းနေရပ်တွင် ယခုချိန်အထိ တည်ရှိနေဆဲ ဖြစ်သည်။ သို့သော် ထိုအရပ်တွင် သူ နေထိုင်ခြင်း မရှိတော့။

သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ထုတ်နိုင်သည်နှင့် တစ်ပြိုင်နက် ထိုသတင်းကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ထည့်သွင်း ကြေညာခဲ့သည်။ အကယ်၍ ဤသေဆုံးသူ၏ အကြောင်းတစ်စုံတစ်ရာကို သိရှိထားပါက နီးစပ်ရာ ရဲစခန်းသို့ အကြောင်းကြားပေးပါရန်လည်း နှိုးဆော်ထားလေသည်။ သို့သော် ဘာမျှ အကြောင်းထူးမလာခဲ့။

တိုဂါရှိ ငှားရမ်းနေထိုင်ခဲ့သော ရှင်ဂျုကုရှိ တိုက်ခန်းပိုင်ရှင်၏ သတင်းပေးမှုအရ သူ၏ အလုပ်အကိုင်ဟောင်းကို သိရှိလာခဲ့သည်။ တစ်ပတ်ရစ်ကားများကို ရောင်းချပေးသော အရောင်းဌာနတစ်ခု ဖြစ်သည်။ ထိုအလုပ်တွင် ကြာမြင့်စွာ လုပ်ကိုင်ခဲ့ခြင်း မရှိ။ တစ်နှစ် မပြည့်ခင်မှာပင် အလုပ်ထွက်သွားခဲ့သည်။

ထိုသဲလွန်စတစ်စကို အမိအရ ဖမ်းကိုင်ပြီး တိုဂါရှိ၏ နောက်ကြောင်းရာဇဝင်ကို အတော်အတန် စုံစမ်းနိုင်လာခဲ့သည်။ သူသည် ယခင်က နိုင်ငံခြားဖြစ်ဇိမ်ခံကား အကောင်းစားများကို ရောင်းချပေးရသော အရောင်းကိုယ်စားလှယ်

mgyoe.com

SAMPLE BOOK


တစ်ဦး ဖြစ်ခဲ့ပြီး ငွေအလွဲသုံးစား လုပ်မှုကြောင့် အလုပ်ဖြုတ်ခံခဲ့ရသည်။ သို့သော် တရားစွဲဆို ခံရခြင်းမျိုးတော့ မရှိခဲ့။ ၎င်း ကားအရောင်းစင်တာသို့ သွားရောက်၍ စုံစမ်းထောက်လှမ်းစဉ်က မထင်မှတ်ဘဲ သိလာခဲ့ရခြင်း ဖြစ်သည်။ ၎င်းကုမ္ပဏီသည် ယခုအချိန်ထိ လုပ်ငန်း လုပ်ကိုင်နေသေးသည်။ သို့သော် တိုဂါရှီ၏ အကြောင်းကို ပြောပြနိုင်မည့် ဝန်ထမ်းများ မရှိတော့ပေ။ အနိမ့်ဆုံးအားဖြင့် တိုဂါရှီ၏ အကြောင်းကို ပြောပြလိုသည့် ဝန်ထမ်း တစ်ဦးတလေမျှ မရှိ။

ထိုကုမ္ပဏီ၌ အလုပ်လုပ်နေစဉ်ကပင် တိုဂါရှီသည် အိမ်ထောင်သည် တစ်ဦး ဖြစ်ကြောင်း သိရှိခဲ့ရသည်။ အိမ်ထောင်ပြိုကွဲရသည့် အကြောင်းကို သိရှိနေသော လူတစ်ဦး၏ ပြောပြချက်အရ ဆိုလျှင် တိုဂါရှီသည် သူ့ဇနီးဟောင်း ထံသို့ မကြာခဏ သွားပြီး ငွေညှစ်နေတတ်သည်။

သမီးကို လက်ဆွဲ၍ တစ်နေရာမှ တစ်နေရာသို့ ပုန်းရှောင်နေရသော ဇနီးဟောင်းကို ရှာဖွေရန်မှာ ရဲဌာနအတွက် များစွာ ခက်ခဲလှသည် မဟုတ်။ မကြာခင်မှာပင် ဟာနာအိုကာ ယာစုကိုနှင့် မီစာတိုတို့၏ နေရပ်လိပ်စာကို ရရှိလာခဲ့သည်။ ယခု ကုစာနာဂိတို့ ဦးတည်နေသော လိပ်စာပင် ဖြစ်သည်။

"ဒီလိုအမှုမျိုးကို လိုက်ချင်တာ မဟုတ်ဘူး။ တကယ် ကံဆိုးတာပဲ"

ကိရှိတာနိက မကျေမနပ် ရေရွတ်နေသည်။

"ဘာတုံး၊ မင်းက ငါနဲ့ လိုက်ရလို့ ကံဆိုးတယ်လို့ ပြောနေတာလား"

"မဟုတ်ပါဘူး အာစရိရာ၊ ဟိုသားအမိက သူတို့ဘာသာ သူတို့ အေးအေး ချမ်းချမ်းနဲ့ နေနေကြတဲ့ဟာကို၊ ကျွန်တော် သူတို့ကို သွား မနှောင့်ယှက်ချင်ဘူး"

"အမှုနဲ့သာ နွယ်မနေဘူး ဆိုရင် သူတို့အတွက် ဘာမှ ထိခိုက်စရာ မရှိပါ ဘူးကွာ"

"ဘယ်ပြောနိုင်မလဲ၊ တိုဂါရှီ ဆိုတဲ့လူက လင်ဆိုး၊ ဖအေဆိုးလို့ နာမည် ကြီးနေတဲ့ လူပဲဟာ။ သူတို့က အဲဒီဘဲကြီး အကြောင်းကို နည်းနည်းလေးမှ ပြန်တွေး ကြည့်ချင်လိမ့်မယ် မထင်ဘူး"

"ဒါဆို သူတို့က ငါတို့ကို ပိုပြီးလို့တောင် ကြိုဆိုရဦးမယ်။ ငါတို့က အဲဒီ အယုတ်တမာကောင်ကြီး သေသွားပြီ ဆိုတဲ့ သတင်းကို သူတို့ဆီ ယူလာပေးတဲ့ လူတွေလေ။ မျက်နှာကြီး ပုပ်သိုးမနေစမ်းပါနဲ့ကွာ။ မင်းလုပ်တာနဲ့ ငါ့စိတ်တောင် ညစ်ချင်ချင် ဖြစ်လာပြီ။ ဟော ... ရောက်ပြီ၊ ဒီနေရာပဲ"

mgyoe.com

mgyoe.com 
SAMPLE BOOK


ကုစာနာဂိသည် အုတ်တိုက်ဟောင်း တစ်လုံး၏ အရှေ့တွင် ရပ်လိုက်သည်။

အဆောက်အအုံ၏ ဆေးရောင်မှာ ညစ်ထည်းကာ မီးခိုးရောင် ပေါက်နေသည်။ နံရံပေါ်တွင်လည်း ဖာထေးထားသော အင်္ဂတေအရာများကို အထင်းသား မြင်နေရသည်။ နှစ်ထပ်တိုက်တစ်လုံး ဖြစ်ပြီး တစ်ထပ်စီတွင် အခန်း လေးခန်းစီ ရှိကြသည်။ တိုက်ပေါ်ရှိ အခန်းတစ်ဝက်မျှ မီးလင်းနေသည်။

"အခန်း ၂၀၄ ဆိုတော့ အပေါ်ထပ်ပေါ့"

ကုစာနာဂိသည် ကွန်ကရစ်လှေကား၏ လက်ရန်းကို ကိုင်၍ အပေါ်သို့ လှမ်းတက်လိုက်သည်။ ကိရိတာနိက အနောက်မှ ကပ်လျက်။

အခန်း ၂၀၄ သည် လှေကားခွင်မှ အဝေးဆုံး နေရာတွင် ရှိသည်။ တံခါး၏ ဘေးတွင် ရှိသော ပြတင်းပေါက်မှ လျှပ်စစ်မီးရောင်ကို မြင်နေရသည်။ ကုစာနာဂိ အသက်ရှူချောင်သွားသည်။ သူတို့က ကြိုတင် ချိန်းချက်လုပ်ထားခြင်း မရှိသော ကြောင့် အကယ်၍ အိမ်တွင် မစ္စဟာနာအိုကာ မရှိပါက သူတို့ နောက်တစ်ကြိမ် ထပ်လာရပေဦးတော့မည်။

လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတွင်းမှ ခြေသံများ ထွက်ပေါ်လာသည်။ တံခါးရွက်မှာ အနည်းငယ် ပွင့်လာသည်။ တံခါး သံကြိုးကို တံခါးတွင် ချိတ်ထားဆဲ။ အထူးအဆန်းတော့ မဟုတ်။ မိန်းမသား နှစ်ယောက်တည်း နေထိုင်သော အိမ်တစ်အိမ်အနေဖြင့် ယခုကဲ့သို့ သတိကြီးကြီး ထားတတ်သည်မှာ သဘာဝကျသည်။

ပွင့်ဟနေသော တံခါးရွက်အကြားမှ အမျိုးသမီးတစ်ဦးသည် သူတို့ နှစ်ဦးကို ထူးဆန်းအံ့သြသည့် အမူအရာဖြင့် စိုက်ကြည့်နေသည်။ မျက်နှာပြင် သေးသွယ်၍ မည်းနက်သော မျက်လုံးများက ဆွဲဆောင်မှု ရှိနေကြသည်။ မှေးမှိန်သော မီးရောင်အောက်ရှိ မပီဝိုးတဝါး မြင်ကွင်းများကြောင့် ထိုအမျိုးသမီး၏ အသက်မှာ ၃၀ ပင် ကျော်လိမ့်ဦးမည် မဟုတ်ဟု ထင်မှတ်ရသည်။ သို့သော် တံခါး ရွက်တွင် ဆုပ်ကိုင်ထားသည့် လက်မှာ မိန်းမငယ်တစ်ဦး၏ လက် မဟုတ်မှန်း သိသာလှသည်။

"အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်။ ခင်ဗျားက မစ္စ ဟာနာအိုကာ ယာစုကိုလား မသိဘူး"

ကုစာနာဂိသည် အသံနှင့် မျက်နှာထားကို တတ်နိုင်သမျှ အနူးညံ့ဆုံး အသိမ် မွေ့ဆုံး ဖြစ်အောင် ပြုပြင်ထားသည်။

mgyoe.com

"ဟုတ်ကဲ့"

သူမ၏ မျက်နှာတွင် စိုးရိမ်မကင်းသော အရိပ်အယောင်များ ထင်ရှားလာသည်။

"ကျွန်တော်တို့က ရဲဌာနကပါ။ ခင်ဗျားကို သတင်းတစ်ခု ပေးချင်လို့"

ကုစာနာဂိက ရဲသက်သေခံ ကတ်ပြားကို ထုတ်၍ သူမအား ပြလိုက်သည်။ အနားရှိ ကိရှိတာနိကလည်း ထိုနည်းလည်းကောင်းပင်။

"ရဲ ......"

ယာစုကို၏ မျက်လုံးများ ပြူးကျယ်လာသည်။ မည်းနက်နေသော သူငယ်အိမ်များက ဂနာမငြိမ်ဘဲ ဟိုဟိုဒီဒီ ပြေးလွှားလှုပ်ရှားနေကြသည်။

"အထဲ ဝင်လို့ ရမလား"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"

ယာစုကိုသည် တံခါးကို ပြန်ပိတ်ပြီး တံခါး သံကြိုးကို ဖြုတ်၍ တံခါးကို ခပ်ကျယ်ကျယ် ပြန်ဖွင့်ပေးလိုက်သည်။

"ဘာ အကြောင်းများ ရှိလို့လဲ"

ကုစာနာဂိသည် အခန်းတွင်းသို့ လှမ်းဝင်သွားသည်။ ကိရှိတာနိကလည်း အနောက်မှ ခပ်သုတ်သုတ် လိုက်ပါလာသည်။

"ခင်ဗျား မစ္စတာ တိုဂါရှိ ရှင်ဂျိကို သိတယ် မဟုတ်လား"

အနည်းငယ် တင်းမာသွားသော ယာစုကို၏ မျက်နှာအမူအရာကို ကုစာနာဂိက သတိထားလိုက်မိသည်။ မိမိခင်ပွန်းဟောင်း၏ နာမည်ကို ရဲများ၏ ပါးစပ်ဖျားမှ ကြားလိုက်ရသောကြောင့် အံ့အားသင့်သွားခြင်း ဖြစ်မည်ဟုလည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

"ကျွန်မရဲ့ ခင်ပွန်းဟောင်းပါ။ သူ .... သူ ဘာဖြစ်လို့လဲ"

ထိုသူ လုပ်ကြံ သတ်ဖြတ်ခံထားရသည်ကို သူမ သိပုံမရ။ ရုပ်မြင်သံကြား နှင့်သတင်းစာ မကြည့်ကြသောကြောင့် ဖြစ်ပေမည်။ သတင်းမီဒီယာများကလည်း ထိုအကြောင်းအရာကို ရေးကြီးခွင့်ကျယ် လုပ်၍ အသားပေး ဖော်ပြနေခြင်းမျိုး မရှိသောကြောင့် သူမ သတိမထားမိသည်မှာလည်း အထူးအဆန်း မဟုတ်ပေ။

"အမှန်အတိုင်း ပြောရရင်...."

ကုစာနာဂိက ထိုသို့ စကားစလိုက်စဉ်မှာပင် ယာစုကို၏ အနောက်ဘက်မှ စက္ကူဆွဲတံခါးကို ဆွဲပိတ်လိုက်သည့် အသံ ထွက်ပေါ်လာသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"အထဲမှာ တခြားလူ ရှိသေးတာလား"

"ဟုတ်၊ ကျွန်မ သမီးပါ"

"ဩော်"

တံခါးဝရှိ ဖိနပ်ချွတ်တွင် အားကစားဖိနပ်တစ်ရန် ချွတ်ထားသည်ကို သတိထားမိခဲ့သည်။ ကုစာနာဂိသည် အသံကို နှိမ့်ကာ ပြောလိုက်သည်။

"မစ္စတာ တိုဂါရှိ ဆုံးရှာပြီ"

ယာစုကို၏ နှုတ်ခမ်းအစုံမှာ ဖွင့်ဟလျက် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ထို့ထက် သူ့မျက်နှာပေါ်တွင် ဘာမျှ ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိ။

"ဘယ်လို ဖြစ်တာလဲ ....."

သူမက မေးသည်။

"ကျူး-အီဒိုဂါဝါ မြစ်ကမ်းနံဘေးမှာ သူ့အလောင်းကို တွေ့ခဲ့တာပါ။ အခု ချိန်ထိတော့ ဘာမှ ရေရေရာရာ မသိရသေးပါဘူး။ အသတ်ခံရတာ ဖြစ်ဖို့ များပါတယ်"

ကုစာနာဂိက အရှိအတိုင်း ဖွင့်ပြောလိုက်လေသည်။ သို့မှသာ သူ၏ ထောက်လှမ်းမှုများကို ဆက်လက်ပြီး အသေးစိတ် လုပ်ဆောင်နိုင်မည်ဟု သူ ယူဆသည်။

ပထမဆုံးအကြိမ်အဖြစ် ယာစုကို၏ မျက်နှာပေါ်တွင် သောကအရိပ် အငွေ့များ လျှံတက်လာသည်။ သူမ ခေါင်းကို ခါယမ်းနေသည်။

"သူ ..... ဘာဖြစ်လို့ အဲဒီလိုတွေ ဖြစ်သွားရတာလဲ"

"ကျွန်တော်တို့ အခုထိ စုံစမ်းနေကြဆဲပါ။ မစ္စတာ တိုဂါရှိမှာ တခြား မိသားစုဆိုတာလဲ မရှိတော့ သူနဲ့ အိမ်ထောင်ဖက် ဖြစ်ခဲ့ဖူးတဲ့ ခင်ဗျားဆီကိုပဲ လာပြီး သူ့အကြောင်း စုံစမ်းရတာပါ။ ဒီလိုအချိန်ကြီးမှာ အနှောင့်အယှက် လာပေး မိတာ တောင်းပန်ပါတယ်"

ကုစာနာဂိက ဦးညွှတ်၍ တောင်းပန်လိုက်သည်။

"အဲ .... အင်း"

ယာစုကိုသည် ပါးစပ်ကို လက်ဖြင့် အုပ်ထားလျက် မျက်လွှာချထားသည်။

ကုစာနာဂိ၏ အကြည့်သည် အနောက်ဘက်ရှိ စက္ကူတံခါးဆီသို့ ရောက်ရှိ သွားသည်။ မစ္စ ဟာနာအိုကာ၏ သမီးသည် အခန်းထဲမှနေ၍ သူတို့၏ ပြောစကား

mgyoe.com

mgyoe.com


များကို ချောင်းနားထောင်နေမည်လော။ ပထွေးဟောင်း၏ သေဆုံးသွားခြင်း အပေါ် သူမ မည်သို့ သဘောထားမည်နည်း။

"ကျွန်တော်တို့ စုံစမ်းထားရသလောက် ဆိုရင် ခင်ဗျားနဲ့ မစ္စတာ တိုဂါရှိ တို့က လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကွာရှင်းခဲ့ကြတယ်... ဟုတ်တယ် မဟုတ်လား။ နောက်တော့ကော ခင်ဗျားတို့ တွေ့ဖြစ်ကြသေးလား"

ယာစုကိုက ခေါင်းခါသည်။

"ကွာရှင်းပြီးတဲ့နောက်တော့ မတွေ့ဖြစ်ကြသလောက်ပါပဲ"

'မတွေ့ဖြစ်ကြသလောက်ပါပဲ' ဟု သူမ ဖြေခဲ့သည်။ ထိုသို့ဆိုလျှင် အနည်းဆုံး တစ်ကြိမ်တော့ ဆုံခဲ့ကြဖူးပေမည်။ သို့ဖြင့် ဘယ်အချိန်က နောက်ဆုံးအကြိမ် ဆုံခဲ့ကြသနည်းဟု ကုစာနာဂိက ထပ်မေးလိုက်သည်။

"နောက်ဆုံးတစ်ကြိမ် သူနဲ့ ဆုံခဲ့ကြတာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက် ကပဲ"

"အဲဒီကတည်းက သူနဲ့ အဆက်အသွယ် မရတော့တာလား၊ ဖုန်းတို့၊ စာတို့နဲ့ကော မဆက်သွယ်ဘူးလား"

"ဟင့်အင်း"

ယာစုကိုက ခေါင်းကို အားရှိပါးရှိ ခါယမ်းပြသည်။

ကုစာနာဂိက ခေါင်းညိတ်ပြရင်း အခန်းတွင်း အခြေအနေများကို အကဲ ခတ်ကြည့်သည်။ ထာထားမိ မြက်ဖျာကြမ်းခင်းများ ခင်းထားသည့် ဂျပန်ရိုးရာ ပုံစံဖြင့် ရှိနေသော တိုက်ခန်းကျဉ်းကလေး ဖြစ်သည်။ အခန်းမှာ အိုဟောင်းနေပြီ ဖြစ်သော်လည်း အခန်းတွင်းမှာ သန့်ရှင်းသပ်ရပ်၍ မျက်စိပသာဒ ရှိနေသည်။ အပူပေးစားပွဲပေါ်တွင်လည်း လိမ္မော်သီးတစ်ပန်းကန် ချထားသည်။ နံရံတစ်ဖက် တွင် မှီ၍ ထောင်ထားသော ကြက်တောင်ရိုက်ဘက်တံ တစ်ချောင်းကို မြင်တွေ့ လိုက်ရသောအခါ ကုစာနာဂိသည် သူ၏ ငယ်ဘဝကို သတိရ အောက်မေ့သွား သည်။ တက္ကသိုလ်ကျောင်းသားဘဝက သူသည်လည်း ကြက်တောင်ရိုက်အသင်း တွင် ပါဝင်ကစားခဲ့ဖူးသည်။

"မစ္စတာတိုဂါရှိ ဆုံးတာ မတ်လ ၁၀ ရက်နေ့ ညကပါ"

ကုစာနာဂိက ပြောသည်။

"ဒီရက်စွဲနဲ့ ကျူး-အီဒိုဂါဝါ မြစ်ကမ်းအကြောင်း ကြားရတော့ ခင်ဗျား

mgyoe.com

mgyoe.com


ဘာများ စဉ်းစားမိတာ ရှိသလဲ။ အသေးအမွှား ကိစ္စပဲ ဖြစ်ပါစေ၊ ကျွန်တော်တို့ရဲ့ ထောက်လှမ်းမှုအတွက် အထောက်အကူ ဖြစ်နိုင်ပါတယ်"

"အဲဒီနေ့က ကျွန်မတို့အတွက် ဘာမှ ထူးခြားတဲ့ နေ့တစ်နေ့တော့ မဟုတ်ဘူး။ ပြီးတော့ သူ အခုတစ်လော ဘယ်လို နေထိုင်သွားလာနေတယ် ဆိုတာကိုလဲ ကျွန်မ နည်းနည်းမှ မသိဘူး"

ယာစုကို၏ အမူအရာအရ စိတ်ကသိကအောက် ဖြစ်နေကြောင်း သိသာထင်ရှားနေသည်။ မိမိ၏ ခင်ပွန်းဟောင်းအကြောင်းကို စိတ်လိုလက်ရ ပြန်လှန်ဆွေးနွေးလိုသော သူမှာ အင်မတန်မှ ရှားပေလိမ့်မည်။ သို့သော် ယာစုကိုသည် ဤလူသတ်မှုနှင့် ပတ်သက်မှု ရှိ၊ မရှိ ဆိုသည့်အချက်ကိုမူ ကုစာနာဂိအနေဖြင့် လတ်တလော ကောက်ချက်ချ၍ မဖြစ်နိုင်သေးပေ။ ယနေ့ ဤမျှဖြင့် လုံလောက်ပြီဟု သူ ယူဆသည်။ အိမ်သို့ ပြန်ရန်သာ ရှိတော့သည်။ သို့သော် အချက်တစ်ချက်ကိုတော့ အတည်ပြုရပေဦးမည်။

"မတ်လ ၁၀ ရက်နေ့က ခင်ဗျား အိမ်မှာ ရှိသလား"

ကုစာနာဂိသည် မှတ်စုစာအုပ်ကို အိတ်ကပ်ထဲ ပြန်ထည့်ရင်း မေးလိုက်သည်။ ခရီးသွားဟန်လွှဲ မေးလိုက်သည့် သဘောဖြင့် အသံကို တတ်နိုင်သမျှ တည်ငြိမ်အောင် ထားလိုက်သည်။

သို့သော် သူ၏ ကြိုးပမ်းမှုမှာ အရာမထင်ခဲ့။ ယာစုကို၏ မျက်ခုံးများ ပင့်တက်သွားပြီး မျက်နှာမှာ စိုးရိမ်စိတ်ကြောင့် ညှိုးရော်လာသည်။

"ကျွန်မ အဲဒီနေ့က ဘာတွေ လုပ်ခဲ့သလဲ ဆိုတာကို မခြွင်းမချန် ပြောပြဖို့ လိုလိမ့်မယ် ထင်တယ်၊ ဟုတ်လား"

ကုစာနာဂိက သူမကို ကြည့်ရင်း ပြုံးပြလိုက်သည်။

"အဲဒီလောက်လဲ အတွေး မလွန်ပါနဲ့ဗျာ။ ဒါပေမဲ့ ခင်ဗျားဘက်က အတိအကျ ပြောနိုင်လေလေ ကျွန်တော်တို့အတွက် အသုံးဝင်လေလေပါပဲ"

"ဒါဆို ခဏစောင့်ပါဦး"

ယာစုကိုသည် ကုစာနာဂိ၏ နောက်ကျောဘက်တွင် ရှိသော နံရံကို စိုက်ကြည့်နေသည်။ ၎င်းနေရာတွင် ပြက္ခဒိန်တစ်ခု ချိတ်ဆွဲထားပုံ ရသည်ဟု သူ တွေးမိသည်။ ယင်းပြက္ခဒိန်ကို နောက်လှည့်ကြည့်ချင်စိတ် တဖွားဖွား ပေါ်နေသော်လည်း သူ အောင့်အည်းထားလိုက်သည်။

mgyoe.com

mgyoe.com


"၁၀ ရက်နေ့ မနက်က ကျွန်မ အလုပ်သွားတယ်။ ညနေ အလုပ်က ပြန်ရောက်တော့ သမီးနဲ့အတူ အပြင် ထွက်လည်ကြတယ်"

ယာစုကိုက ပြန်ဖြေသည်။

"ခင်ဗျားတို့ ဘယ်ကို သွားကြတာလဲ"

"ရုပ်ရှင် သွားကြည့်တာပါ။ ကင်ရှီချိုမှာ ရှိတဲ့ ရာကုတန်ချိုမှာ ကြည့်တာ"

"ဘယ်အချိန်လောက်မှာ အိမ်ကနေ ထွက်တာလဲ။ အကြမ်းဖျင်း ပြောရင် ရပါပြီ။ ပြီးတော့ ခင်ဗျားတို့ ကြည့်ခဲ့တဲ့ ရုပ်ရှင်ကားနာမည်ကို ပြောပြနိုင်ရင် ပိုပြီး အဆင်ပြေမယ်"

"ကျွန်မတို့ ၆ နာရီခွဲ ဝန်းကျင်လောက် အိမ်က ထွက်တယ်။ ရုပ်ရှင်ကား နာမည်က ———"

ထိုရုပ်ရှင်ကားကို ကုစာနာဂိလည်း ကြားဖူးသည်။ အမေရိကန် ဟောလိဝုဒ်မှ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး ယခုအခါ အပိုင်း ၃ ကို ရုံသွင်းပြသလျက် ရှိသည်။

"ရုပ်ရှင်ပြီးတာနဲ့ အိမ်တန်းပြန်ကြတာလား"

"ကျွန်မတို့ အဲဒီတိုက်ပေါ်မှာ ရှိတဲ့ ခေါက်ဆွဲဆိုင်မှာ ညစာ ဝင်စားပြီး သီချင်းသွားဆိုကြတယ်"

"သီချင်း ... ကာရာအိုကေ သွားဆိုတာလား"

"ဟုတ်တယ်၊ သမီးက အတင်း ပူဆာနေတာနဲ့ သွားလိုက်တာ"

"ဩော်... ခင်ဗျားတို့ အမြဲတမ်း အဲဒီလိုပဲ အတူ လျှောက်သွားတတ်တာလား"

"နှစ်လကို တစ်ကြိမ်လောက်ပေါ့"

"ဘယ်လောက်ကြာကြာ သီချင်းဆိုခဲ့ကြတာလဲ"

"ပုံမှန်အားဖြင့် တစ်နာရီခွဲလောက်ပါပဲ။ နို့မို့ အိမ်ပြန်တာ အရမ်း နောက်ကျနေတော့မှာ"

"ရုပ်ရှင်ကြည့်တယ် ... ညစာစားတယ် ... ကာရာအိုကေဆိုတယ် ... ခင်ဗျားတို့ အိမ်ပြန်ရောက်တော့ ......."

"၁၁ နာရီ ကျော်လောက်ပြီ၊ အတိအကျတော့ ကျွန်မ မမှတ်မိဘူး"

ကုစာနာဂိက ခေါင်းညိတ်နေသည်။ သို့သော် တစ်နေရာရာတွင် လွဲမှား

mgyoe.com

mgyoe.com


နေသည်ဟု သူ ယူဆမိသည်။ ထိုသို့ ယူဆနေမိသော်လည်း အကြောင်းအရင်းကို သူကိုယ်တိုင်ပင် ရှင်းမပြတတ်ပေ။

ကာရာအိုကေဆိုင်၏ နာမည်ကို မေးမြန်းပြီးနောက် သူတို့ ထိုအိမ်မှ နှုတ်ဆက်ထွက်ခွာလာခဲ့သည်။

"ကြည့်ရတာ အမှုနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ဘူး"

အခန်း ၂၀၄ မှ ထွက်လာသည်နှင့် ကိရိုတာနိက တိုးညင်းသော အသံဖြင့် ပြောလေသည်။

"ပြောဖို့ ခက်တယ်"

"သားအမိနှစ်ယောက်က အတူတူ သီချင်းသွားဆိုကြတယ်တဲ့။ မိုက်တယ်။ ဒီခေတ်ကြီးထဲမှာ အဲဒီလို သူငယ်ချင်းပေါင်း ပေါင်းတတ်တဲ့ သားအမိမျိုးက ရှာမှ ရှားသွားပြီ"

ကိရိုတာနိ၏ လေသံအရ သူသည် ဟာနာအိုကာ ယာစုကိုကို နည်းနည်းမျှ သံသယရှိပုံ မရကြောင်း ပေါ်လွင်နေသည်။

ထိုစဉ် လူတစ်ယောက်သည် လှေကားမှ အပေါ်သို့ တက်လာနေသည်။ အရိုးအဆစ် ခိုင်မာသော သက်လတ်ပိုင်း ယောကျ်ားတစ်ယောက်။ သူတို့သည် ထိုအမျိုးသားကို ဦးစားပေးသည့် အနေဖြင့် လမ်းလျှောက်နေရာမှ ရပ်လိုက်ကြသည်။ ထိုသူသည် အခန်း ၂၀၃ ၏ တံခါးကို ဖွင့်ပြီး အခန်းထဲသို့ ဝင်သွားသည်။

ကုစာနာဂိနှင့် ကိရိုတာနိတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြပြီး နောက်ပြန် လှည့်လာကြသည်။

အခန်း ၂၀၃ ၏ တံခါးပေါ်တွင် 'အိရှိဂါမိ' ဟူသော နာမည်ကတ်ပြားကို ချိတ်ဆွဲထားသည်။ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်နှင့် စောစောက အမျိုးသားသည် တံခါးကို လာဖွင့်ပေးသည်။ ထိုသူသည် အပေါ်ဝတ် ကုတ်အင်္ကျီကို ချွတ်ထားပြီး ဆွယ်တာနှင့် ဘောင်းဘီရှည်တို့ကိုသာ ဝတ်ဆင်ထားသည်။

သူသည် မျက်နှာသေဖြင့် ကုစာနာဂိနှင့် ကိရိုတာနိတို့ကို တစ်လှည့်စီ ကြည့်နေသည်။ သဘာဝအရ ဆိုလျှင် ယခုလိုအချိန်မျိုး၌ အံ့ဩသော အမူအရာ၊ သို့မဟုတ် သံသယရှိသော အမူအရာ တစ်မျိုးမျိုးကို ပြသနေရမည်။ သို့သော် ထိုသူ၏ မျက်နှာပြင်ပေါ်တွင် မည်သို့သော ခံစားချက်ကိုမျှ ရှာမတွေ့ပေ။

"အခုလို ညကြီးမိုးချုပ်မှာ အနှောင့်အယှက်ပေးမိတာ တောင်းပန်ပါတယ်။ ကျွန်တော်တို့ကို အကူအညီ ပေးနိုင်မလား မသိဘူး"

mgyoe.com

mgyoe.com


ကုစာနာဂိသည် ပြုံးလျက် သူ၏ ရဲသက်သေခံကတ်ပြားကို ထုတ်ပြလိုက်သည်။

ယခုအချိန်ထိ ထိုအမျိုးသား၏ မျက်နှာပေါ်မှ ကြွက်သားများသည် စိုးစဉ်းမျှ လှုပ်ရှားသွားခြင်း မရှိသေးချေ။ ကုစာနာဂိက ရှေ့တစ်လှမ်း တိုးလိုက်သည်။

"မကြာစေရပါဘူး၊ ကျွန်တော် မေးခွန်းလေး နည်းနည်း မေးချင်လို့ပါ"

ထိုသူက သူ၏ သက်သေခံကတ်ပြားကို မမြင်လိုက်ခြင်းသာ ဖြစ်ရမည်ဟု ထင်မှတ်သောကြောင့် ထိုသူ၏ အရှေ့သို့ သူ၏ သက်သေခံကတ်ပြားကို ထိုးပေးလိုက်ပြန်သည်။

"ဘာကိစ္စလဲ"

အမျိုးသားက ကတ်ပြားကို တစ်ချက်ကလေးမျှ မကြည့်ဘဲ မေးခွန်းထုတ်လာသည်။ ကုစာနာဂိတို့ နှစ်ယောက်ကို ရဲများဖြစ်ကြောင်း သူ သိရှိထားပြီးပုံ ရသည်။

ကုစာနာဂိသည် အိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံ ဆွဲထုတ်လိုက်သည်။ တစ်ပတ်ရစ်ကား အရောင်းဆိုင်တွင် အလုပ်လုပ်ခဲ့စဉ်က တိုဂါရှိ၏ ဓာတ်ပုံဖြစ်သည်။

"ဒီဓာတ်ပုံကတော့ နည်းနည်း ဟောင်းနေပြီ။ ခင်ဗျား ဓာတ်ပုံထဲက လူကို မြင်ဖူးလား မသိဘူး"

ထိုသူသည် ဓာတ်ပုံကို အတန်ငယ် စိုက်ကြည့်နေပြီးနောက် ခေါင်းမော့၍ ကုစာနာဂိကို ကြည့်သည်။

"မသိဘူး"

"ဟုတ်မှာပါပဲ၊ ဒါဆို သူနဲ့ ဆင်ဆင်တူတဲ့ လူကိုကော မြင်ဖူးလား မသိဘူး"

"ဘယ်နေရာမှာလဲ"

"ဥပမာ– ဒီပတ်ဝန်းကျင်မှာပေါ့"

ထိုသူက ဓာတ်ပုံကို နောက်တစ်ကြိမ် စိုက်ကြည့်နေပြန်သည်။ ကြည့်ရသည်မှာ ဘာမျှ မျှော်လင့်စရာ မရှိ။ ကုစာနာဂိက တွေးနေသည်။

"မသိဘူး"

ထိုအမျိုးသားက ပြောသည်။

mgyoe.com

"တကယ်လို့သာ လမ်းလျှောက်ရင်း ကိုယ့်ဘေးနားက ဖြတ်လျှောက်သွားတာမျိုး ဆိုရင်တော့ ကျွန်တော်က သူများမျက်နှာကို လိုက်မှတ်ထားလေ့မရှိဘူး"

"ဩော်"

နောက်ပြန်လှည့်ပြီး ထိုသူအား မေးခွန်း လာမေးမိသည်ကိုပင် နောင်တရလာမိသည်။

"ဒါနဲ့ ခင်ဗျားကအမြဲတမ်းဒီလိုအချိန်မျိုးမှအိမ်ပြန်လာတတ်တာလား"

"မဟုတ်ဘူး၊ ဘယ်နေ့လဲ ဆိုတာပေါ် မူတည်တာပေါ့။ အသင်း လှုပ်ရှားမှု ရှိတဲ့နေ့ဆိုရင်တော့ နောက်ကျတတ်တယ်"

"အသင်း ..."

"ကျွန်တော်က ဂျူဒိုနည်းပြပါ၊ သင်တန်းပြီးရင် ခန်းမတံခါးတွေ ပိတ်ရတာကလည်း ကျွန်တော့်အလုပ်ပဲ"

"ဩော် ... ခင်ဗျားက ကျောင်းဆရာလား"

"ဟုတ်တယ်၊ အထက်တန်းကျောင်းဆရာပါ"

ထိုသူက သူ၏ ကျောင်းနာမည်ကို ပြောပြသည်။

"တစ်နေကုန်လုံး အလုပ်ပင်ပန်းလာတာကို ကျွန်တော်တို့က အနှောင့်အယှက် ပေးနေမိပြီ။ ဆောရီးပါဗျာ"

ကုစာနာဂိက ဦးညွှတ်၍ တောင်းပန်လိုက်သည်။

ထိုစဉ် တံခါး ဝင်ပေါက်ဝတွင် အထပ်လိုက် ပုံနေသော သင်္ချာစာအုပ်များကို လှမ်းမြင်လိုက်ရသည်။ သင်္ချာဆရာပင် ဖြစ်ရပေမည်။ ထိုသို့ တွေးလိုက်မိသည်နှင့် သူ၏ ခေါင်းထဲတွင် မူးဝေဝေ ဖြစ်လာသည်။ ကျောင်းသားဘဝက သူ ဒူးတုန်အောင် ကြောက်ခဲ့ရသော ဘာသာရပ်တစ်ခု။

"ဒါနဲ့ ခင်ဗျားက မစ္စတာ အိရှိဂါမိလား၊ တံခါးဝမှာ အဲဒီလို တွေ့မိသလားလို့"

"ဟုတ်ပါတယ်၊ ကျွန်တော် အိရှိဂါမိပါ"

"မစ္စတာအိရှိဂါမိ၊ မတ်လ ၁၀ ရက်နေ့ ညက ခင်ဗျား ဘယ်အချိန်လောက် အိမ်ပြန်ရောက်တာလဲ"

"မတ်လ ၁၀ ရက်နေ့... အဲဒီနေ့က ဘာဖြစ်လို့လဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ခင်ဗျားနဲ့ မပတ်သက်ပါဘူး၊ ကျွန်တော်တို့ အဲဒီနေ့နဲ့ ဆိုင်တဲ့ အချက်အလက်တချို့ကို စုံစမ်းနေလို့ပါ"

"မတ်လ ၁၀ ရက်နေ့ ......"

အိရှိဂါမိသည် အဝေးသို့ ငေးကြည့်နေပြီးနောက် တစ်ခဏအကြာတွင် သူ၏အကြည့်က ကုစာနာဂိအပေါ် ကျရောက်လာပြန်သည်။

"အဲဒီနေ့က ကျောင်းဆင်းတာနဲ့ ကျွန်တော် အိမ်ကို တန်းပြန်လာတာပဲ။ ၇ နာရီ ပတ်ဝန်းကျင်လောက်ပေါ့"

"အဲဒီအချိန်က ခင်ဗျား အခန်းဘေးမှာ ဘာအသံမှ မကြားရဘူးလား"

"အခန်းဘေး..."

"မစ္စဟာနာအိုကာတို့ အခန်းကို ပြောတာပါ"

ကုစာနာဂိက အသံကို နှိမ့်၍ ပြောလိုက်သည်။

"မစ္စဟာနာအိုကာက ဘာဖြစ်နေလို့လဲ"

"အဲ ...မဟုတ်ပါဘူး၊ ကျွန်တော်တို့က အချက်အလက် စုဆောင်းနေတဲ့ သဘောပါ"

သံသယဝင်နေသော အမူအရာများက အိရှိဂါမိ၏ မျက်နှာပေါ်တွင် စတင်ထင်ဟပ်လာသည်။ ဘေးအိမ်မှ သားအမိနှစ်ယောက် အကြောင်းကို တောင်တောင်ဈာဈာ တွေးတောနေခြင်းလည်း ဖြစ်ကောင်း ဖြစ်ပေမည်။ အခန်းတွင်း အခြေအနေကို ကြည့်ခြင်းအားဖြင့် အိရှိဂါမိသည် လူလွတ်တစ်ယောက် ဖြစ်ကြောင်း တွက်ဆနိုင်သည်။

"ကျွန်တော် မမှတ်မိတော့ဘူး၊ ဘာမှ ထူးထူးခြားခြား ဖြစ်ပုံ မရပါဘူး"

အိရှိဂါမိက ဖြေသည်။

"ဆူညံသံ တစ်ခုခု၊ ဒါမှမဟုတ် စကားပြောသံ တစ်ခုခု မကြားမိဘူးလား"

"အဲ ..."

အိရှိဂါမိက ခေါင်းကုတ်နေသည်။

"မမှတ်မိဘူး"

"ခင်ဗျားနဲ့ မစ္စဟာနာအိုကာက အတော်လေး ရင်းနှီးကြလား"

"ကျွန်တော်တို့က အိမ်နီးနားချင်းတွေလေ၊ မေးထူးခေါ်ပြောကတော့ ရှိတာပေါ့၊ အဲဒီလောက်ပါပဲ"

"ဩော် ... ဆောရီးဗျာ၊ အနားယူချိန်မှာ အနှောင့်အယှက် ပေးမိတာ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ရပါတယ်"

အိရိုဂါမိက ဦးညွှတ်လိုက်သည်။ ထို့နောက် သူသည် တံခါးဝ နံဘေးရှိ စာတိုက်ပုံးထဲမှ စာများကို လှမ်းယူနေသည်။ သူ၏ လက်ထဲတွင် ပါသွားသော စာတစ်စောင်ပေါ်မှ 'အမ်ပီရီယယ်တက္ကသိုလ်' ဟူသော စကားလုံးကို မြင်လိုက်ရသောအခါ ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဒါနဲ့ ...."

ကုစာနာဂိ၏ အသံက တွန့်ဆုတ်နေသည်။

"ခင်ဗျားက အမ်ပီရီယယ် ထွက်လား"

"ဟုတ်တယ်"

အိရိုဂါမိ၏ မျက်လုံးများလည်း အနည်းငယ် ပြူးကျယ်သွားသယောင် ထင်ရသည်။ ထို့နောက် စာအိတ်ပေါ်တွင် ရေးထားသော လိပ်စာကို သတိထားမိသွားသည်။

"ဩော်...ခင်ဗျားက ဒါကို ပြောတာ ထင်တယ်။ ဒါ ကျောင်းသားဟောင်းများ အသင်းက ထုတ်တဲ့ စာစောင်ပါ။ ဒါက အမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဗျ"

"မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်းကလဲ အမ်ပီရီယယ်ဆင်း မို့လို့ပါ"

"ဩော်... ဒီလိုလား"

"ဆောရီးဗျာ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကုစာနာဂိက နောက်ထပ်တစ်ကြိမ် ဦးညွှတ်၍ အရိုအသေပြုလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

"အာစရိလဲ အမ်ပီရီယယ် ကျောင်းထွက်ပဲ မဟုတ်ဘူးလား။ ဘာဖြစ်လို့ တဲ့တိုး မပြောလိုက်ရတာလဲ"

တိုက်ခန်းမှ ထွက်လာကြပြီးနောက် ကိရှိတာနိက မေးသည်။

"အဲဒီလူရဲ့ အမူအရာကို ကြည့်ပြီး ပြောချင်စိတ် မရှိတော့လို့ကွာ။ သူက သိပ္ပံသမားပဲ ဖြစ်လိမ့်မယ်"

"အာစရိက သိပ္ပံသမားတွေနဲ့ မတည့်လို့လား"

ကိရှိတာနိက စပ်ဖြဖြလုပ်၍ မေးသည်။

"ငါ့အနားမှာ ဟိုသိပ္ပံသမားတစ်ယောက် ရှိတာနဲ့တင် အတော် လုံလောက်နေပြီ"

mgyoe.com

SAMPLE BOOK

ကုစာနာဂိသည် ယုကာဝါ မနာဘု၏ မျက်နှာကို မြင်ယောင်လာလေသည်။

*****

ရဲအရာရှိများ ထွက်သွားပြီး ၁၀ မိနစ်ခန့်မျှ စောင့်ပြီးနောက် အိရိဂါမိသည် အိမ်ခန်းထဲမှ ထွက်လာခဲ့သည်။ သူသည် တစ်ဖက်ခန်းသို့ လှမ်းကြည့်လိုက်သည်။ အခန်း ၂၀၄ တွင် မီးရောင်ကို မြင်ရသောအခါမှ အောက်ထပ်သို့ ဆင်းသွားသည်။

လူသူ အရောက်အပေါက် နည်းပြီး အလွယ်တကူ သတိမထားမိနိုင်သောအများသုံးဖုန်းရုံသို့ရောက်ရန် ဆယ်မိနစ်ခန့်မျှလမ်းလျှောက်လိုက်ရသည်။ သူ့တွင် လက်ကိုင်ဖုန်း ရှိသည်။ အခန်းတွင် ကြိုးဖုန်း ရှိသည်။ သို့သော် ၎င်းတို့ကို အသုံးမပြုခြင်းက အကောင်းဆုံး ဖြစ်မည်ဟု သူ ယူဆသည်။

သူသည် လမ်းလျှောက်ရင်း ရဲနှင့် ပြောဆိုခဲ့သည့် စကားများကို ပြန်လည် ဆင်ခြင်ကြည့်နေမိသည်။ သူသည် ဤအမှုနှင့် တစ်နည်းတစ်ဖုံ ပတ်သက်စပ်ဆိုင်နေပါသည် ဟူသော အထောက်အထားမျိုး ရရှိနိုင်ရန် မည်သည့် သဲလွန်စကိုမျှ မပေးမိကြောင်း သူ ယုံကြည်သည်။ သို့သော် မိုးမပြို ပြိုခဲ့သည် ရှိသော် ဟူသော အတွေးဖြင့် သူ ကြိုတင် ပြင်ဆင်ထားရမည်။ ရုပ်အလောင်းကို သုတ်သင်ရှင်းလင်းရန်အတွက် အမျိုးသားတစ်ဦးဦး၏ အကူအညီကို လိုအပ်မည် ဖြစ်ကြောင်း ရဲဘက်မှ တွေးဆထားပြီး ဖြစ်ပေမည်။ သို့ဆိုလျှင် ဟာနာအိုကာ သားအမိ၏ အနီးအနားရှိ လူများထဲမှ မည်သည့်ယောကျ်ားသည် သူတို့အတွက် တုံးတိုက်တိုက်ကျားကိုက်ကိုက် ဆောင်ရွက်ပေးနိုင်ခြေ ရှိသနည်း ဆိုသည်ကို အကဲခတ်ကြပေလိမ့်မည်။ သူကဲ့သို့သော သင်္ချာဆရာသည်လည်း သူတို့၏ အိမ်နီးနားချင်း ဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် ရဲများ၏ အာရုံစိုက်မှုကို ခံလာရနိုင်သည်။

ယနေ့မှ စ၍ ယာစုကို၏ အိမ်သို့သွားပြီး သူမနှင့် တွေ့ဆုံခြင်းမှာ အန္တရာယ်များလှသည်။ ဖြစ်နိုင်လျှင် အခန်းရှေ့ စင်္ကြံလမ်းတွင် မတော်တဆ ဆုံမိကြခြင်းကိုပင် တတ်နိုင်သမျှ ရှောင်လွှဲနိုင်အောင် ကြိုးစားရမည်။ အိမ်ထဲမှ ကြိုးဖုန်းဖြင့် မဆက်သွယ်ခြင်းမှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်သည်။ ဟာနာအိုကာ ယာစုကိုထံသို့ ဆက်သွယ်ထားသည်ကို ဖုန်းခေါ်မှတ်တမ်းများအရ ရဲဘက်မှ စုံစမ်းသိရှိသွားနိုင်သည်။

mgyoe.com

mgyoe.com


ဘန်တန်တိုင်ကိုကော .....။

ထိုကိစ္စနှင့် ပတ်သက်ပြီး သူ ဆုံးဖြတ်ချက် မကျသေးပေ။ ဓမ္မဓိဋ္ဌာန်ကျကျ တွေးကြည့်မည် ဆိုလျှင် လတ်တလော အချိန်တွင် ထိုနေရာသို့ မသွားခြင်းက အကောင်းဆုံး ဖြစ်မည်။ သို့သော် ရဲဘက်ကလည်း ထိုဆိုင်သို့ မကြာခင် သွားရောက် စုံစမ်းကြပေလိမ့်မည်။ ထိုအခါ ဆိုင်ရှိ တခြားလူများထံမှ သူ့အကြောင်း ကြားသိ သွားနိုင်သည်။ ဟာနာအိုကာ ယာစုကို၏ အိမ်ဘေးမှ သင်္ချိုင်းဆရာသည် သူတို့ဆိုင် တွင် နေ့တိုင်း ထမင်း၊ ဟင်း လာဝယ်တတ်ကြောင်း သိရှိသွားမည်။ အကယ်၍ အမှု ဖြစ်ပြီးမှ ရုတ်တရက် ပျောက်သွားခဲ့သည် ဆိုလျှင် ပို၍ပင် သံသယဝင်စရာ ဖြစ် မနေဘူးလော။ သံသယ မဝင်ရလေအောင် ယခင်မူလအတိုင်း ဘန်တန်တိုင်သို့ ဟန်မပျက် ဝင်ထွက်နေသည်က ပို၍ သဘာဝကျနိုင်သည် မဟုတ်ပါလော။

ဤမေးခွန်းနှင့် ပတ်သက်၍ ယုတ္တိရှိသော ကျိုးကြောင်းညီညွတ်သော အဖြေတစ်ခု ပေးနိုင်လိမ့်မည်ဟု အိရှိဂါမိက သူ့ကိုယ်သူ ယုံကြည်ရန် ခဲယဉ်းနေ သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ အတွင်းစိတ်ထဲတွင် သူသည် ဘန်တန်တိုင် သို့ တစ်ရက်မပြတ် သွားချင်နေသည်။ ဘန်တန်တိုင်သည် သူနှင့် ယာစုကိုတို့၏ ဆုံမှတ် ဖြစ်သည်။ ထိုနေရာသို့ မသွားလျှင် ယာစုကို၏ မျက်နှာတော်ကို ဖူးမြော် ခွင့် ရတော့မည် မဟုတ်။

အများသုံး ဖုန်းရုံသို့ ရောက်သောအခါ ဖုန်းကတ်ကို ဖုန်းထဲသို့ ထိုး ထည့်လိုက်သည်။ ဖုန်းကတ်ပေါ်တွင် လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာတစ်ဦး၏ ကလေးရုပ်ပုံလွှာကို ရိုက်နှိပ်ထားသည်။

သူသည် ယာစုကို၏ လက်ကိုင်ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ အိမ်ရှိ ကြိုးဖုန်းကို ခိုးနားထောင်ရန် ရဲဘက်မှ ပြင်ဆင်ထားပြီးလောက်ပြီ။ အများ ပြည်သူ၏ ဖုန်းအပြောအဆိုကို ရဲဘက်မှ ခိုးနားထောင်ခြင်း မရှိပါဟု တရားဝင် ထုတ်ပြန်ထားသော်လည်း ထိုစကားကို သူ့အနေဖြင့် အယုံအကြည် မရှိပေ။

"ဟယ်လို"

ယာစုကို၏ အသံထွက်ပေါ်လာသည်။ သူမထံသို့ ဆက်သွယ်လျှင် အများသုံး ဖုန်းဖြင့်သာ ဆက်သွယ်မည်ဟု အိရှိဂါမိက သူမအား ပြောကြားထားပြီး ဖြစ် သည်။

"ကျွန်တော် အိရှိဂါမိပါ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဟုတ်"

"စောစောက ရဲတွေ ကျွန်တော့်ဆီ ရောက်လာသေးတယ်၊ ခင်ဗျားဆီလဲ လာသွားမယ် ထင်တယ်"

"ဟုတ်၊ စောစောက ရောက်လာကြတယ်"

"သူတို့ ဘာတွေ မေးသေးလဲ"

အိရိုဂါမိသည် ယာစုကို ပြောသမျှ စကားအခွန်းတိုင်းကို အသေအချာ နားထောင်ပြီး ဦးနှောက်တွင် ခွဲခြမ်းစိတ်ဖြာ၍ မှတ်တန်ရာ မှတ်နေသည်။ လက်ရှိ အနေအထားအရ ယာစုကိုကို ရဲဘက်က သံသယ မဝင်သေးကြောင်း ထင်ရှား နေသည်။ သူမ၏ တစ်နေ့တာ သွားလာမှု အချိန်စာရင်းကို မေးမြန်းခြင်းမှာလည်း သူတို့၏ လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်ပေလိမ့်မည်။ အမှုသည်နှင့် ပတ်သက်နေသူ တစ်ဦးအကြောင်းကို သိရှိထားရန် စုံစမ်းထားရုံမျှသာ။ ထို့ထက် ဘာမျှ မပို။

သို့သော် တိုဂါရှိ၏ သွားလာလှုပ်ရှားမှု မှတ်တမ်းကို ဖော်ထုတ်နိုင်ပြီး ယာစုကိုထံသို့ သူ ရောက်လာခဲ့ကြောင်းကို သိရှိသွားခဲ့ပါမူ သူမ နောက်တစ်ကြိမ် ကြုံတွေ့လာရနိုင်သည့် စုံစမ်းစစ်ဆေးမှုသည် ဤမျှ သက်သောင့်သက်သာ ရှိနိုင် တော့မည် မဟုတ်ပေ။ သူမနှင့် တိုဂါရှိတို့ တွေ့ဆုံခဲ့ခြင်း မရှိ ဟူသောအချက်ကို အထောက်အထားနှင့်တကွ အပေါက်အကြား မရှိအောင် တင်ပြနိုင်မှ လွတ်လမ်း မြင်နိုင်ပေမည်။ ကံကောင်းထောက်မစွာဖြင့် ထိုအခြေအနေမျိုးအတွက် သူ အကောင်းဆုံး ပြင်ဆင်ထားခဲ့သည်။ ယာစုကိုကိုလည်း သင်ကြားထားပေးပြီး ဖြစ်သည်။

"သမီးနဲ့ကော ရဲတွေ တွေ့ကြသေးတာလား"

"ဟင့်အင်း... မီစာတိုက အိပ်ခန်းထဲမှာ နေနေတာ"

"သူတို့ မကြာခင် သူ့ကိုပါ မေးခွန်းတွေ မေးလာလိမ့်မယ်။ အဲဒီအချိန် ကျရင် ဘယ်လို ရင်ဆိုင်ရမလဲ ဆိုတာ ကျွန်တော် ခင်ဗျားတို့ကို ပြောပြထားပြီး သားနော်"

"ဟုတ်... ဆရာပြောတာ အင်မတန်မှ ပြည့်စုံပါတယ်၊ သူ အဆင်ပြေလိမ့် မယ်လို့ ကျွန်မ ထင်တယ်"

"ကျွန်တော် နောက်တစ်ခေါက် ထပ်ပြောပါရစေ၊ နားငြီးတယ်လို့လဲ မအောက်မေ့ပါနဲ့။ ခင်ဗျားတို့ ဘာမှ ဟန်ဆောင်ပန်ဆောင် လုပ်နေစရာ မလို ဘူး၊ တစ်ဖက်လူရဲ့ မေးခွန်းကို မေးသမျှ ဖြေပေးလိုက်ရုံပဲ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ဟုတ်၊ သမီးကိုလဲ ကျွန်မ ပြောပြထားပါတယ်"

"ပြီးတော့ ခင်ဗျားရဲ့တွေကို ရုပ်ရှင်ရုံလက်မှတ်တွေ ပြလိုက်သေးလား"

"ဟင့်အင်း... ဆရာ မှာထားတဲ့အတိုင်း သူတို့က မတောင်းလို့ မပြလိုက်ဘူး"

"ကောင်းတယ်၊ ခင်ဗျား အဲဒီလက်မှတ်တွေကို ဘယ်မှာ ထားထားတာလဲ"

"အံဆွဲထဲမှာ"

"လက်ကမ်းကြော်ငြာ စာရွက်ထဲမှာ ညှပ်ထားပါ။ ဘယ်သူကမှ ကြည့်ပြီးသား ရုပ်ရှင်လက်မှတ်ကို တကူးတက သိမ်းထားမှာ မဟုတ်ဘူး။ အံဆွဲထဲမှာ ဒီအတိုင်း ထားထားရင် သံသယဝင်စရာ ဖြစ်နေလိမ့်မယ်"

"ကျွန်မ သဘောပေါက်ပါပြီ"

"ပြီးတော့"

အိရိုဂါမိက တံတွေးကို မျိုချလိုက်သည်။ ဖုန်းလက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

"ဘန်တန်တိုင်က လူတွေက ကျွန်တော် ဆိုင်ကို အမြဲ ရောက်နေတာ သိကြလား"

"ရှင်"

ထိုအမေးစကားကြောင့် ယာစုကို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒီလိုပါ၊ ခင်ဗျားရဲ့ ဘေးအိမ်က ယောက်ျားတစ်ယောက်ဟာ ခင်ဗျားတို့ဆိုင်မှာ နေ့တိုင်း လာအားပေးနေတယ် ဆိုတဲ့ ကိစ္စအပေါ် သူတို့ ဘယ်လို မြင်ကြသလဲ၊ ဒီအချက်က အင်မတန် အရေးကြီးပါတယ်။ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပေးပါ"

"အဲ.... သူဌေးက ပြောတယ်၊ ဆရာအခုလို အမြဲ လာအားပေးနေတဲ့ အတွက် သူတို့ ဝမ်းသာလို့ မဆုံးပါဘူး တဲ့"

"ကျွန်တော်က ခင်ဗျားနဲ့ အိမ်နီးချင်းဆိုတာကို သူတို့သိကြတယ်လား"

"ဟုတ် .... ဒါနဲ့ ဒီကိစ္စက ဘာများ ပြဿနာ ရှိလို့လဲ"

"မပူပါနဲ့၊ အဲဒီကိစ္စကို ကျွန်တော့်တာဝန် ထားပါ။ ခင်ဗျားသာ ကျွန်တော်တို့ တိုင်ပင်ထားတဲ့အတိုင်း လုပ်ဖို့ မမေ့ပါနဲ့၊ သဘောပေါက်တယ် မဟုတ်လား"

"ဟုတ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဆို ဒါပဲလေ"

အိရှိဂါမိသည် ဖုန်းလက်ကိုင်ကို နားမှ ခွာလိုက်သည်။

"အဲ ... မစ္စတာ အိရှိဂါမိ၊ ခဏနေပါဦး"

ယာစုကိုက လှမ်းခေါ်လိုက်သည်။

"ကိစ္စရှိသေးလို့လား"

"ကျွန်မတို့အတွက် ဒုက္ခခံပြီး အစစအရာရာ စဉ်းစား စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ဆရာရဲ့ ကျေးဇူးတွေကို ကျွန်မတို့ သားအမိ ဒီတစ်သက် ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်တော့ပါဘူး"

"ရပါတယ်"

တစ်ခဏတာ ငြိမ်သက်သွားသည်။

"ဒါဆို ကျွန်တော် ဖုန်းချလိုက်တော့မယ်"

အိရှိဂါမိသည် ဖုန်းကို ချလိုက်သည်။

ယာစုကို၏ ကျေးဇူးတင်စကားကို ကြားလိုက်ရသောအခါ သူ့ရင်ထဲ နွေးခနဲ ဖြစ်သွားရသည်။ ယခုအချိန်ထိ သူ့မျက်နှာပေါ်တွင် သွေးရောင်များ လွှမ်းနေပြီး ကိုယ်ခန္ဓာတွင်လည်း ချွေးများပင် စို့ချင်သလိုလို ဖြစ်နေသည်။ ည၏ လေပြည်ညင်းက တစ်ချက် ဝေ့လိုက်သောကြောင့် သူ့ရင်ထဲ သိမ့်ခနဲ ဖြစ်သွားလေသည်။

အိရှိဂါမိသည် ရင်ထဲတွင် ပီတိအလျှံ တရှိန်ရှိန်ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ သို့သော် သူ၏ တွက်ကိန်းထဲတွင် ဘန်တန်တိုင်ကို ထည့်တွက်ရန် မေ့ကျန်သွားခဲ့သည်ကို သတိရသွားသောအခါ ကြည်နူးစိတ်များ လွင့်ပြယ်သွားလေသည်။

ရဲများ၏ အရှေ့တွင် သူ အမှားတစ်ခု ကျူးလွန်မိခဲ့သည်ဟု သူ သတိထားမိလာသည်။ သူနှင့် ဟာနာအိုကာ ယာစုကိုတို့၏ ဆက်ဆံရေးနှင့် ပတ်သက်ပြီး ရဲများက မေးခွန်းထုတ်ခဲ့သော အချိန်က မေးထူးခေါ်ပြော အဆင့်သာ ရှိသည်ဟု သူ ဖြေကြားခဲ့သည်။ သူမ အလုပ်လုပ်နေသော ဆိုင်သို့ နေ့စဉ် သွားရောက်၍ ဝယ်ယူအားပေးနေကြောင်းကိုပါ ထိုစဉ်က သူ ပြောထားခဲ့သင့်သည်။

*****

mgyoe.com

mgyoe.com


"မင်းတို့ဟာနာအိုကာယာစုကိုရဲ့ အလီဘိုင်သက်သေကို စစ်ဆေးပြီးကြပြီလား"

မာမိယာသည် ကုစာနာဂိနှင့် ကိရှိတာနိတို့ကို သူ့စားပွဲအနီးသို့ ခေါ်ပြီး လက်သည်းညှပ်ရင်း မေးနေသည်။

"ကာရာအိုကေဆိုင်ကိုတော့ စုံစမ်းပြီးသွားပြီ ဆရာ"

ကုစာနာဂိက ဖြေသည်။

"သူတို့က အဲဒီဆိုင်ရဲ့ ဖောက်သည်တွေပဲ။ ဆိုင်ဝန်ထမ်းတွေက သူတို့ကို မှတ်မိနေကြတယ်။ သူတို့မှာ မှတ်တမ်းလဲ ရှိတယ်။ ည ၉ နာရီ မိနစ် ၄၀ ကနေ စပြီး တစ်နာရီခွဲလောက် ဆိုသွားကြတယ်"

"အဲဒီ မတိုင်ခင်ကော"

"သားအမိနှစ်ယောက် ရုပ်ရှင် သွားကြည့်ခဲ့ကြတယ်။ အချိန်အရ ခန့်မှန်းကြည့်ရရင်တော့ ည ၇ နာရီပွဲကို ကြည့်တာ ဖြစ်လိမ့်မယ်။ ရုပ်ရှင်က ၉ နာရီ ၁၀ မိနစ်မှာ ပြီးတယ်။ အဲဒီကနေ သူတို့ ခေါက်ဆွဲဆိုင်ကို သွားခဲ့ကြတယ်။ အချိန်တွေ အားလုံးကတော့ အရှေ့အနောက် ကွက်တိပဲ"

ကုစာနာဂိက မှတ်စုစာအုပ်ကို ကြည့်ရင်း အစီရင်ခံနေသည်။

"သူတို့ပြောတာ ယုတ္တိရှိလား၊ မရှိဘူးလား ဆိုတာကို ငါ မသိချင်ဘူး။ ငါ သိချင်တာက မင်းတို့ သူတို့ပြောတာတွေကို မှန် မမှန် စစ်ဆေးပြီးပြီလား။ ငါ အဲဒါပဲ သိချင်တယ်"

ကုစာနာဂိသည် မှတ်စုစာအုပ်ကို ပိတ်ပြီး ပခုံးတွန့်လိုက်သည်။

"အကုန် မစစ်ရသေးဘူး ဆရာ"

"မင်းတို့က အလုပ်ကို ဘယ်လို လုပ်နေကြတာလဲ"

မာမိယာက သူ့ကို စိုက်ကြည့်နေရင်း ပြောသည်။

"ဆရာလဲ သိနေတာပဲ၊ ရုပ်ရှင်ရုံနဲ့ ခေါက်ဆွဲဆိုင်လို နေရာမျိုးတွေက သက်သေအထောက်အထား ယူဖို့ အင်မတန်မှ ခက်တဲ့ နေရာတွေပဲဟာ"

မာမိယာသည် ကုစာနာဂိ၏ ငြီးတွားရေရွတ်နေသော စကားကို နားထောင်နေပြီးနောက် စားပွဲအံဆွဲထဲမှ လိပ်စာကတ်တစ်ကတ်ကို ထုတ်၍ စားပွဲပေါ် ပစ်တင်လိုက်သည်။ ကတ်ပေါ်တွင် 'မာရီယန်းကလပ်' ဟု ရိုက်နှိပ်ထားသည်။ တည်နေရာမှာ ကင်ရှိချိုတွင် ဖြစ်သည်။

"အဲဒါက ဘာလဲ ဆရာ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ယာစုကို အရင်က အလုပ်လုပ်ခဲ့တဲ့ နေရာ၊ မတ်လ ၅ ရက်နေ့က တိုက်ဂါရှိ အဲဒီကို ရောက်ခဲ့သေးတယ်"

"အသတ်မခံရခင် ၅ ရက်အလိုပေါ့"

"သူ အဲဒီမှာ ယာစုကိုအကြောင်းကို စုံစမ်းပြီးမှ အဲဒီကနေ ထွက်သွားတယ်လို့ ပြောတယ်။ ဒီလောက်ပြောရင် ငါ ဘာကို ဆိုလိုချင်တယ် ဆိုတာ မင်းသဘောပေါက်လောက်ရောပေါ့"

မာမီယာသည် သူတို့နှစ်ဦး၏ နောက်ကျောဘက်တွင် ရှိသော တံခါးဝသို့ လက်ညှိုးညွှန်ပြနေသည်။

"သူတို့ရဲ့ အလီဘိုင်ကို သေချာသွားစစ်ချေ၊ အပြင်မှာ စစ်လို့ မရဘူးဆိုရင် ယာစုကိုဆီ နောက်တစ်ခါ ထပ်သွားကြ၊ သွား... မြန်မြန်"

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၅ )

စတုရန်းပုံ သေတ္တာပေါ်တွင် ၃၀ စင်တီမီတာ ရှည်သော တိုင်တစ်တိုင်ကို တည့်တည့်မတ်မတ် စိုက်ထောင်ထားသည်။ ၎င်းတိုင်၏ အခြေတွင် အချင်း သုံး၊ လေး စင်တီမီတာခန့် ရှိသော သံကွင်းတစ်ကွင်း စွပ်ထားသေးသည်။ ပုံသဏ္ဍာန်အားဖြင့် သံကွင်းစွပ် ကစားနည်းနှင့် ဆင်ဆင်တူသည်။ အဓိက ကွဲပြားသော အချက်မှာ ၎င်းသေတ္တာကို မီးကြိုးနှင့် သွယ်တန်းထားပြီး အဖွင့် အပိတ် ခလုတ်တစ်ခု ပါရှိသည်။

"ဒါ ဘာကြီးလဲ"

ကုစာနာဂိသည် ခါးကို ကိုင်းညွှတ်၍ စေ့စေ့စပ်စပ် ကြည့်ရင်း ရေရွတ်နေသည်။

"သွားမထိတာ ကောင်းလိမ့်မယ် ထင်တယ် အာစရိ"

ကိရှိတာနိက ဘေးမှ သတိပေးသည်။

"ကိစ္စ မရှိလောက်ပါဘူးကွာ၊ တကယ်လို့သာ အန္တရာယ် ရှိမယ် ဆိုရင် အဲဒီကောင်က အခုလို လက်လွတ်စပယ် ပစ်ထားမှာ မဟုတ်ဘူး"

ကုစာနာဂိက ခလုတ်ကို နှိပ်လိုက်သည်။ ခလုတ်ကို နှိပ်လိုက်သည့် အချိန်မှာပင် သံကွင်းသည် တိုင်တစ်လျှောက် အထက်သို့ ဆန်တက်သွားလေသည်။

"အဲ ...."

mgyoe.com

mgyoe.com
SAMPLE BOOK


ကုစာနာဂိသည် ပါးစပ်အဟောင်းသားနှင့် ကြည့်နေစဉ် သံကွင်းသည် လေထဲတွင် ဝဲပျံလျက် အတန်ငယ် လှုပ်ခါနေသည်။

"သံကွင်းကို အောက်ရောက်အောင် ဖိကြည့်ကြည့်ပါလား"

နောက်ကျောဘက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

ကုစာနာဂိက နောက်လှည့်ကြည့်လိုက်သောအခါ ယုကာဝါသည် စာအုပ်စာတမ်းများကို ပိုက်လျက် ဝင်လာနေသည်ကို တွေ့ရသည်။

"အတန်း ရှိတာလား"

ကုစာနာဂိသည် ယုကာဝါကို မေးရင်း လက်ညှိုးဖြင့် သံကွင်းကို ဖိကြည့်သည်။ သို့သော် တစ်စက္ကန့်မျှ မကြာလိုက်ခင်မှာပင် သူ့လက်ကို ရုတ်တရက် ဆွဲရုပ်ပစ်လိုက်သည်။

"လခွား၊ ပူလိုက်တာ၊ ဘာဖြစ်လို့ အဲဒီလောက် ပူရတာလဲ"

"မတော်တဆ ထိမိရင် အန္တရာယ်ရှိနိုင်တဲ့ ပစ္စည်းတွေကို ငါက လက်လွတ်စပယ် မထားတတ်တာတော့ အမှန်ပဲ။ အဲ ... အဲဒီ ထိတို့မယ့်သူက ရူပဗေဒရဲ့ အခြေခံ သဘောတရားကိုတော့ သိဖို့ လိုတာပေါ့"

ယုကာဝါသည် ကုစာနာဂိ၏ အနားသို့ လာပြီး မီးခလုတ်ကို ပိတ်ပစ်လိုက်သည်။

"ဒါက အထက်တန်းကျောင်းသားတွေအတွက် စမ်းသပ်ကိရိယာလေ"

"ငါ အထက်တန်းတက်တုန်းက ရူပဗေဒမှ မယူခဲ့တာ"

ကုစာနာဂိက ပြောပြီး လက်ညှိုးထိပ်ကို လေဖြင့် မှုတ်နေသည်၊ ကိရိုတာနိက အနားတွင် ကျိတ်၍ ရယ်လျက်။

"သူ့ကို ..... တစ်ခါမှ မတွေ့ဖူးဘူး ထင်တယ်"

ယုကာဝါက ကိရိုတာနိကို ကြည့်ရင်း မေးလိုက်သည်။

ကိရိုတာနိက ရယ်နေရာမှ မျက်နှာပိုးသတ်ပြီး မတ်တတ်ရပ်ကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော့်နာမည် ကိရိုတာနိပါ၊ မစ္စတာ ကုစာနာဂိနဲ့ အလုပ်တွဲလုပ်နေပါတယ်။ဆရာ့အကြောင်းတွေကိုကျွန်တော်အများကြီးကြားဖူးနေပြီးသားပါ။ ဆရာက အမှုတွေ အများကြီးမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကူညီပေးခဲ့ဖူးတယ်လို့ ကြားရပါတယ်။ ကျွန်တော်တို့ ဌာနမှာ ဆရာ့ကို စုံထောက်ကြီးဂယ်လီလီယိုလို့ ခေါ်ကြတယ်ဗျ"

mgyoe.com

mgyoe.com SAMPLE BOOK


ယုကာဝါသည် မျက်မှောင်ကြုတ်လျက် လက်ကို တွင်တွင် ခါယမ်းနေသည်။

"အဲဒီလို မခေါ်ပါနဲ့ဗျာ။ ကျွန်တော်က ကူညီချင်လွန်းလို့ ကူညီခဲ့တာလဲ မဟုတ်ပါဘူး။ အဲဒီအကောင်ရဲ့ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းကို နည်းနည်းလေးမှ အားမရလို့ မနေနိုင် မထိုင်နိုင် ဝင်ပြီး လျှာရှည်ခဲ့မိတာပါ။ ခင်ဗျား အဲဒီလို လူမျိုးနဲ့ အလုပ် အတူတူ တွဲလုပ်ရင် သတိထားဗျို့။ သူနဲ့ ပေါင်းတာ ကြာသွားရင် သူ့ဆီက ရောဂါတွေ ကူးစက်ပြီး ခင်ဗျား ဦးနှောက်ပါ သူ့လို သွက်ချာပါဒ လိုက်သွားလိမ့်မယ်"

ကိရိုတာနိသည် အားပါးတရ ရယ်လိုက်မိသောကြောင့် ကုစာနာဂိ၏ မျက်စောင်းထိုးခြင်းကို ခံလိုက်ရသည်။

"သွားဖြဲနားဖြဲ ရယ်မနေနဲ့"

ကုစာနာဂိက ဟန့်လိုက်သည်။ ထို့နောက် ယုကာဝါဘက်သို့ လှည့်ပြီး ပြောလိုက်ပြန်သည်။

"မင်းက ငါ့ကို နှိပ်ကွပ်ချင်လို့သာ ပြောနေတာပါကွာ။ အမှုတွေအတွက် အဲဒီလို ဉာဏ်ကစားရတာကို မင်းကိုယ်တိုင်လည်း သဘောကျနေတာပဲ မဟုတ်လား"

"ဘာမျှား သဘောကျစရာ ရှိလဲကွာ။ မင်း ဝင်ပြီး ရှုပ်ရှုပ်နေတာနဲ့ ငါ့ရဲ့ သုတေသနအလုပ်တွေ ဘယ်လောက်တောင် နှောင့်နှေးသွားရပြီလဲ ဆိုတာ မင်းသိလား။ ဒီနေ့လဲ ငါ့ဆီ ပြဿနာတွေ တစ်လှေကြီး သယ်လာတာတော့ မဟုတ်ပါဘူးနော်"

"မပူပါနဲ့၊ ဒီနေ့တော့ အဲဒီ စိတ်ကူး မရှိပါဘူး၊ လမ်းကြုံလို့ မင်းကို ဝင်တွေ့တာ"

"တော်ပါသေးရဲ့"

ယုကာဝါသည် အနီးရှိလက်ဆေးကန်သို့သွား၍ ရေကရားကို ရေအပြည့်ဖြည့်ပြီး ဂက်စ်မီးဖိုပေါ်သို့ တင်လိုက်သည်။

"ဒါနဲ့ ကျူး-အီဒိုဂါဝါမြစ်ကမ်းပေါ်က လူသတ်မှုက ပြေလည်သွားပြီလား"

ယုကာဝါသည် ကြွေပန်းကန်ထဲသို့ ကော်ဖီမစ်ထုပ်ကို ဖောက်ထည့်ရင်း မေးလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"အဲဒီအမှုကို ငါတို့ ကိုင်နေပါတယ်လို့ မင်း ဘယ်လိုလုပ်ပြီး သိတာလဲ"

"မင်းကို ရဲစခန်းပြန်ခေါ်တဲ့ အဲဒီညမှာပဲ ရုပ်မြင်သံကြား သတင်းမှာ ကြေညာသွားတာကိုး။ မင်း ကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ လမ်းပျောက်နေတဲ့ ပုံစံပဲ"

ကုစာနာဂိသည် မျက်မှောင်ကြုတ်လျက် နှာခေါင်းကို ပွတ်နေသည်။

"အဲဒီလောက်လဲ အခြေအနေ မဆိုးပါဘူးကွာ၊ သံသယ တရားခံ တချို့တော့ တွေ့ထားပါပြီ၊ အဲဒီကနေ ဆက်ပြီး ခြေရာခံရုံပါပဲ"

"သံသယတရားခံ တွေ့ထားပြီပေါ့"

ယုကာဝါက စိတ်မပါသလို လေသံဖြင့် မေးလိုက်သည်။

ကိရှိတာနိက ဝင်ပါလာသည်။

"ကျွန်တော်တို့တွေ လမ်းကြောင်းလွဲနေတယ်လို့ ထင်တာပဲ"

ယုကာဝါက မျက်ခုံးကို ပင့်လိုက်သည်။

"ခင်ဗျားက သဘောမတူနိုင်ဘူး ဆိုပါတော့"

"သဘောမတူဘူး လို့လဲ ပြောလို့ မရပါဘူး ...."

"မင်း ဝင်မပါရင် ကောင်းမယ်"

ကုစာနာဂိက သူ့ကို ဟန့်လိုက်ပြန်သည်။

"ဆောရီး"

"ခင်ဗျား တောင်းပန်နေစရာ မလိုပါဘူး။ အမိန့်ကို နာခံနေရတဲ့ တစ်ချိန်တည်းမှာပဲ ကိုယ့်ရဲ့ ကိုယ်ပိုင်အယူအဆကို ဆုပ်ကိုင်ထားတာဟာ ကျွန်တော့် အမြင်မှာတော့ အင်မတန်မှ ဖြစ်သင့်တဲ့ ကိစ္စပဲ။ တကယ်လို့ အဲဒီလို ရဲရဲတွေးတတ်တဲ့ လူမျိုးတွေသာ မရှိတော့ဘူး ဆိုရင် ကျိုးကြောင်းဆီလျော်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်လိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်နဲ့တော့"

"ဒီငနဲက လမ်းကြောင်းလွဲနေပြီလို့ ပြောတာ မင်း ဆိုလိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူးကွ"

ကုစာနာဂိက သက်ပြင်းချလိုက်သည်။

"ငါတို့ စောင့်ကြည့်နေတဲ့ လူကို သူက အကာအကွယ် ပေးချင်နေတာ"

"မ ... မဟုတ်ရပါဘူးဗျာ"

ကိရှိတာနိက အထစ်ထစ် အငေါ့ငေါ့နှင့် ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"တော်ပါကွာ… ဖုံးကွယ်မနေချင်စမ်းပါနဲ့။ မင်း အဲဒီ သားအမိကို သနားနေတာ မဟုတ်လား၊ ဟုတ်တယ် ဟုတ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါလဲ သူတို့ကို သံသယ ဝင်ချင်တာ မဟုတ်ဘူး"

"မင်းတို့ဟာ ကြားရတာ အတော် ရှုပ်ထွေးသလိုပဲ"

ယုကာဝါက ပြုံးဖြီးဖြီးလုပ်လျက် သူတို့နှစ်ဦးကို တစ်လှည့်စီ ကြည့်နေသည်။

"ဘာမှ မရှုပ်ပါဘူးကွာ၊ အသတ်ခံရတဲ့ အမျိုးသားမှာ မယားဟောင်းတစ်ယောက် ရှိတယ်။ အခင်း မဖြစ်ခင်က သူ သူ့မယားဟောင်းအကြောင်း လိုက်ပြီး စုံစမ်းနေခဲ့တယ်။ ဒါကြောင့် ငါတို့က အဲဒီအမျိုးသမီးရဲ့ အလီဘိုင်သက်သေကို စစ်ဆေးဖို့ လုပ်နေကြရတယ်၊ ဒါပါပဲ"

"ဒီတော့ သူ့မှာ အလီဘိုင် ရှိနေတယ်ပေါ့"

"ပြဿနာက အဲဒါပဲ"

ကုစာနာဂိက ခေါင်းကုတ်နေသည်။

"မင်းတို့ဟာက ပဟေဠိ ဆန်နေသလိုပဲ"

ယုကာဝါသည် ရယ်မောလျက် မတ်တတ်ရပ်လိုက်သည်။ ရေကရားမှ ရေနွေးငွေ့များ မှုတ်ထုတ်နေသည်။

"မင်းတို့ ကော်ဖီသောက်ကြဦးမလား"

"ကျေးဇူးပဲ"

"ငါတော့ တော်ပြီ"

ကုစာနာဂိက ပြောသည်။

"သူ့ရဲ့ အလီဘိုင်သက်သေက ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ"

"ကျွန်တော်ဖြင့် သူတို့ ညာနေတယ်လို့ မထင်မိပေါင်"

"သက်သေ အထောက်အထား ဘာမှ မရှိသေးဘဲနဲ့ အလွယ် ယုံမနေနဲ့ဦး။ ငါတို့အခုချိန်ထိ အဲဒီအချက်အလက်တွေကို မှန် မမှန် မစစ်ဆေးနိုင်သေးဘူး"

"ဒါပေမဲ့ ရုပ်ရှင်ရုံနဲ့ ခေါက်ဆွဲဆိုင် သွားတာကို ဘယ်လိုမှ တိုက်ဆိုင်စစ်ဆေးလို့ မရဘူးလို့ အာစရိပဲ ပြောခဲ့တာ မဟုတ်လား"

"စစ်ဆေးလို့ မရဘူးလို့ ငါ မပြောပါဘူး။ စစ်ဆေးဖို့ ခက်တယ်လို့ ပြောတာပါ"

mgyoe.com

m g y o e . c o m

SAMPLE BOOK

"ငါ နားလည်ပြီ၊ မင်းတို့ သံသယဝင်နေတယ် ဆိုတဲ့ အမျိုးသမီးက အခင်းဖြစ်တဲ့ အချိန်မှာ ရုပ်ရှင်ရုံ ရောက်နေတယ်လို့ ပြောတယ်။ အဲဒီလိုလား"

ယုကာဝါသည် ကော်ဖီခွက်နှစ်ခွက် ယူလာပြီး ကိရှိတာနိကို တစ်ခွက် လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ"

ပြောရင်း ကိရှိတာနိက ကော်ဖီခွက်ကိုလှမ်းယူသည်၊ ထို့နောက် ကြေးညှော် အလိမ်းလိမ်း ကပ်နေသော ကော်ဖီခွက်ကို မြင်သွားသောအခါ သူ၏ မျက်လုံးများ ပြူးကျယ်သွားကြသည်။ ကုစာနာဂိက ကျိတ်ပြုံး ပြုံးနေလေသည်။

"ရုပ်ရှင်သွားကြည့်တယ် ဆိုရင်တော့ အထောက်အထားရဖို့ အတော် ခက်တဲ့ကိစ္စပဲ"

ယုကာဝါသည် ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။

"ဒါပေမဲ့ ရုပ်ရှင်ကြည့်ပြီးတဲ့နောက် သူတို့ ကာရာအိုကေဆိုင်ကို သွား ကြတာပဲ၊ ဆိုင်ဝန်ထမ်းတွေဆီက အတည်ပြုချက် ရထားပြီးသားလေ"

"အဲဒီလို ဆိုပေမယ့်လဲ ရုပ်ရှင်သွားကြည့်တဲ့ ကိစ္စကို ပစ်ထားလို့ မရ ဘူး။ အမှုအခင်း ဖြစ်ပြီးမှ သီချင်းသွားဆိုတာလဲ ဖြစ်နိုင်တာပဲ"

ကုစာနာဂိက ပြန်ဖြေသည်။

"ဟာနာအိုကာ သားအမိ ရုပ်ရှင် သွားကြည့်တာက ည ၇ နာရီ၊ ၈ နာရီ လောက်လေ။ နေရာက ဘယ်လောက်ပဲ ခေါင်ပါတယ် ပြောပြော၊ အဲဒီလိုအချိန် မျိုးမှာ လူတစ်ယောက်ကို သတ်ဖို့ဆိုတာ အတော်လေး သဘာဝ မကျတာပဲ။ ပြီးတော့ အခုဟာက သတ်ရုံ သတ်တာ မဟုတ်ဘူး။ သေသူရဲ့ အဝတ်အစားတွေ ကိုပါ ချွတ်ထားသေးတာ"

"မင်းပြောတာငါသဘောပေါက်တယ်။ဒါပေမဲ့ဖြစ်နိုင်ခြေအကုန်လုံးကို တစ်ချက်ချင်း ရှင်းမထုတ်ပစ်နိုင်မချင်း သူတို့ကို အပြစ်မဲ့ပါတယ်လို့ သတ်မှတ်ဖို့ မဖြစ်နိုင်သေးဘူး"

"မင်းတို့နှစ်ယောက်ရဲ့ ပြောစကားအရဆိုရင် အခင်းဖြစ်တဲ့ အချိန်ကို သတ်မှတ်လို့ ရထားပြီ ထင်တယ်"

ယုကာဝါက ဝင်မေးလိုက်သည်။

"ရင်ခွဲစစ်ဆေးချက်အရ သေဆုံးချိန်ကို ၁၀ ရက်နေ့ ညနေ ၆ နာရီနောက် ပိုင်းလို့ ဆုံးဖြတ်ထားတယ်"

m g y o e . c o m

mgyoe.com SAMPLE BOOK

"အရပ်သားတစ်ယောက်ကို အမှုနဲ့ဆိုင်တဲ့ အသေးစိတ် အချက်အလက်တွေ လျှောက်ပြောနေဖို့ မသင့်ဘူး"

ကုစာနာဂိက ကိရိုတာနိကို သတိပေးလိုက်သည်။

"ဒါပေမဲ့...ဆရာယုကာဝါက ကျွန်တော်တို့အတွက် ဟိုးအရင်ကတည်းက အမှုတွေကို လိုက်ပေးခဲ့ဖူးတာပဲလေ"

"အဲဒါတွေက ထူးခြားဆန်းပြားတဲ့ အမှုတွေမို့လို့ကွ။ ဒီအမှုအတွက်တော့ အပြင်လူတွေ ပါဖို့ မလိုဘူး"

"မင်း ပြောသလိုပဲ ငါက အပြင်လူပါကွာ၊ ဒါပေမဲ့ အခု မင်းတို့ အမှုကိစ္စ ပြောနေကြတာ ငါ့နေရာမှာ ဆိုတာကိုတော့ မမေ့လိုက်နဲ့ဦး"

ယုကာဝါသည် ကော်ဖီမစ်တစ်ငုံ စုပ်သောက်လိုက်သည်။

"ကောင်းပြီလေ... ဒါဆိုလဲ မင်းနေရာက လစ်ရုံပေါ့"

ကုစာနာဂိသည် ထိုင်နေရာမှ ထရပ်လိုက်သည်။

"နေပါဦးဟ"

ယုကာဝါက ပြောသည်။

"ကာယကံရှင်တွေကကော ဘယ်လို ပြောလဲ၊ သူတို့က ရုပ်ရှင်ရုံ သွားခဲ့ပါတယ်လို့ သက်သေ မပြနိုင်ကြဘူးလား"

"သူတို့က ရုပ်ရှင်ကားအကြောင်းတော့ ပြန်ပြောပြနိုင်တာပဲ။ ဒါပေမဲ့ ဘယ်တုန်းကတည်းက ကြည့်ထားမှန်း ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ"

"ရုပ်ရှင်လက်မှတ်ကော...."

ကုစာနာဂိက ယုကာဝါကို လှမ်းကြည့်သည်။ မျက်လုံးများ အကြည့်ချင်း ဆုံမိကြသည်။

"ရှိသေးတယ်"

"ဩော် ... လက်မှတ်ကို ဘယ်နေရာကနေ ထုတ်ပေးတာလဲ"

ယုကာဝါ၏မျက်မှန်သည်ပြတင်းပေါက်မှဖြာကျလာသောအလင်းတန်းကြောင့် ဝင်းခနဲ တောက်ပသွားသည်။

ကုစာနာဂိ၏ နှုတ်ခမ်းထောင့်စွန်းမှာ အနည်းငယ် တွန့်သွားသည်။

"မင်း ဘာပြောချင်တယ် ဆိုတာ ငါသိတယ်၊ ပုံမှန်ဆိုရင် အဲဒီလို လက်မှတ်ပေါင်းတွေကို သိမ်းဆည်းထားလေ့ မရှိကြဘူး။ အဲဒီလို မဟုတ်လား။ တကယ်

mgyoe.com

m g yoe . c o m  SAMPLE BOOK 

လို့သာ ဟာနာအိုကာ ယာစုကိုက လက်မှတ်ကို အံဆွဲထဲကနေ ထုတ်ပြခဲ့ရင် ငါ သံသယ မဝင်ဘဲ ဘယ်နေပါ့မလဲ"

"ဒီလိုဆိုတော့ သူက အံဆွဲထဲကနေ ထုတ်ပြတာ မဟုတ်ဘူးပေါ့"

"စစချင်းတော့ ရုပ်ရှင်လက်မှတ်ကို လွှင့်ပစ်လိုက်ပြီ ထင်တယ်လို့ ပြောတယ်။ နောက်တော့ သူက ရုပ်ရှင်ရုံက ရလာတဲ့ ရုပ်ရှင်လက်ကမ်းကြော်ငြာ ကို ယူကြည့်လိုက်မှ အဲဒီကြားထဲကနေ လက်မှတ်တွေ ထွက်ကျလာတယ်"

"လက်ကမ်းကြော်ငြာတွေ ကြားက တွေ့တာလား၊ သဘာဝ မကျစရာ တော့ မရှိပါဘူး"

ယုကာဝါသည် လက်ကို တင်းတင်း ပိုက်ထားသည်။

"လက်မှတ်ပေါ်မှာ ပါတဲ့ နေ့စွဲက အခင်းဖြစ်တဲ့ နေ့ပဲလား"

"ဒါပေါ့။ ဒါပေမဲ့ ဒီလောက်နဲ့ မလုံလောက်သေးဘူးလေ။ သူတို့ ရုပ်ရှင် ဝင်ကြည့်ခဲ့ပါတယ်လို့ သက်သေပြနိုင်တာမှ မဟုတ်ဘဲ။ အမှိုက်ပုံးထဲက ကောက် လာတာလဲ ဖြစ်ချင် ဖြစ်နေမှာ၊ လက်မှတ်ဝယ်ပြီး ရုပ်ရှင်ရုံထဲ မဝင်တာလဲ ဖြစ်နိုင် တာပဲ"

"ဘာပဲဖြစ်ဖြစ်လေ...အဲဒါကို ကြည့်ခြင်းအားဖြင့် သံသယတရားခံဟာ ရုပ်ရှင်ရုံ၊ ဒါမှမဟုတ် အဲဒီအနီးအနားကို ရောက်ခဲ့တယ်လို့တော့ အခိုင်အမာ ယူဆ လို့ ရတာပေါ့"

"ငါတို့ဒီနေ့မနက်အစောကြီးအဲဒီအနားသွားပြီးစုံစမ်းခဲ့ကြသေးတယ်။ မျက်မြင်သက်သေများ ရှိနိုင်မလားလို့ သွားရှာတာ။ ကံမကောင်းချင်တော့ အဲဒီ နေ့က တာဝန်ကျတဲ့ လက်မှတ် အရောင်းစာရေးမလေးက ခွင့်ယူထားတယ် တဲ့။ ငါတို့ သူ့အိမ်အထိတောင် လိုက်သွားသေးတယ်။ အဲဒီကနေ အပြန်မှာ လမ်းကြုံ လို့ မင်းဆီ ဝင်လာတာ"

"မင်းရဲ့ အခွက်ကို ကြည့်ရတာ ဘာအထောက်အထားမှ ရလာပုံ မရဘူး၊ ဟုတ်စ"

ယုကာဝါက ပြုံးစစဖြင့် ပြောသည်။

"ရက်တွေလဲ ကြာခဲ့ပြီဆိုတော့ သူက လက်မှတ်ဝယ်တဲ့ လူတစ်ယောက် စီတိုင်းရဲ့ မျက်နှာကို ဘယ်လိုလုပ်ပြီး မှတ်မိနိုင်ပါ့မလဲ။ စသွားကတည်းက မျှော် လင့်ချက်တော့ သိပ်မထားပါဘူး။ ငါတို့ လက်ထောက်ပါမောက္ခကြီးရဲ့ အချိန်ကို ဖြုန်းတီးပစ်သလို ဖြစ်နေပြီ။ သွားတော့မှပဲ"

mgyoe.com

ကုစာနာဂိသည် ထိုသို့ ပြောရင်း ကော်ဖီသောက်နေသော ကိရှိတာနီ၏ ပခုံးကို ပုတ်လိုက်သည်။

"ကြိုးစားထားဗျ... ရဲဘော်တို့၊ တကယ်လို့သာ မင်းတို့ သံသယဖြစ်တဲ့ လူက လူသတ်တရားခံသာ ဆိုရင်တော့ မင်းတို့ အုံးစားဖို့သာ ပြင်ထားပေတော့"

ယုကာဝါ၏ စကားကြောင့် ကုစာနာဂိ နောက်သို့ ပြန်လှည့်လာသည်။

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

"သာမန်လူတစ်ယောက် ဆိုရင် အလီဘိုင်သက်သေအဖြစ် သုံးနိုင်မှန်း သိတဲ့ ရုပ်ရှင်လက်မှတ်ကိုတောင် ဒီလောက် အလေးထားပြီး သိမ်းနေမှာ မဟုတ်ဘူး။ ရဲတွေ လာမေးနိုင်တယ်လို့ အပိုင်တွက်ထားပြီး ရုပ်ရှင်လက်မှတ်ကို ကြော်ငြာစာရွက်ကြားမှာ တကူးတက ညှပ်ထားတာပါ ဆိုရင်တော့ အဲဒီလူက ပေါ့သေးသေး လူတစ်ယောက် မဖြစ်နိုင်ဘူး"

ထိုစကားများကို ပြောကြားနေစဉ် ယုကာဝါ၏ မျက်လုံးများထဲတွင် ပျော်ပြောင်လိုသော အရိပ်အယောင်များကို မတွေ့ရတော့ချေ။

ကုစာနာဂိက သူ့သူငယ်ချင်း၏ စကားကို အတန်ငယ် သုံးသပ်ဆင်ခြင်ပြီးနောက် ခေါင်းညိတ်ပြလိုက်သည်။

"အင်း ... ငါ သတိထားပါ့မယ်"

နှုတ်ဆက်စကား ဆိုပြီးနောက် ထွက်ခွာရန် နောက်တစ်ကြိမ် ဟန်ပြင်လိုက်ပြန်သည်။ သို့သော် တံခါးလက်ကိုင် ဖုသီးပေါ်သို့ လက်ရောက်သွားစဉ် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် နောက်ပြန် လှည့်ကြည့်လိုက်ပြန်သည်။

"မင်း သိလား၊ အဲဒီအမျိုးသမီးရဲ့ အိမ်ဘေးမှာ မင်းရဲ့ နောင်တော်ကြီး တစ်ယောက် နေနေတယ်"

"နောင်တော်ကြီး ..."

ယုကာဝါက မျက်ခုံးကို ပင့်လျက် ရေရွတ်လိုက်သည်။

"အထက်တန်းကျောင်းက သင်္ချာဆရာတဲ့၊ သူ့နာမည်က အိရှိဂါမိ။ အမ်ပိုင်ယယ်တက္ကသိုလ်က ဘွဲ့ရထားတာပဲ။ မင်းနဲ့ ဌာနချင်း တူမယ် ထင်တယ်"

"အိရှိဂါမိ ......"

ယုကာဝါသည် တစ်ယောက်တည်း ရေရွတ်နေရာမှ မျက်မှန်နောက်ရှိ မျက်လုံးများ ပြူးကျယ်လာသည်။

mgyoe.com

SAMPLE BOOK

"ဘိုးတော် အိရှိဂါမိလား"

"ဘိုးတော် ..."

"မင်း ခဏနေဦး"

ပြောပြီး ယုကာဝါသည် အခန်းထဲသို့ ဝင်သွားသည်။ ကုစာနာဂိနှင့် ကိရှိတာနိတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကျန်ရစ်ကြလေသည်။

ခဏအကြာတွင် ယုကာဝါ ပြန်ရောက်လာပြီး လက်ထဲ၌ အနက်ရောင် သားရေဖုံးနှင့် ဖိုင်တွဲတစ်တွဲ ပါလာသည်။ ကုစာနာဂိ၏ အရှေ့တွင် ဖွင့်လိုက်သည်။

"ဒီတစ်ယောက်လား"

ထိုစာမျက်နှာပေါ်တွင် ဓာတ်ပုံများစွာကို တန်းစီ၍ ကပ်ထားသည်။ အားလုံးမှာ ကျောင်းသားအရွယ်မှ ဓာတ်ပုံများ ဖြစ်သည်။ စာမျက်နှာ အထက်တွင် '၃၈ ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားမှ မဟာသိပ္ပံဘွဲ့ရများ' ဟု ပုံနှိပ်ထားသည်။

ယုကာဝါသည် မျက်နှာဝိုင်းဝိုင်းနှင့် လူတစ်ယောက်၏ ဓာတ်ပုံကို လက်ညှိုးဖြင့် ထောက်ပြနေသည်။ ဓာတ်ပုံပေါ်ရှိ လူငယ်၏ မျက်နှာတွင် ဘာခံစားချက်မျှ မရှိ။ ချည်မျှင်တစ်မျှင်ကဲ့သို့ ကျဉ်းမြောင်းသော မျက်လုံးနှစ်လုံးက ရှေ့တည့်တည့်သို့သာ စိုက်ကြည့်နေသည်။ နာမည်မှာ 'အိရှိဂါမိ တေကျူယာ' ဖြစ်သည်။

"ဟုတ်တယ်၊ သူပဲ"

ကိရှိတာနိက ပြောသည်။

"ဓာတ်ပုံထဲမှာ အတော် ငယ်သေးပေမယ့် သူမှ သူပဲ၊ လုံးဝ မလွဲဘူး"

ကုစာနာဂိသည် ဓာတ်ပုံထဲမှ လူတစ်ဦး၏ ဦးခေါင်းထိပ်ပိုင်းကို လက်ချောင်းတစ်ချောင်းဖြင့် ဖုံးဖိထားရင်း ခေါင်းညိတ်နေသည်။

"ဟုတ်တယ်၊ အခု သူ့ခေါင်းက အတော် ပြောင်နေတော့ ရုပ်ကို မနည်း ဖမ်းယူရတယ်၊ မင်း သူ့ကို သိတယ် မဟုတ်လား"

"သိတယ်၊ အိရှိဂါမိက စီနီယာ မဟုတ်ပါဘူးကွ။ ငါတို့နဲ့ တစ်နှစ်တည်းပဲ။ သိပ္ပံဌာနမှာက တတိယနှစ်ကနေ စပြီး အထူးပြုဘာသာတွေ ကွဲသွားကြတာကိုး။ ငါက ရူပဗေဒ ယူပြီး သူက သင်္ချာကို ရွေးခဲ့တာ"

mgyoe.com

mgyoe.com

ယုကာဝါသည် ပြော၍ ဖိုင်တွဲကို ပြန်ပိတ်လိုက်သည်။

"ဒါဆို အဲဒီဘဲက ငါတို့နဲ့ တစ်ရွယ်တည်းပေါ့"

"သူက ရုပ်ရင့်နေလို့ပါ"

ယုကာဝါက ပြုံးနေသည်။ ထို့နောက် သူ့မျက်နှာတွင် အံ့ဩသည့် အရိပ်အယောင်များ ယှက်သန်းလာသည်။

"ကျောင်းဆရာ ... မင်း စောစောက သူ့ကို ကျောင်းဆရာ လုပ်နေတယ်လို့ ပြောလိုက်သလားလို့"

"ဟုတ်တယ်၊ အထက်တန်းကျောင်းမှာ သင်္ချာဆရာ လုပ်နေတယ်လို့ သူ ပြောတာပဲ။ ပြီးတော့ အဲဒီကျောင်းမှာ ဂျူဒိုနည်းပြလဲ လုပ်တယ်"

"သူ ငယ်ငယ်ကတည်းက ဂျူဒို သင်ခဲ့ဖူးတယ်လို့ သူ ပြောဖူးတယ်။ သူ့အဘိုးက ဂျူဒိုသင်တန်း ဖွင့်တယ် ဆိုလားပဲ။ အဲဒါတွေ ခဏ ထားလိုက်ပါဦး။ အိရှိဂါမိက ကျောင်းဆရာ လုပ်နေရတယ်လို့..... မင်း နားကြားလွဲတာ မဟုတ်ပါဘူးနော်"

"လွဲစရာလား"

"မထင်ရက်စရာပဲ၊ သူ့ဆီက ဘာသတင်းမှ မကြားတာ ကြာလှပြီ။ ပုဂ္ဂလိက တက္ကသိုလ်တစ်ခုခုမှာ သုတေသန လုပ်နေတာများလားလို့ ငါ ထင်နေမိတာ။ လက်စသတ်တော့ သူက ကျောင်းဆရာ လုပ်နေတာကိုး။ သူက ဘာဖြစ်လို့ ......"

ယုကာဝါ၏ မျက်လုံးများက အတိတ်တွင် ကျက်စားနေကြသယောင်။

"သူ အရင်က အရမ်းကို တော်ခဲ့တာလား"

ကိရှိတာနိက မေးသည်။

ယုကာဝါက သက်ပြင်းချလိုက်သည်။

"ငါ့အနေနဲ့ 'ဉာဏ်ကြီးရှင်' ဆိုတဲ့ ဝေါဟာရကို သုံးလေ့သုံးထ မရှိဘူး။ ဒါပေမဲ့ အဲဒီစကားလုံးက သူနဲ့ အလိုက်ဖက်ဆုံးပဲ။ ငါတို့ ပါမောက္ခတစ်ယောက်ကတောင် သူ့ကို ချီးကျူးခဲ့ဖူးတယ်။ သူ့ကို နှစ် ၅၀ ဒါမှမဟုတ် နှစ် ၁၀၀ အတွင်းမှာ မြင်ရခဲတဲ့ ပါရမီရှင်တစ်ယောက် တဲ့။ အထူးပြုတဲ့ ဘာသာရပ်တွေ မတူကြပေမယ့် သူ့ရဲ့ ကောင်းသတင်းကတော့ ငါတို့ရဲ့ ရူပဗေဒဌာနအထိကို မွှေးနေတော့တာပဲ။ သူက ကွန်ပျူတာတွေကို အားကိုးတဲ့ လူစားမျိုး မဟုတ်ဘူး။ စမ်းသပ်ခန်း

mgyoe.com

ထဲမှာ စာရွက်နဲ့ ဘောလ်ပင် ကိုင်ပြီး တကုပ်ကုပ်နဲ့ သင်္ချာပုစ္ဆာတွေကို ညလုံးပေါက် တွက်နေတတ်တာ။ သူ့ကို တွေ့လိုက်ရပြီ ဆိုရင် စားပွဲတစ်လုံးမှာ တကုပ်ကုပ်နဲ့ သင်္ချာတွက်နေတဲ့ သူ့ရဲ့ ကျောပြင်ကိုပဲ အမြဲတမ်း မြင်ကြရတာ။ ဒါနဲ့ပဲ အားလုံး က သူ့ကို 'ဘိုးတော်' လို့ နာမည်ပြောင် ပေးထားကြတယ်။ သူ့ကို လေးစားသမှုနဲ့ ပေးထားတဲ့ နာမည်ပေါ့"

ကုစာနာဂိက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ယုကာဝါ သည် တခြားသူတစ်ယောက်အား သူ့ထက် တော်သည်ဟု ချီးမွမ်းခန်း ဖွင့်နေသည် ကို နားထောင်နေရသည်မှာ စိတ်ထဲ တစ်မျိုး ဖြစ်နေမိသည်။ သူသည် သူ၏ မျက်စိ အရှေ့တွင် မြင်နေရသော သူ့သူငယ်ချင်းကိုသူမတူသော ဉာဏ်ကြီးရှင်တစ်ယောက် အဖြစ် အမြဲတမ်း ထင်မှတ်နေခဲ့သည်။

"သူက အဲဒီလောက် တော်နေမှဖြင့် ဘာဖြစ်လို့ တက္ကသိုလ်မှာ ပါမောက္ခ မလုပ်ရတာလဲ"

ကိရှိတာနိက မေးလာသည်။

"တက္ကသိုလ်လို နေရာမျိုးမှာက...... လူပေါင်းစုံ ရှိတယ်"

ယုကာဝါသည် စကားကို ထိုသို့ မတင်မကျ ပြောခဲ့လှသည်။ သူသည် လည်း တက္ကသိုလ်တွင် လူမှုဆက်ဆံရေး ကိစ္စနှင့် ပတ်သက်ပြီး ဖိအားများစွာ ကြုံတွေ့နေရပေလိမ့်မည်ဟု ကုစာနာဂိက တွေးနေမိသည်။

"သူ အဆင်ပြေရဲ့လား"

ယုကာဝါက ကုစာနာဂိကို စိုက်ကြည့်နေသည်။

"ငါ မပြောတတ်ဘူး၊ ကြည့်ရတာ အဆင်မပြေတဲ့ ပုံလဲ မပေါက်ပါဘူး။ သူနဲ့ စကားပြောရတာ စက်ရုပ်နဲ့ စကားပြောနေရသလိုပဲ။ လူမှုရေး နားမလည် ဘူးလို့ပဲ ပြောရမလား မသိဘူး"

"မျက်နှာသေကြီးနဲ့ မဟုတ်လား"

ယုကာဝါက ပြုံးနေသည်။

"ဟုတ်ပ၊ သာမန်လူဆိုရင် ရဲတွေနဲ့ တွေ့တဲ့အခါမှာ အံ့သြချင်လဲ အံ့သြ နေမယ်၊ ဒါမှမဟုတ် ကြောက်ချင်လဲ ကြောက်နေမယ်။ သူတို့မျက်နှာက တစ်ခုခု တော့ ဖြစ်နေတတ်တာပဲ။ သူ့ကျတော့ မျက်နှာသေကြီးနဲ့၊ ခပ်တည်တည်ကြီး။ လောကီကိစ္စ မှန်သမျှကို ဘာမှ စိတ်မဝင်စားတော့တဲ့ ပုံစံမျိုး"

mgyoe.com

"သင်္ချာက လွဲလို့ သူက ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး။ အဲဒီလို ဆိုပေမယ့်လဲ သူ့မှာ ဆွဲဆောင်မှုတစ်မျိုးတော့ ရှိနေတာပဲ။ သူ့ရဲ့ အိမ်လိပ်စာကို ပြောပြလို့ ရမလား။ နောက်နေ့ အားတဲ့အချိန် သူနဲ့ သွားတွေ့ရအောင်"

"မင်းက သူများအိမ် သွားလည်တတ်တယ်ပေါ့၊ ထူးဆန်းပါပေ့ကွာ"

ကုစာနာဂိသည် မှတ်စုစာအုပ်ကို ဆွဲထုတ်ပြီး ဟာနာအိုကာ ယာစုကို၏ အိမ်လိပ်စာကို ယုကာဝါအား ပေးလိုက်သည်။ ယုကာဝါက လိပ်စာကို ကူးယူနေသည်။ အဆက်အသွယ် ပြတ်သွားသော မိတ်ဟောင်း ဆွေဟောင်းနှင့် ပြန်တွေ့ရတော့မည် ဖြစ်သောကြောင့် သူ့စိတ်ထဲတွင် ရွှင်မြူးနေပြီး အမှုနှင့် ပတ်သက်၍ ဘာမျှ ထပ်မမေးတော့ပေ။

*****

ည ၆ နာရီ ၂၈ မိနစ်တွင် ဟာနာအိုကာ ယာစုကိုသည် စက်ဘီးနင်း၍ အိမ်သို့ ပြန်ရောက်လာသည်။ အိရှိဂါမိသည် သူ့အခန်း၏ ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ငေးကြည့်နေသည်။ သူ၏ မျက်နှာချင်းဆိုင်ရှိ စားပွဲပေါ်တွင် သင်္ချာပုံသေနည်းများစွာ ရေးခြစ်ထားသော စက္ကူများက တောင်လို ပုံနေကြသည်။ ကျောင်းမှ ပြန်ရောက်သော အခါတိုင်းတွင် သူသည် ဤပုံသေနည်းများနှင့် နပန်းလုံးနေတတ်သည်။ ယနေ့ ဂျူဒိုသင်တန်း မရှိသောကြောင့် ကျောင်းမှ စောစော ပြန်ရောက်လာခဲ့၍ အချိန်ပိုရသော်ငြားလည်း သူ၏ သင်္ချာပုစ္ဆာမှာ များစွာ တိုးတက်မှု မရှိသေးပေ။ ယနေ့ တစ်ရက်တည်းသာ ထိုသို့ ဖြစ်နေသည် မဟုတ်။ ယခုရက်ပိုင်းအတွင်း ထိုအဖြစ်မျိုးနှင့်သာ ကြုံနေရသည်။ သူသည် အိမ်တွင်း၌ ထိုင်နေရင်း ဘေးအိမ်၏ လှုပ်ရှားမှုများကို တိတ်တဆိတ် နားစွင့်နေတတ်သော အကျင့်တစ်ခု ရနေခဲ့ပြီ။ ရဲများ ထိုအိမ်သို့ လာရောက်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်နေခြင်းဖြစ်သည်။

ယမန်နေ့ညကလည်း ယခင်လာနေကျ မှူခင်းရဲနှစ်ယောက်ပင် ဟာနာအိုကာတို့ အိမ်သို့ ရောက်လာခဲ့ကြသေးသည်။ ရဲသက်သေခံ ကတ်ပြားပေါ်တွင် ရိုက်နှိပ်ထားသော 'ကုစာနာဂိ' ဟူသော နာမည်ကို သူ မှတ်မိနေသည်။

သူ မျှော်လင့်ထားသည့် အတိုင်းပင်။ သူတို့သည် ရုပ်ရှင်ရုံသို့ အမှန်တကယ် သွားရောက်ခြင်း ရှိ၊ မရှိ သေချာနိုင်ရန် လာရောက်စုံစမ်းခြင်း ဖြစ်ကြောင်း

mgyoe.com

m g y o e . c o m


ယာစုကိုက ပြောပြခဲ့သည်။ ရုပ်ရှင်ရုံထဲတွင် ထူးခြားသော အဖြစ်အပျက်များ ကြုံတွေ့ခဲ့သလော။ ရုပ်ရှင်ရုံထဲတွင် လည်းကောင်း၊ ရုပ်ရှင်ရုံ မရောက်ခင်၌ လည်းကောင်း၊ ရုပ်ရှင်ရုံမှ ထွက်လာသော အခါတွင် လည်းကောင်း မည်သူနှင့် ဆုံတွေ့ခဲ့သနည်း။ ရုပ်ရှင်လက်မှတ် သိမ်းထားခြင်း ရှိ၊ မရှိ။ အကယ်၍ ရုပ်ရှင်ရုံ ထဲတွင် ပစ္စည်းတစ်ခုခု ဝယ်ယူခဲ့လျှင် ငွေလက်ခံဖြတ်ပိုင်းကို သိမ်းထားခြင်း ရှိ၊ မရှိ၊ ရုပ်ရှင်သရုပ်ဆောင်များက မည်သူနည်း၊ သူတို့ ဘာတွေ ပြောကြသနည်း.... စသည်ဖြင့် ယာစုကိုကို မေးခွန်းပေါင်းများစွာ မေးခဲ့ကြသည်။

ကာရာအိုကေနှင့် ပတ်သက်၍မူ သူတို့ ဘာမျှ မမေးကြချေ။ ထိုအပိုင်း ကို သူတို့ စစ်ဆေးပြီးပြီမှာ သေချာသည်။ ထိုနေရာသို့ သူတို့ အလွယ်တကူ သွား ရောက် စုံစမ်းနိုင်သောကြောင့်သာလျှင် အိရှိဂါမိက တမင် ရွေးချယ်ခဲ့ခြင်း ဖြစ် သည်။

အိရှိဂါမိ၏ ညွှန်ကြားချက်အတိုင်း ယာစုကိုသည် ရုပ်ရှင်လက်မှတ်နှင့် ရုပ်ရှင်လက်ကမ်းကြော်ငြာကို တွဲ၍ ရဲများကို ပြသခဲ့သည်။ ရုပ်ရှင်ဇာတ်လမ်းကို အကြမ်းဖျင်း ပြောပြသည်မှ လွဲ၍ ကျန်မေးခွန်းများကို ‘မမှတ်မိတော့ပါ’ ဟူ သော အကြောင်းပြချက်ဖြင့် ဘူးခံငြင်းရန် မှာကြားထားခဲ့သည်။ ယာစုကိုက လည်း အိရှိဂါမိ ညွှန်ကြားထားသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ခဲ့ သည်။

ထို့နောက် ရဲများသည် ကျေနပ်စွာ ပြန်သွားကြသည်ဟု ယာစုကိုက ပြော သည်။ သို့သော် သူတို့သည် ဤမျှ လွယ်လွယ်ကူကူဖြင့် လက်လျှော့သွားကြ လိမ့်မည် မဟုတ်ကြောင်း အိရှိဂါမိက ယုံကြည်ထားသည်။ ရုပ်ရှင်ရုံသွားကြောင်း အထောက်အထားကို လာရောက် စစ်ဆေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ရဲဘက် တွင် ဟာနာအိုကာ ယာစုကိုအား သံသယ ဝင်နိုင်လောက်သော သဲလွန်စ တစ်စုံ တစ်ခု တွေ့ရှိထားပြီ ဖြစ်ကြောင်း တွက်ဆနိုင်သည်။

အိရှိဂါမိသည် မတ်တတ်ရပ်ပြီး အပေါ်ဝတ် ကုတ်အင်္ကျီကို လှမ်းယူ လိုက်သည်။ ထို့နောက် ဖုန်းကတ်၊ ပိုက်ဆံအိတ်နှင့် အိမ်သော့တို့ကို ထည့်၍ အိမ်ပြင်သို့ ထွက်လာခဲ့သည်။

လှေကားမှ အောက်သို့ ဆင်းရန် ဟန်ပြင်နေစဉ် အောက်ဘက်မှ ခြေသံ များ ပျံ့လွင့်လာသည်။ သူသည် ခြေလှမ်းများကို တုံ့နှေးလိုက်ပြီး ခေါင်းကို ငုံ့ထား သည်။

m g y o e . c o m

mgyoe.com

SAMPLE BOOK


အပေါ်သို့ တက်လာသူမှာ ယာစုကို ဖြစ်သည်။ သူမအထက်တွင် ရပ်နေသူမှာ အိရှိုဂါမိဖြစ်ကြောင်း သူမ တော်တော်နှင့် မသိသေးပေ။ အနီးအနားရောက်၍ ကပ်ရှောင်ခါနီးမှ သူမ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။ သူမ တစ်စုံတစ်ခု ပြောချင်နေကြောင်းကို အစဉ်အမြဲ ခေါင်းငုံ့ထားသော အိရှိုဂါမိက ရိပ်စားမိသည်။

သူမထံမှ ဘာအသံမျှ ထွက်မလာခင် အိရှိုဂါမိက ဦးအောင် နှုတ်ဆက်လိုက်သည်။

"မင်္ဂလာညချမ်းပါ"

တခြားသူများနှင့် စကားပြောစဉ်ကကဲ့သို့ သူ့အသံကို တတ်နိုင်သမျှ ခပ်တိုးတိုး ခပ်မှန်မှန် ထားပြီး နှုတ်ဆက်လိုက်သည်။ ယာစုကိုကို မော့၍လည်း မကြည့်။ လှမ်းနေသော ခြေလှမ်းများကိုလည်း ရပ်တန့်ခြင်း မပြုဘဲ သူမကို ကျော်ကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

ရဲများသည် တစ်နေရာရာမှ နေ၍ သူမကို စောင့်ကြည့်နေနိုင်သည်။ အကယ်၍ လမ်းတွင် မတော်တဆ ဆုံမိကြလျှင်လည်း အိမ်နီးချင်း ဆက်ဆံရေးထက် မပိုမိစေရန် ကြိုးစားပြုမူပါ။ ဤသည်မှာလည်း အိရှိုဂါမိ၏ ညွှန်ကြားချက်တစ်ရပ် ဖြစ်သည်။ ယာစုကိုသည် သူ၏မှာကြားချက်ကို သတိရသွားသည့်အလားအသံ ခပ်တိုးတိုးဖြင့် ပြန်လှန် နှုတ်ဆက်ကာ အပေါ်ထပ်သို့ တက်သွားသည်။

ပြောနေကျ ဖုန်းရုံသို့ ရောက်သည်နှင့် အိရှိုဂါမိသည် ဖုန်းလက်ကိုင်ကို ကောက်ကိုင်ပြီး ဖုန်းကတ်ကို ထိုးထည့်လိုက်သည်။ မီတာ ၃၀ အကွာလောက်တွင် ကုန်စုံဆိုင်တစ်ဆိုင်ရှိသည်။ ဆိုင်ရှင်ဟု ယူဆရသော အမျိုးသားတစ်ဦးသည် ဆိုင်သိမ်းရန် လုံးပန်းနေသည်။ ထိုသူမှ လွဲ၍ အနီးပတ်ဝန်းကျင်တွင် ဘာ လူရိပ်လူခြည်မျှ မတွေ့ရပေ။

"ဟယ်လို၊ ကျွန်မပါ"

ဖုန်းဝင်သွားသည်နှင့် တစ်ပြိုင်နက် ယာစုကို၏အသံ ထွက်ပေါ်လာသည်။ ဖုန်းခေါ်သူမှာ အိရှိုဂါမိ ဖြစ်မှန်း သူမ ကြိုတင် သိရှိထားပြီး ဖြစ်ကြောင်း သူမ၏ လေသံက ဖော်ပြနေသည်။ ထိုအချက်ကြောင့် အိရှိုဂါမိက ကျိတ်၍ ပျော်နေမိသည်။

"ကျွန်တော် အိရှိုဂါမိပါ၊ ဘာများ ထူးခြားသေးလဲ"

"ရဲတွေ လာသွားသေးတယ်.... ဆိုင်ကို"

mgyoe.com

mgyoe.com


"ဘန်တန်တိုင်ကို"

"ဟုတ်... ဟိုနှစ်ယောက်ပဲ"

"ဒီတစ်ခါကော ဘာတွေ လာမေးတာလဲ"

"ဆိုင်ကို တိုဂါရို လာခဲ့ဖူးသလားလို့ မေးတာ"

"ခင်ဗျား ဘယ်လို ဖြေလိုက်လဲ"

"မလာဖူးဘူးလို့ ဖြေလိုက်တယ်။ သူ လာတဲ့ အချိန်တုန်းက ကျွန်မ ဆိုင်မှာ မရှိတာ နေမှာပေါ့လို့ ရဲတွေက ပြောနေသေးတယ်။ ပြီးတော့ မီးဖိုချောင်ဘက် ဝင်သွားတယ်။ သူတို့ ပြန်သွားတော့မှ ကျွန်မ သူဌေးက ကျွန်မကို ပြောတယ်။ ရဲတွေက သူတို့ကို တိုဂါရိုရဲ့ ဓာတ်ပုံပြပြီး ဒီလူ ဆိုင်ကို လာဖူးသလားလို့ မေးသတဲ့၊ သူတို့ ကျွန်မကို သံသယ ဝင်နေကြပြီ"

"ခင်ဗျားကို သံသယဝင်တာက ကျွန်တော်ရဲ့ တွက်ကိန်းအတိုင်းပဲ၊ ကြောက်စရာ မလိုပါဘူး။ တခြားကော သူတို့ ဘာမေးသေးသလဲ"

"သူတို့က ကျွန်မ အရင် အလုပ်လုပ်ခဲ့ဖူးတဲ့ ဆိုင်အကြောင်းကိုလဲ မေးနေသေးတယ်၊ ကင်ရှိချိုက အရက်ဘားလေ။ အဲဒီဆိုင်ကို အခုချိန်ထိ ကျွန်မ သွား၊ မသွားနဲ့ အဲဒီကလူတွေနဲ့ အဆက်အသွယ် ရှိ၊ မရှိ မေးသေးတယ်။ ကျွန်မ မစ္စတာ အိရှိဂါမိ မှာထားသလိုပဲ ဘူးခံငြင်းခဲ့တယ်။ ကျွန်မလဲ သူတို့ကို ပြန်မေးလိုက်တယ်။ ဘာဖြစ်လို့ ကျွန်မရဲ့ အလုပ်ဟောင်းအကြောင်းကို စုံစမ်းနေရတာလဲပေါ့။ သူတို့က ပြောတယ်၊ တိုဂါရို အသတ်မခံရခင်က အဲဒီကို ရောက်ခဲ့သေးတယ်တဲ့"

"ဪ"

အိရှိဂါမိသည် ဖုန်းလက်ကိုင်ကို နားတွင် ဖိထားပြီး ခေါင်းညိတ်နေသည်။

"တိုဂါရိုက အဲဒီကနေ ခင်ဗျားရဲ့ အကြောင်းကို စုံစမ်းလို့ရခဲ့တာ ဖြစ်မယ်"

"ဟုတ်မယ်၊ ဘန်တန်တိုင်မှာ အလုပ်လုပ်နေတာကို အဲဒီကနေ စုံစမ်းခဲ့တာ ဖြစ်မယ်။ တိုဂါရိုက ကျွန်မကို ရှာနေတာကြောင့် ဘန်တန်တိုင်ကို သူ မလာဘဲ မနေဘူး တဲ့။ ရဲတွေက အဲဒီလို ပြောတယ်။ ကျွန်မကလဲ ပြန်ပြောလိုက်တယ်။ ကျွန်မဆီ မလာတာက မလာတာပဲ၊ ကျွန်မလဲ ဘာမှ မတတ်နိုင်ဘူးလို့"

အိရှိဂါမိသည် ကုစာနာဂိ၏ပုံပန်းသဏ္ဍာန်ကို ပြန်ပြီး မြင်ယောင်ကြည့်မိသည်။ ထိုသူ၏ ရုပ်သွင်ဟန်ပန်မှာ သဘောကောင်းမည့်ပုံ ရသည်။ စကားပြောပုံမှာလည်း နူးညံ့သိမ်မွေ့သည်။ ခြိမ်းခြောက်၍ ဟိန်းဟောက်တတ်မည့် လူစားမျိုး

mgyoe.com


မဟုတ်။ သို့သော် သူသည် ရာဇဝတ်မှုခင်းဌာနတွင် အလုပ်မြဲနေသည်ကို ကြည့်ခြင်းအားဖြင့် ပျော့ညံ့သူ မဟုတ်ကြောင်း ထင်ရှားနေသည်။ ကိုယ်ပိုင်အစွမ်းအစရှိသူ ဖြစ်ရမည်။ လိုချင်သည့် အဖြေရအောင် အကြမ်းနည်းသုံးပြီး စစ်ဆေးလိမ့်မည် မဟုတ်ဘဲ အနုနည်းဖြင့် အမှန်တရားကို မရအရ ဆွဲထုတ်ယူမည့် လူစားမျိုးဖြစ်သည်။ အိရှိဂါမိ၏ စာများထဲမှ အမ်ပီရီယယ်တက္ကသိုလ်၏ စာကို ချက်ချင်းသတိထားမိခဲ့သော ကုစာနာဂိ၏ အမြင်သည် စူးရှသည်ဟု ဆိုရပေမည်။ ထိုသို့သော သူကို အိရှိဂါမိအနေဖြင့် နည်းနည်းမျှ ပေါ့ဆ၍ မဖြစ်။

"တခြားကော ဘာမေးသေးလဲ"

"ကျွန်မကို အဲဒီလောက်ပဲ မေးတယ်၊ ဒါပေမဲ့ မိစာတို ...."

အိရှိဂါမိသည် ဖုန်းလက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

"ရဲတွေက သူ့ကို သွားတွေ့ကြတယ်လား"

"ဟုတ်၊ ကျွန်မကို စောစောက မိစာတို ပြောတယ်။ သူ ကျောင်းထဲက ထွက်လာတာနဲ့ သူတို့က သူ့ဆီကို ချဉ်းကပ်လာတယ် တဲ့။ ဟိုရဲနှစ်ယောက်ပဲ ဖြစ်မယ် ထင်တယ်"

"မိစာတို ခင်ဗျားရဲ့ အနားမှာ ရှိလား"

"ရှိတယ်၊ သူ့ကို နားထောင်ခိုင်းလိုက်မယ်"

မိစာတိုသည် အနားတွင် ရှိနေပုံရသည်။ ချက်ချင်း ဆိုသကဲ့သို့ "ဟယ်လို" ဟူသော သူ့အသံ ထွက်ပေါ်လာသည်။

"ရဲတွေက သမီးကို ဘာတွေ မေးတာလဲ"

"ဟိုလူယုတ်မာရဲ့ ဓာတ်ပုံကို ပြပြီး သမီးတို့အိမ် လာသွားသလားလို့ မေးတာ"

"မလာဘူးလို့ ဖြေလိုက်တယ်မလား"

"ဟုတ်ကဲ့"

"တခြားကော ဘာမေးသေးလဲ"

"ရုပ်ရှင်... သမီးတို့ ရုပ်ရှင်ကြည့်တာ ၁၀ ရက်နေ့က ဆိုတာ သေချာရဲ့လားလို့ မေးတယ်၊ အမှတ်မှားနေသလား တဲ့။ ၁၀ ရက်နေ့ သေချာတယ်၊ လုံးဝ မမှားဘူးလို့ သမီး ပြန်ဖြေလိုက်တယ်"

mgyoe.com

mgyoe.com

SAMPLE BOOK

"အဲတော့ သူတို့က ဘာပြန်ပြောလဲ"

"ရုပ်ရှင်ကြည့်ခဲ့တဲ့ ကိစ္စကို တခြား ဘယ်သူ့ကို ပြောပြဖူးသလဲလို့ သမီးကို မေးသေးတယ်။ သူငယ်ချင်းတွေဆီ စာတိုပို့ပြီး ပြောဖူးလားတဲ့"

"သမီးက ဘယ်လို ပြန်ဖြေလဲ"

"သမီး ဘယ်သူ့ကိုမှ စာတို မပို့ဖူးဘူး။ ဒါပေမဲ့ သူငယ်ချင်းကိုတော့ အဲဒီအကြောင်း ပြောပြဖူးတယ်လို့။ နောက်တော့ သူတို့က သမီးရဲ့ သူငယ်ချင်း နာမည်ကို မေးတယ်"

"သမီး သူတို့ကို ပြောပြလိုက်လား"

"မီကာရဲ့ နာမည်ကိုပဲ ပြောလိုက်တယ်"

"၁၂ ရက်နေ့က သမီးနဲ့ ရုပ်ရှင်အကြောင်း စကားပြောဖြစ်တဲ့ သူငယ်ချင်း နာမည်က မီကာလား"

"ဟုတ်တယ်"

"ကောင်းတယ်၊ သမီးလုပ်တာ သိပ်မှန်တယ်။ ရဲတွေက တခြားကော မေးသေးလား"

"ဟင့်အင်း... ထွေထွေထူးထူး ဘာမှ မမေးတော့ဘူး။ သမီးကို ကျောင်းတက်ရတာ ပျော်ရဲ့လား၊ ကြက်တောင်ရိုက်ရတာ ပင်ပန်းလားလို့ပဲ မေးတယ်။ သမီး ကြက်တောင်ရိုက်အသင်း ဝင်ထားတာကို သူတို့ ဘယ်လိုလုပ်ပြီး သိသလဲ မပြောတတ်ဘူး။ အဲဒီတုန်းက သမီးလက်ထဲမှာလဲ ဘက်တံ မရှိပါဘူး"

အိမ်ထဲတွင် ထောင်ထားသော ကြက်တောင်ရိုက် ဘက်တံကို သူတို့ မြင်သွားသောကြောင့် ဖြစ်ရမည်ဟု အိရှိဂါမိက ယူဆသည်။ ထိုရဲသား၏ အမြင်စူးရှမှုကို အထင်သေး၍ မရ။

"အဆင်ပြေရဲ့လား မသိဘူး"

ဖုန်းထဲမှ ထွက်ပေါ်လာသော အသံရှင်မှာ ယာစုကို ဖြစ်နေသည်။

"ဘာပြဿနာမှ မရှိပါဘူး"

အိရှိဂါမိသည် ယာစုကိုကို စိတ်လက်သက်သာစေရန် သူမကို နှစ်သိမ့်လိုက်သည်။

"အခုချိန်ထိ ကျွန်တော် တွက်ဆထားတဲ့အတိုင်း အစီအစဉ်တကျ သွားနေတာပဲ။ ရဲတွေထပ်ပြီးလာရှာကြလိမ့်ဦးမယ်။ ကျွန်တော်မှာထားတဲ့အတိုင်းသာ ဆက်လုပ်သွားပေးပါ"

mgyoe.com